
www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# မိန်းကလေး

မေ့ချစ်သူ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမျိုးကျော်သူ (၅၀၁၈) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၄၄၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅ ၈၃
မိန်းကလေး
မေ့ချစ်သူ / မိန်းကလေး။ – ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၆၄ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) မေ့ချစ်သူ

# မိန်းကလေး

မေ့ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဟေ့ မေ၊ အောင်လား"

"ဂုဏ်ထူးနှစ်ခုတောင်ပါသေးတယ်၊ နင်ကော နေ"

"ငါလည်း အောင်တယ်၊ မေ့လိုပဲ ဂုဏ်ထူးနှစ်ခုနဲ့"

"ဟေး"

နှစ်ယောက်သား အောင်တာချင်းတူသလို ဂုဏ်ထူးနှစ်ခုပါတာချင်းလည်း တူနေပါသည်။ ထို့ကြောင့် အားရဝမ်းသာဖြစ်သွားသည့်ကာ သတိလွှတ်မတတ်ဖြစ်ကာ မျက်ဝန်းတို့ ကြည်မြူးရွှန်းတောက်သွား၏။

"လာခဲ့ နေ၊ မာမီ့ကို သွားပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ငါ့မိတ္တေးနဲ့ ငါ့ပထွေးကို သွားပြောရမယ်၊ လာ အတူတူသွားစို့"

နေရဲရင့်က ပြောရင်းဆိုရင်း မေသံသာ့လက်ဖျားလေးကို ဆွဲကိုင်ရင်း ပြေးထွက်သွား၏။

မေသံသာကလည်း စာမေးပွဲအောင်ကြောင်း ပြောချင်တဲ့ဇောနဲ့ နေရဲရင့်ဆွဲခေါ်တဲ့အတိုင်း ပါသွားလေသည်။

ထိုစဉ် –

"ကျွီ"

သူတို့နှစ်ယောက် အားရဝမ်းသာနှင့် စံအိမ်ဆီသို့ ပြေးသွားနေကြစဉ် ပရာဒိုကားသစ်ကြီးက ရှေ့တည့်တည့်က ဝိတ်ရပ်လေသည်။

"ဟင်"

ထိုအခါ –

နှစ်ယောက်သား ပြေးနေတဲ့အရှိန်လေးများ ရုတ်ချည်းတန့်သွား၏။ ထို့ပြင် ဟင်ခနဲဖြစ်ကာ မျက်လုံးလေးများ ပြူးရလေသည်။

"ကိုလေး"

ထိုကားရှေ့ခန်းမှ ဦးစွာဆင်းလာတဲ့ 'သလွန်'။ သလွန်က မေသံသာရဲ့အစ်ကိုလေး။

ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကားမောင်းသူနေရာမှဆင်းလာ



သူက –

"ခက်ရင်း"

ခက်ရင်းက မေသံသာ၏အစ်ကိုကြီး။

"ကိုကြီး"

သူတို့နှစ်ယောက် နှုတ်မှထွက်လာတဲ့အသံတွေက သိမ်ဝင်နေသည်။ ညီအစ်ကိုနှစ်ယောက် မာနရှိန်ပြင်းတဲ့မျက်နှာထားနှင့် 'မေ'တို့ရှေ့ရောက်လာလျှင် မေတို့နှစ်ယောက် ကြောက်စိတ်တွေနဲ့ တုန်သွား၏။

ကိုကြီးနဲ့ကိုလေးတို့နှစ်ယောက်လုံး၏ စူးစူးရဲရဲ မျက်လုံးတွေကြောင့် တွဲထားမိတဲ့ မေတို့လက်တွေ အလိုလို ဖြုတ်ချလျက်သား ဖြစ်လေသည်။

"မေသံသာ"

အသံမာချည်းနဲ့ ကိုကြီးဖိခေါ်လျှင် ကြောက်စိတ်ဖြင့် မေ့နှုတ်ခမ်းအစုံ တုန်ခါသွား၏။

"ရှ ရှင် ကိုကြီး"

"နင့်ကို ဘာပြောထားလဲ၊ ဒီကိုလာစမ်း"

ပြောလည်းပြောရင်း ကိုကြီးက မေ့လက်မောင်းကို ဆွဲယူလေသည်။

"ကိုကြီး မေတို့ အောင်စာရင်းကြည့်ပြီး ပြန်လာတာပါ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ရယ်''

''ဘာမှပြန်မပြောနဲ့၊ ကားပေါ်တက်စမ်း''

ကိုလေး ထပ်ဆင့်ပြောလျှင် မေ နောက်လှည့်မကြည့်ရဲတော့ပါ။ ကမန်းကတန်း ကားနောက်ခန်းပေါ် တက်ရလေသည်။

''နေရဲရင့်''

ကိုကြီးက သူရှေ့တိုးလာသလို သူရင်ဘတ်ကိုလည်း ဆောင့်တွန်းတယ်။ သူရင်ထဲမှာ တင်းခနဲဖြစ်သလို မျက်နှာအမူအရာလည်း ထန်သွားတယ်။

ညီအစ်ကိုနှစ်ယောက်က အရေးမစိုက်စွာ လက်သီးနဲ့မထိုးရုံတမယ်၊ လက်သီးလက်မောင်းတန်း၍ ပြောဆိုလေသည်။

''မင်းကို ငါတို့ ဘာပြောထားလဲ''

နေရဲရင့် အံကြိတ်လိုက်တယ်။ မေနဲ့ မျက်နှာချင်းမဆိုင်ရ၊ မေနဲ့ စကားမပြောရ၊ မခင်မင်ရ၊ အပေါင်းအသင်းမလုပ်ရ စသည့်ဖြင့် ကန့်သတ်ထားတာတွေ များနေသည်မဟုတ်လား။

''ပြောလေကွာ''

ကိုလေးက စိတ်မရှည်ချင်တော့ပါ။ လက်သီးရွယ်လေသည်။

''မင်းမှာ ပါးစပ်မပါဘူးလား နေ''

''ကျွန်တော်တို့ ငယ်ငယ်ကတည်းက သူငယ်ချင်းဖြစ်လာတာပါ။



ကိုကြီးတို့က ခုမှ သူငယ်ချင်းမလုပ်ရဘူးနေကြတာ''

''ဘာကွ''

''မင်းက ငါတို့တားတာကို လက်မခံဘူးဆိုတဲ့သဘောလား''

ညီအစ်ကိုနှစ်ယောက် ရှုးရှုးရှဲရှဲ ဒေါသထွက်လေသည်။ နေရဲရင့်က မျက်နှာလေးမော့ထားလျက်။

''ကိုကြီးတို့တားတာကို လက်ခံနိုင်ဖို့ ကျွန်တော် ကြိုးစားပါ့မယ်''

''တောက်''

ညီအစ်ကိုနှစ်ယောက် ပြိုင်တူတောက်ခေါက်တယ်။ ဖြစ်နိုင်ရင် ဒီငနဲလေးကို စိတ်ရှိ လက်ရှိ ခွဲထိုးပစ်ချင်တယ်။ ဒါတင်မက သူတို့စံအိမ်ဘေးက သူတို့မိသားစုထံစံအိမ်ကို ဖျောက်ဖျက်လိုက်ချင်တော့သည်။

ပုံစံက မာရေကြောရေနဲ့။

စကားပြောလိုက်တိုင်း သည်းမခံနိုင်ဖွယ်ချည်း။

ခုလည်းကြည့်၊ ဒီလောက်တားထားရက်နဲ့ လက်ခံနိုင်ဖို့ ကြိုးစားဦးမယ်တဲ့။

''ကျွန်တော့်ကို ခွင့်ပြုဦး''

နေရဲရင့် ပြောပြီးတာနဲ့ ညီအစ်ကိုနှစ်ယောက်ရှေ့က ဖြတ်ကျော်ခဲ့သည်။ ကားနားရောက်တော့ ခြေလှမ်းလေးတန့်သွားတယ်။

မှန်တံခါးပိတ်ထားပေမယ့် မေ့ကိုမြင်နေရသည်။ မေက

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်အဝဲသားနှင့်ကြည့်နေလျှင် နေရဲရင့် သက်မလေးချကာ မသိမသာ လက်ပြသွားလေသည်။

ထုံမြင်ကွင်းကြောင့် ညီအစ်ကိုနှစ်ယောက် ဒေါသတွေ မထိန်းနိုင်တော့။

"နေရဲရင့်"

ဒေါ်လည်းဒေါ်ရင်း ခြေလှမ်းကြီးနှင့် နေရဲရင့်ဆီပြေးခဲ့သည်။ နေရဲရင့်က လှည့်မကြည့်တော့ပါ။ တစ်ဖက်လမ်းကြောကို ဖြတ်ကူးသွားလေသည်။

ညီအစ်ကိုနှစ်ယောက် လမ်းဖြတ်ကူးပြီး နေရဲရင့်ကို ဂုတ်ခွဲချင်ပေမယ့် အခွင့်မသာ။

သူတို့ဖြတ်ကူးလို့မရအောင် လမ်းပေါ်၌ ယာဉ်တန်းက အဆက်မပြတ်ချေ။ နောက်ဆုံးတော့ ခံပြင်းစိတ်နဲ့ တက်ခေါက်ရတဲ့အဖြစ်။

နေရဲရင့်။

မင်းကို ငါတို့ညီအစ်ကို မကျေနပ်ဘူးကွ။

ပြီးတော့ မေ။

နေရဲရင့်ကို စိတ်ရှိတိုင်း မလုပ်လိုက်ရတော့ ဒေါသက ညီမရင်းအပေါ် ပုံကျ၏။

✿ ✿ ✿



BURMESE CLASSIC

# အခန်း (၂)

"ဟင့် ဟင့် ဟင့်"

"ဟင်"

ငိုယိုပြီး ကားပေါ်မှပြေးဆင်းလာတဲ့ သမီးငယ်လေးကို မြင်လျှင် မိခင်ဖြစ်သူ ဒေါ်မြမြစော စိုးရိမ်တကြီးဖြစ်လေသည်။

"သမီးငယ် မေ၊ မေ ဘာဖြစ်တာလဲ၊ မီးငယ် မာမီ့ကိုပြောပါကွယ်"

ဒေါ်မြမြစော သမီးငယ်ကို ဆီးပွေ့ရင်း တတွတ်တွတ်မေးရှာသည်။ သမီးငယ်က မဖြေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုလက်ဖဝါးနှင့်ဖိအုပ်၍ ငိုမြဲငိုလေသည်။

"သမီး၊ သမီး ဘာဖြစ်လို့လဲ၊ မာမီ့ကိုပြောလေ"

"မေးမနေနဲ့မာမီ"

သားကြီးက ရှေ့ကနေဦးဆောင်လာရင်း ဟန့်တားသလိုပြော၏။ ဒေါ်မြမြစောဝ ပို၍စိုးရိမ်ကာ သမီးဖြစ်သူကို ပွေ့ထားဆဲနှင့် သားကြီးကို မေးရ၏။

"သားကြီး သမီးဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ မာမီ၊ ဒီလောက်တားနေရင်းကြားထဲက နေရဲရင့်နဲ့ တွဲပြီးထွက်လာရဲတယ်"

သားငယ် ဆောင့်ဆောင့်အောင့်အောင့် ဝင်ပြောလျှင် ဒေါ်မြမြစော သက်မချလေသည်။

"သမီးရယ်"

ဒေါ်မြမြစော မချင့်မရဲ ရေရွတ်၏။

"မာမီ့သမီးကို မာမီ သေချာပြောထားဦး"

သားကြီးက ကားသော့ကို စားပွဲပေါ်ပစ်တင်ရင်း စိတ်လိုက်မာန်ပါ ဆိုလေသည်။ ဒေါ်မြမြစောမှာ သားကြီးနဲ့သားငယ်ကို တစ်လှည့်၊ ငိုနေရှာတဲ့သမီးငယ်ကိုတစ်လှည့် ကြည့်ရင်း သက်မမောကြီး ချရရှာသည်။



"သမီးရယ် ဘာဖြစ်လို့ စိတ်အလိုလိုက်ရတာလဲ၊ ကိုကြီးတို့ နေတာ အာပေါက်မတတ်ရယ်ကွယ်၊ သူငယ်ချင်းလို မဆက်ဆံနဲ့ဆို က်ဆံ နဲ့ပေါ့"

"ဟင့် ဟင့် ဟင့်"

မေသံသာ့ ငိုသံလေး ပို၍ကျယ်လောင်သွား၏။

"မာမီ့ကို အစကတည်းက သားပြောသားပဲ၊ မေ့ကို အောင် ရင်းကြည့်ဖို့ မလွှတ်ပါနဲ့ဆို မာမီလွှတ်လိုက်တယ်"

သားကြီးက မိခင်ဖြစ်သူကို အပြစ်တင်သလို ပြောဆိုလေသည်။ သားငယ်ကလည်း ဘာထူးလဲ။ သားကြီးစကားဆုံးခင် ဆက်ပြော၏။

"မာမီ့ကြောင့် မာမီ့သမီး အဲလိုအတင့်ရဲနေတာ"

"မဟုတ်ရပါဘူး သားငယ်ရယ်၊ သမီးက အောင်စာရင်းကို ကိုယ်တိုင်ကြည့်ချင်တယ်ဆိုလို့ပါ"

"အရေးတယူ သွားကြည့်ဖို့မလိုဘူး မာမီ၊ သားတို့ တီချာကို န်းဆက်မေးပြီးပြီ၊ မေ အောင်တယ်၊ ဂုဏ်ထူးနှစ်ခုနဲ့တဲ့"

သမီးအောင်တယ်၊ ဂုဏ်ထူးနှစ်ခုတောင်ပါတယ်ဆိုတော့ ဒေါ် မြမြစော မျက်နှာလေးညှိုးနေရာမှ လန်းသွား၏။

ငိုနေရှာတဲ့သမီးကိုယ်လုံးလေးကိုလည်း တင်းအောင်ဖက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားဟိုက အားရဝမ်းသာနဲ့ အိမ်ပြန်လာတာ၊ မေ အောင်စာရင်းကြည့်ဖို့သွားတယ်လို့ မာမီ ပြောကတည်းက ရင်ထဲမှာ တင်းနေတာ၊ ဒါကြောင့် ချက်ချင်းလိုက်သွားတာ၊ ထင်တဲ့အတိုင်းပဲ၊ ပက်ပင်းတိုးတယ်၊ ဟိုကောင်နဲ့ လက်တွဲပြီးလာနေတာလေ"

သားကြီးရှင်းပြသလိုပြောဆိုရင်း ဆိုဖာပေါ် ဆောင့်အောင့်ထိုင်ချသည်။ သားငယ်က မိခင်ရင်ခွင်ထဲက ညီမဖြစ်သူကို ဒေါသမျက်စွာ ကြည့်၍ ခပ်ဆတ်ဆတ်ခေါ်၏။

"မေ"

ညီမငယ်က မျက်ရည်တွေသုတ်၏။

"ငါ့ကိုကြည့်"

သားငယ် အမိန့်ပေးသလို ပြော၏။ အစ်ကိုဖြစ်သူက ကြည့်ခိုင်းလေတော့ ညီမဖြစ်သူက မရဲတရဲ မော့ကြည့်ရှာသည်။ ထိုအခါ သားငယ်က အရှိန်အဝါကြီးစွာ စိုက်ကြည့်၍ –

"နေရဲရင့်မှာ ဘာမက်စရာရှိလို့လဲ။ ဒီလောက်တောင် တန်းတန်းစွဲ ခင်မင်နေရတာ"

ထိုမေးခွန်းနောက်မှာ မေသံသာ့မျက်လွှာလေး စင်းကျသွားသည်။

ဘာမက်စရာရှိလို့လဲတဲ့။





ငယ်ငယ်ကတည်းက ခင်မင်လာတဲ့ သံယောဇဉ်ကို ဘာနဲ့နှိုင်းတုပြီး တန်ဖိုးဖြတ်လို့ရမှာလဲ။

ဒါကြောင့်ခင်ရတာလို့ ပြောချင်ပေမယ့် မပြောရဲရှာ။ နှုတ်ခမ်းကို ဖိကိုက်ရင်း ငြိမ်နေရသည်။

"သမီးငယ်ရယ် ကိုကိုတို့ပြောစကားနားထောင်ပါကွယ်"

သမီးနဲ့သားနှစ်ဦးကြားမှာ မိခင်ဖြစ်သူက ဖြန်ဖြေတဲ့သဘောနဲ့ သမီးကို ဆုံးမသလို ဝင်ပြောသည်။

"နားထောင်ဖို့မဟုတ်ဘူး မာမီ၊ လိုက်နာဖို့ပါ။ ဒီကောင့်နဲ့ မျက်နှာချင်းဆိုင်တွေ့ရင်တောင် မျက်နှာလွှဲနေလို့ ပြောထားတာ။ ကိုကြီးတို့ ပြောတဲ့အတိုင်း မျက်နှာလွှဲလိုက်၊ ကြားတယ်နော်"

သားကြီးက ဆိုဖာပေါ်ထိုင်မလို့ပြင်ပြီးမှ မထိုင်တော့ဘဲ ပြောပြန်သည်။

"ကြားတယ်နော် သမီး။ အစ်ကိုကြီးပြောတဲ့အတိုင်း လိုက်နာပါမယ်လို့ ပြောလိုက်ပါကွယ်"

"အဟင့်"

မေသံသာ ဝမ်းနည်းစိတ်ကို ထိန်းထားရက်နဲ့ တစ်ချက်ရှိုက်မိပြန်သည်။ ခေါင်းမညိတ်မချင်း ဒီလိုပဲ ပြောနေကြမှာမို့ မညိတ်ချင် ညိတ်ချင်နဲ့ မေသံသာ ခေါင်းညိတ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ခေါင်းညိတ်ပြီး ပြီးရောမလုပ်နဲ့။ နောက်တစ်ခါဆို မလွှယ်ဘူး မှတ်"

နောင်ခါလာ နောင်ခါရေး။

လောလောဆယ် ဝိုင်းဝန်းဖိနှိပ်သလို ပြောဆိုနေတဲ့ စကားသံတွေအောက်က မေ လွတ်မြောက်ချင်ပါသည်။ ဒါကြောင့် မာမီ့ရင်ခွင်ထဲက မေ ကိုယ်လေးခွာကာ –

"မေ နားပါရစေ"

ပြောပြီးသည်နှင့် အပေါ်ထပ် ပြေးတက်ဖို့ပြင်သည်။

"နေဦး သမီး"

မာမီက လက်ဆွဲရင်း ဟန့်တားတော့၏။ ထိုအခါ မေသံသာ ခြေလှမ်းလေး တုံ့ဆိုင်းသွားသည်။ နှုတ်မှလည်း မပွင့်တစ်ပွင့်မေး၏။

"ဘာပြောမလို့လဲ မာမီ"

"သမီးလေး စာမေးပွဲအောင်တဲ့အတွက် မာမီ ဝမ်းသာပါတယ်ကွယ်။ သမီး ဘာလိုချင်လဲပြော။ သမီးကိုကိုတို့ကလည်း သမီးလိုချင်တာကို ဝယ်ပေးမယ်တဲ့"

"ဟင့်အင်း၊ မေ ဘာမှမလိုချင်ဘူး"

"ဘာပြောတယ်မေ"

ကိုလေးက မခံမရပ်နိုင် ရှေ့တိုးလာသည်။ သူတို့က ကိုယ့်ညီမ





...သာပါစေဆိုပြီး လိုချင်တာဝယ်ပေးဖို့ကိစ္စ။ ဒင်းလေးက မလိုတူးတဲ့။

ဒါ သက်သက်မယ့် အရွဲ့တိုက်တာဟု ကိုလေး နားလည်...သည်။ ဒါကြောင့် မေ့ရှေ့တိုးလာခြင်းဖြစ်သည်။

မေက ဖျာဖျာသလဲနှင့် –

"မေ ဘာမှမလိုချင်ပါဘူး။ တကယ်မလိုလို့ပါ။ ကိုကြီးနဲ့ကိုလေး ...ကြောင့် မေ့မှာ အားလုံးပြည့်စုံပါတယ်"

"ပြည့်စုံတာကတခြား။ စာမေးပွဲအောင်လို့ ဆုပေးတာတခြား။ ညီမလေးငြင်းနေတာက ကိုကြီးတို့ကို မကျေနပ်လို့ ဟုတ်တယ် မဟုတ်...။"

ကိုကြီး ပုံမှန်ထက် အသံလျှော့၍မေး၏။ မေ ခေါင်းလေးခါလျှင် မာမီက မနေသာတော့ ကြားဝင်ဆုံးဖြတ်သလိုပြော၏။

"ကဲ သမီးလည်းမငြင်းနဲ့၊ သမီး ဘာလိုချင်မလဲဆိုတာ မာမီ သိတယ်။ ဒါကြောင့် မာမီတို့မိသားစု အပြင်ထွက်ကြမယ်။ ကဲ သမီး အဝတ်အစားလဲပြီးဆင်းခဲ့၊ သွား"

ဒေါ်မြမြစောပဲပြောဆိုကာ သမီးဖြစ်သူကို တွန်းလွှတ်လိုက်သည်။

မေသံသာ ခြေလေးဆောင့်ပြီး အပေါ်ထပ်ပြေးတက်ခဲ့သည်။ ...ရင်ထဲမှာ မနှစ်သက်စွာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မေ့ကိုပေးချင်ရင် နေနဲ့မခင်ရဘူးဆိုတဲ့ အမိန့်ကို ပြန်ရုပ်သိမ်းလေ။

ခုတော့ မရုပ်သိမ်းတဲ့အပြင် ဝိုပြီးတင်းမာနေသည် မဟုတ်လား။

ထိုတင်းမာမှုနောက်မှာ မေ့စိတ်နဲ့မေ ဘယ်သူ့ကိုမှ တံ့ပြန်လို့ မရလေပြီ။

✿ ✿ ✿



## အခန်း (၃)

"တင် တင် တင်"

မေ အိပ်လို့မပျော်ပါ။

ပေရှိန့်မွေ့ရာပေါ် ဟိုလှိမ့် ဒီလှိမ့်နှင့် စိတ်ညစ်ညူးနေလေသည်။ ထိုအခါ မေ့ဖုန်းမှာ message ဝင်လာသံလေးကြားရ၏။

ထိုအခါ

ခေါင်းအုံးနံဘေးက လက်ကိုင်ဖုန်းလေးကို ကမန်းကတမ်း လှမ်းယူလိုက်သည်။ မေ့ဆီ ညအချိန်မတော် ဘယ်သူ message ပို့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



နေလား။

ထိုသို့မေးမိလျှင် မေ့ရင်မှာ ခုန်သလိုဖြစ်၏။ ရင်ခုန်စိတ်နုနုလေးဖြင့် မေ ဖုန်းဖွင့်ကြည့်၏။

"ဟယ် ဟုတ်ပါရဲ့ နေ"

နေ့ဖုန်းနံပါတ်မြင်ရတော့ မေ လိုက်ခနဲ ဝမ်းသာသွားကာ message ကို ဖွင့်ကြည့်၏။ မြန်မာစာတန်းလေး သုံးကြောင်းကို ကမန်းကတမ်း ဖွင့်ဖတ်၏။

မေရေ

မေတို့တိုက်နောက်က ခရေပင်အောက်က လွှဲပုခက်မှာ ငါ စောင့်နေတယ်။

နေ

ဟင်။ မေ လူးလဲထရင်း မွေ့ရာပေါ်မှဆင်းလိုက်၏။ စောင့်နေတယ်ဆိုတဲ့အသံက မေ့စိတ်ကို ထိန်းမရအောင် ဖြစ်လေသည်။

အခန်းတံခါးဖွင့်မိပြီးမှ မာမီ၊ ကိုကြီးနဲ့ကိုလေးတို့ကို သတိရ၏။ ထိုအခါ ကြောက်စိတ်နှင့် ကြက်သီးဖြန်းခနဲထ၏။

အခန်းပြင်ထွက်တော့မယ့် ခြေလှမ်းလည်း နောက်ပြန်ဆုတ်သလို ဖြစ်မိကာ စိတ်ထဲမှာ ဘလောင်ဆူသွား၏။

နေတောင် မကြောက်မရွံ့နဲ့ ခြောက်ပေမကာမြင့်သော အုတ်





တံတိုင်းကို ကျော်ပြီး မေတို့ခြံထဲရောက်နှင့်နေသည် မဟုတ်လား။

မေက ဒီအခန်းထဲကထွက်ပြီး တိုက်အောက်ဆင်းဖို့ ကြောက်နေရင်း ဟင့်အင်း။

မေလည်း စွန့်စားရမှာပေါ့။

ဒါကြောင့် ကြောက်စိတ်ကိုဖယ်ရှားကာ တိုက်တစ်ခုလုံးကို ခေတ္တစောင့်ကြည့်လိုက်သည်။ ညက တစ်ချက်တီးကျော်နေပြီမို့ တိတ်ဆိတ်နေခဲ့။

အပေါ်ထပ်မှာက မေတစ်ယောက်တည်း။ အရင်က မာမီက မေ့အခန်းနဲ့ ဘေးချင်းကပ်အခန်းမှာအိပ်သည်။

မာမီရဲ့နှလုံးရောဂါက လှေကားအဆင်းအတက်ပြုရင် ရင်မှာ ဗိုတုန်ကာ မောမောလျလျ ဖြစ်စေတတ်တာမို့ ကိုကြီးက မာမ့်ကို အောက်ထပ်ပြောင်း၍ နေစေသည်။

ဒယ်ဒီရှိစဉ်ကနေတဲ့အခန်းမှာ မာမီပြန်နေရတာ ခြောက်လလောက်ရှိပြီ။ ကိုကြီးနဲ့ကိုလေးက မာမီအခန်းနဲ့ကပ်လျက် တစ်ခန်းစီ နေကြသည်။

အပေါ်ထပ်ကနေ အောက်ထပ်ဆင်းရင်း မေ နားစွင့်လိုက်သည်။ အားလုံး အိပ်မောကျနေကြပြီ။

ထိုအခါ –



www.burmeseclassic.com

www.burmeseclassic.com



မေ့ခြေလှမ်းတွေ သွက်သွက်ပေါ့ပေါ့ဖြစ်ကာ တိုက်နောက်ဘက် လှေကားဆီ ပြေးသွား၏။

ညမို့ အပြင်မီးတွေ ပိတ်ထားတာမို့ မှောင်ပျပျဖြစ်နေပါသည်။ သို့သော်လည်း လရောင် ဝိုးတဝါးရှိနေတာမို့ သဲသဲကွဲကွဲ မြင်ရသည်။

မေက တိုက်နောက်ဘက်လှေကားကနေ အရိုန်မသွဲ့တဲ့ ဆင်းခဲ့လျှင်–

"မေ"

ခရေပင်အောက်မှ နေက တိုးတိုးအုပ်အုပ် လှမ်းခေါ်သလို လှေကားနားအပြေးရောက်လာသည်။

နေ့ကိုမြင်တော့ မေ လှိုက်ခနဲ့ ဝမ်းသာသွား၏။

"နေ"

"လာ မြန်မြန်လာ"

နေက ပြောရိုးဆိုရိုး မေ့လက်ကို ဆွဲခေါ်လေသည်။ မေက လည်း နေ ဆွဲခေါ်တဲ့အတိုင်း ပါသွား၏။

ခရေပင်ကြီးအောက် လွဲပုခက်လေးဆီရောက်လျှင် နှစ်ယောက် သား စကားပန်းပွင့်တွေနဲ့ လှနေတဲ့ လွဲပုခက်ပေါ် ထိုင်မိလျက်သား ဖြစ် လေသည်။

လရောင်ဝိုးတဝါးက ခရေပင်ကို ထိုးဖောက်၍ အလင်းရောင်





ပေးနိုင်ပါ။ မှောင်ရိပ်တွေသာ လွှမ်းမိုးနေတာမို့ တစ်ယောက်လက် တစ်ယောက်ကိုင်ရင်း ရင်အခုန်မြန်နေကြသည်။

"မေ"

"ပြော ပြောလေ နေ"

"ကိုကြီးတို့ ဆူသေးလား"

"ဟင့်အင်း"

မေ ညာပြောလိုက်သည်။

"တကယ်"

သူ မယုံသလို မေးလိုက်သည်။ မေ ဝမ်းနည်းခဲ့ရတာတွေကို မျိုသိပ်ရင်း ခေါင်းညိတ်လိုက်၏။

မေ ခေါင်းညိတ်လိုက်တော့ နေ ယုံကြည်သွားဟန်တူပါသည်။

"ငါ စိတ်ပူနေတာဟ၊ မေ့ကို ရိုက်နေမလားလို့"

"အို မရိုက်ပါဘူး"

မေပြောလိုက်တဲ့အသံက ငိုသံလေးဝဲနေသည်။

"ဒါဆို ဘာလို့ ဝမ်းနည်းနေရတာလဲ"

မှောင်နေပေမယ့် ဝင်းပနေတဲ့ မေ့မျက်နှာလေးပေါ်မှ ခံစားမှုတို့ ကို သူ နားလည်နေပါသည်။

ထိုသို့မေးလိုက်လျှင် မေ ရင်ထဲမှာ အလိုလိုရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ့ရင်ထဲမှာ ကြင်နာမှုတွေ ထိန်းထားလို့မရနိုင်တော့ပါ။ အင့်ခနဲ ရှိုက်လိုက်သည့် မေ့ကိုယ်လုံးလေးကို ညင်သာစွာ ပွေ့မိ၏။

"မေရယ် ငါ့ကြောင့် မေ အဆူအပြော အရိုက်ခံရမှာကို ငါ မလိုလားဘူး။ ကိုကြီးတို့နဲ့ မေပါသွားကတည်းက ငါ့ရင်ထဲမှာ ပူနေမိတယ်။ ငါ စာမေးပွဲအောင်တာတောင် လွတ်လွတ်လပ်လပ် မပျော်နိုင်ဘူး"

"မေလည်း နင့်လိုပဲ"

ငိုသံလေးထိန်းရင်း မေ ပြောမိသွားသည်။

"ဘာဖြစ်လို့မှန်း ငါလည်း မစဉ်းစားတတ်တော့ဘူး"

"ဘာကိုလဲ နေ"

"ကိုကြီးတို့တားတဲ့ကိစ္စ"

သူ့ရင်ခွင်ထဲက မေ ခေါင်းလေးထောင်ထရင်း သက်မရှည်ရှည် ချ၏။

"မေတော့ လက်မခံချင်ဘူး"

"ဘာကိုလဲ မေ"

"ကိုကြီးတို့ တားနေတာတွေလေ။ နေ့မှာ ဘာအပြစ်ရှိလို့လဲ၊ မေပြန်မေးတုန်းက ကိုကြီးက မေ့ပါးကို ဖြတ်ရိုက်တယ်"

"ဟင် မေ အရိုက်ခံရတယ်"

သူ့ ရင်မှာ တဆတ်ဆတ်တုန်ယင်သွား၏။





"မေပြောတော့ မရိုက်ဘူးဆို"

မေ နှုတ်ခမ်းလေးကိုက်ကာ အံလေးကြိတ်လိုက်၏။ ယောင်ယောင်ရမ်းရမ်းနှင့် မေ့ရဲ့ ဘယ်ဘက်ပါးကို စမ်းမိသွား၏။

ကိုကြီးရိုက်တာက အားပါတာမို့ မေ့ပါးပြင်နုနုလေး ခုချိန်ထိ ကျိန်းရှနေသေးသည်။

"မေရယ်"

သူ့ရင်မှာ အတိုင်းမသိ ထိရှသွား၏။ မေ့ပါးပြင်လေးကို ကြင်ကြင်နာနာ ပွတ်သပ်ပေးမိသည်။ ထိုအခါ မေ့ရင်မှာ နွေးလျလျ ခံစားရလေသည်။

"ရပါတယ် နေရယ်၊ တစ်ရက် နှစ်ရက်ဆို ကောင်းသွားမှာပါ"

"ငါ့ကြောင့် မေ အရိုက်ခံရတာ။ ငါ တကယ် စိတ်မကောင်းဘူး။ အဲဒီအတွက် ငါ ဘာလုပ်ပေးရမလဲ မေ"

"ရပါတယ် နေရယ်၊ အခု နေ ဘာပြောချင်လဲ ပြောလေ"

"ဘာပြောရမှန်းတောင်မသိတော့ပါဘူး မေရယ်။ မေ အရိုက်ခံရအောင် ငါလုပ်မိနေသလား"

"မဆိုင်ပါဘူး။ ကိုကြီးတို့က နေ ပြောဆိုတာတွေအပေါ် မကျေနပ်ဘဲ မေ့ကိုပစ်မှတ်ထားတာ။ မေကလည်း ပြန်ပြောမိသွားတယ်။ ဒါကြောင့်ပါ။ ပြီးတာတွေ ပြီးပြီ၊ ထားလိုက်ပါတော့ နေရယ်။ နေ ခုလို



www.burmeseclassic.com

www.burmeseclassic.com



အုတ်ရိုးကျော်ပြီး ဝင်လာတာသိရင် ကိုကြီးတို့ ပိုပြီးပေါက်ကွဲလိမ့်မယ်"

"သိပါတယ်၊ ဒါပေမဲ့ ငါ မေနဲ့တွေ့ချင်တယ်၊ စကားပြောချင်တယ်၊ အဲဒီစိတ်နဲ့ အိပ်လို့မပျော်ဘူး။ အဲဒါနဲ့"

နေ ပြောရင်း သက်ပြင်းချ၏။ မေကလည်း သက်မလေးလေးချကာ -

"ဘာပဲဖြစ်ဖြစ် မေတို့ စာမေးပွဲအောင်ခြင်းအထိမ်းအမှတ်အဖြစ် အိပ်မပျော်တဲ့ ဒီညလေးက အမှတ်တရပေါ့"

"ဟုတ်တယ် မေ၊ ဒီညက အမှတ်တရအဖြစ်ဆုံးပဲ။ ငါတို့နှစ်ယောက် တစ်ခါမှ ညဘက်မတွေ့ဖြစ်ဘူး။ ခုလိုတွေ့ဆုံဖြစ်အောင် အကြောင်းဖန်လာတာက ကိုကြီးတို့ကို ကြိဖန်ပြီး ကျေးဇူးတင်ရမလိုဘဲ မေရယ်"

"ဟွန်း"

မေ နှုတ်ခမ်းလေးဆူမိလျှင် ပါးပြင်က နွေးရှရှဖြစ်၏။

"တကယ်ပြောတာ မေရဲ့"

မေ့နှုတ်ခမ်းဆူဆူလေးကို သူ မြတ်မြတ်နိုးနိုး စိုက်ကြည့်ရင်း ပြောရှာသည်။

"ကဲပါ ဒီညလေး ပိုပြီးအမှတ်တရ ဖြစ်သွားအောင်"

"ဘာလဲနေ၊ မဟုတ်တရုတ်တွေ မကြံနဲ့နော်"





"ငါ့ကို အထင်မသေးစမ်းပါနဲ့ မေရယ်။ ဒီညလေး အမှတ်တရဖြစ်အောင်ဆိုတာ မဟုတ်တရုတ်ကြံဖို့ မဟုတ်ဘူး"

"ဒါဆိုပြော ဘာလုပ်ဖို့လဲ"

"မေ့ကို လက်ဆောင်ပေးမလို့"

"ဘာလက်ဆောင်လဲ"

"ခဏလေး မျက်လုံးမှိတ်ထား"

မေ မျက်လွှာလေးချ၏။ ပြီးမှ မျက်စောင်းထိုးရင်း -

"ခိုးနမ်းမှာလား"

"မဟုတ်ရပါဘူး မေရယ်။ မေ့ကို ငါ ဘဝနဲ့ထပ်တူ တန်ဖိုးထားပြီးသားပါ။ စိတ်ချစမ်းပါ။ မေ့ပါးပြင် မွှေးနေမယ်ဆိုတာ မနမ်းဘဲနဲ့ ငါ သိနေတယ်။ ခိုးနမ်းတဲ့အထိ ငါ သဘောထားမသေးသိမ်ပါဘူး။ ကဲပါ မျက်လုံးမှိတ်လိုက်"

"အင်း"

နေ့ကို ယုံကြည်စွာပဲ မေ မျက်လွှာလေးချကာ မျက်လုံးအစုံကကာယမှိတ်လေသည်။

ထိုအခါ နေက လွယ်ပုခက်၏ အမိုးနှုံးလှုလှုပေါ်မှာ လာကတည်းက တင်ထားသည့်ပါဆယ်ထုပ်ကို ပါကင်ဖေပါ ခွာပြလေသည်။

ပြီးမှ မေ့ကို မျက်လုံးဖွင့်ရှုကြည့်နိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ မျက်လုံးဖွင့်ကြည့်လိုက်လျှင် –

"ဟင်"

မေ့ရင်မှာ လိုက်ခနဲ ဝမ်းသာမြူးတူးသွားသည်။ မေ့ပုံတူပန်းချီကားလေး။

"အို လှလိုက်တာ"

မေ ကမန်းကတမ်း ဆွဲယူရင်း တရှိက်မက်မက် ကြည့်၏။ ပြီးတော့ ရင်မှာ အစ်ထားရင်း နေ့ကို မော့ကြည့်သည်။

"နေ ဆွဲတာလား"

"ငါ့ပတွေ့ကို နေ့လယ်က ဆွဲနိုင်းလိုက်တာ။ ငါ့ပတွေ့က ငါ့ အလိုအတိုင်း တစ်ထိုင်တည်းနဲ့ အပြီးသတ်ဆွဲပေးလိုက်တာလေ"

"ကျေးဇူးတင်လိုက်တာ နေရယ်"

"ဒီညအတွက် အမှတ်တရပေါ့ မေ"

"အင်း နေ့ပတွေ့ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောပေးနော် နေ"

"ပြောစရာမလိုပါဘူး။ ငါ့ပတွေ့က သဘောထားကြီးတဲ့သူလေ။ မေလည်း သိသားနဲ့"

"အေးနော်"

မေ ကျေကျေနပ်နပ်လေးဖြစ်သွားသည်။





"ကဲ မေ တိုက်ပေါ်တက်တော့"

မေ ကျေကျေနပ်နပ်လေး မတ်တတ်ရပ်လိုက်သည်။ ရင်ခွင်မှာတော့ မေ့ရဲ့ပုံတူပန်းချီကားချပ်လေး ပွေ့ပိုက်ရင်းပေါ့။

ဒီညကလေးကို မေ့ရင်မှာ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ တကယ်ပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မာဓိရေ မေ့လက်ကိုင်ဖုန်းတွေ့မိလား"

"သမီး ဘယ်မှာထားမိလို့လဲ"

ခေါင်ဖြူဖြူစောက ကြက်သားမဆလာချက် ချက်ဖို့ ဟင်းအိုး ဆီသပ်နေရင်း တန်းလန်းနှင့် သမီးဖြစ်သူကို ပြန်မေးနေမိသည်။

မေက မျက်နှာလေး မသာမယာနှင့် ဟင်းရွက်တွေ တင်ထားတဲ့ စားပွဲရှေ့ လာရပ်ပြီးပြောသည်။

"မေ ညနေခန်းက စားပွဲမြင့်လေးပေါ်တင်ပြီး ဘတ္တရီအားသွင်းတာ မာဓိ၊ ခု မတွေ့လို့"





"မတွေ့ရင် မာမ့်ဖုန်းယူပြီး ခေါ်ကြည့်လေ။ ဖုန်းသံမြည်လာရင် ဘယ်နားရှိနေလဲဆိုတာ သိသာမှာပေါ့"

"Silant လုပ်ထားလို့မာဓိ"

"အဲဒါဆိုလည်း၊ သမီးထားတတ်တဲ့နေရာတွေ ပြန်ပြီးလိုက်ကြည့်လေ"

"အထားမမှားပါဘူး မာဓိ။ ဘတ္တရီအားသွင်းကြိုးက တန်းလန်း ချည်း။ ဖုန်းပဲပျောက်နေတာ"

"နေဦး မာဓိ ကြက်သားဟင်းအိုးပြီးရင် ဝိုင်းရှာပေးမယ်"

မာဓိ ပြောဆိုရင်း ကြက်သားကို ဆီအိုးထဲလောင်းထည့်၏။ မေက ခုံပုလေးဆွဲယူကာ ဟင်းရွက်တင်ထားတဲ့ စားပွဲရှေ့ ထိုင်ချ၏။

"အဲဒါဆိုရင် မာမ့်ကို မေကူပေးမယ်လေ"

"ကျေးဇူးပဲသမီးရယ်။ ဟင်းရွက်တွေ သင်ထားပေး"

"ဟုတ်ကဲ့ မာဓိ"

မေက ကင်ပွန်းချဉ်ရွက်စည်းလေးကို ကောက်ယူပြီး မာဓိ သက်သာအောင် အရွက်တွေ သင်နေလိုက်သည်။

ထိုစဉ် -

"မေ"

ကိုလေးခေါ်သံ ရုတ်ခြည်းကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကိုလေး"

မေ ကမန်းကတန်းထူးလို့ မဆုံးသေးခင် ကိုလေး ခြေလှမ်းတို့ မေ့ရှေ့ရောက်လာသည်။

"ဒါ ဘာလဲ မေ"

မေးမြန်းရင်း မေ့လက်ကိုင်ဖုန်းလေးကို ဖွင့်ပြ၏။

"ဟင်"

ညဘက် နေ message ပို့ထားတဲ့စာသုံးကြောင်း။ မေ လန့်ဖြန့်ကာ ကြောက်စိတ်တို့ဖြစ်တည်ကုန်သည်။

ကိုလေးကိုလည်း မကြည့်ရဲတော့ပါ။

ထို message လေးကို မေ ဖျက်ဖို့မေ့နေလိုက်တာ။ ခုတော့ ပြဿနာအကြီးကြီးတက်တော့မှာကို တွေးကြောက်လာသည်။

"ဘာလဲ သားငယ်"

မာမီက ဟင်းအိုးအဖုံးဖုံးရင်းမေးကာ သားငယ်ပြနေတဲ့ ဖုန်းကို လာကြည့်၏။

"ဒီမှာ မတွေ့ဘူးလား မာမီ။ ညက ဟိုကောင်ချိန်းတဲ့ message"

"ဟင်"

ဒေါ်မြမြစော လန့်လန့်ဖျပ်ဖျပ်လေးဖြစ်ကာ သမီးဖြစ်သူကို





မြူးကြည့်၏။

"မေ သမီး"

"ဟင့် ဟင့် ဟင့် မေ ဘာမှမသိဘူး။ ဖုန်းဘက္ထရီအားကုန်နေလို့ ဘက္ထရီအားသွင်းထားတာ"

မေ ငိုချရင်း ကမန်းကတန်း ညာပြောလိုက်၏။

"ဘာပြောတယ်မေ၊ မေ့ဖုန်းထဲဝင်နေတဲ့ message မေ မသိဘူးတဲ့လား"

ကိုလေး ဝေါက်ငမ်းရင်းမေး၏။

"တကယ်မသိပါဘူး ကိုလေးရယ်"

"တောက်"

ကိုလေး မကျေမနပ် တောက်ခေါက်လေသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွား၏။

"သားငယ်"

ဒေါ်မြမြစော စိုးရိမ်စိတ်နှင့် သားငယ်နောက်ပြေးလိုက်၏။

"ဘာလဲ မာမီ"

"သားငယ်ရယ်၊ စဉ်းစဉ်းစားစားလည်းလုပ်ပါဦး။ သမီးငယ် တကယ်မသိဘူးဖြစ်မယ်၊ ဟိုက သူ့ဘာသာ ပို့တာဖြစ်မယ်လေ"

"မဟုတ်ဘူး မာမီ၊ ဒီကောင် အတင့်ရဲနေတာ ဒီအဘိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလို့ရရဲ့ မာမီ''

''မာမီပြောတာလည်း နားထောင်ပါဦး၊ ဒင်း ဘယ်လောက်ပဲ message ပို့ပို့ သမီးလေး လက်မခံလို့ ဖတ်မကြည့်ဘူးလေ''

ဒေါ်မြမြစောက သမီးငယ် ပိုင်ပိုင်ပိုင်နဲ့ပြောတာကို ယုံကြည်စွာ ပြောခြင်းဖြစ်လေသည်။

ထိုအခါ သားငယ် တွေခနဲဖြစ်ပြီး –

''ဖတ်ကြည့်ပြီး တိတ်တိတ်ခိုးတွေ့နေကြရင် မခက်ဘူးလား မာမီ။ ဒီကောင်ရိုးနေတာက ညအချိန်မတော်၊ ဘယ်လောက်မိုက်ရိုင်းသလဲ''

''အဲဒါဆိုလည်း မေ့ဖုန်းကို သားငယ်ပဲ သိမ်းထားလိုက်တော့''

ဒေါ်မြမြစောက ဟိုဘက်ကို ပြဿနာသွားရှာမှာကိုလည်း မလိုလားတာမို့ ထိုသို့ပြောလိုက်မိသည်။ သားငယ်က သိပ်ပြီးလက်မခံချင်။

''ကဲပါ သားရယ် သားညီမလေးက ဒီလောက်ဆိုးမှာမဟုတ်ပါဘူး။ မာမီပြောတာလက်ခံစမ်းပါ။ ဖုန်းကို သားသိမ်းထားလိုက်တော့။ နေရဲရင့်ဆက်သွယ်လို့မရတော့ဘူးလေ နော် သား။ သမီးကိုလည်း မာမီဆုံးမဦးမယ်။ မာမီပြောတာ နားထောင်ပါကွယ်။ ကဲ သား သိမ်းလိုက်နော်''

သားဖြစ်သူကို ဒေါ်မြမြစော ချော့မော့ဖျောင်းဖျပြောဆိုရင်း ပြဿနာငြိမ်းအောင် လုပ်ရရှာသည်။





သားငယ်က လက်မခံချင်ချင်ပုံစံနှင့် လက်ခံကာ ခေါင်းတခတ်ခတ်ညိတ်ပြီး အခန်းထဲ ပြန်ဝင်သွားသည်။

တော်ပါသေးရဲ့လို့ ဒေါ်မြမြစော သက်မချပြီး မီးဖိုခန်းထဲ ပြန်ဝင်လာသည်။

သမီးငယ်က မျက်ရည်တွေသုတ်ရင်း ဦးစွာပြောၵ၏။

''မာမီ မေ တကယ်မသိပါဘူး''

''အေး မသိရင် မသိတဲ့အတိုင်းပဲ ထားလိုက်တော့။ သမီးကိုစွဲရင် မာမို့ဖုန်းယူသုံး။ သမီးဖုန်း ကိုလေးကို သိမ်းနိုင်းလိုက်တယ်''

မေ ညာပြောတဲ့ကိစ္စကို မာမီ လက်ခံတာ မေ ဝမ်းသာလှသည်။ သို့ပေမဲ့ မေ့ဖုန်းသိမ်းလိုက်တာကတော့ စိတ်မကောင်းဖြစ်ရလေသည်။

ထိုအခါ မေ့မျက်နှာလေး ညှိုးကျသွားလျှင် မျက်ရည်ပါ အဖောက်ဖောက်ကျ၏။

သမီးလေးမျက်ရည်ကျတာမြင်တော့လည်း ဒေါ်မြမြစော စိတ်မကောင်းလှပါ။ သမီးပခုံးလေးကို အသာဖက်၍ ချော့မော့ပြောရသေးသည်။

''သမီးရယ် သမီးကို မာမီတို့က ချုပ်ချယ်နေတာမဟုတ်ပါဘူး။ ချစ်သင့်တာ မဖြစ်ရအောင် ထိန်းကျောင်းနေတဲ့သဘောပါ။ ပြီးတော့ နေရဲရင့်တို့မိသားစု စရိုက်သဘာဝက မကောင်းလေတော့ သမီးနဲ့ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်း မဖြစ်စေချင်ဘူး။ နေရဲရင့်နဲ့ သူငယ်ချင်းမဖြစ်ရလို့ ဘာမှ မေ ထိခိုက်စရာမရှိဘူး။ မကြာခင် သမီးလေးကျောင်းတက်ရတော့မှာ လေ။ ကျောင်းတက်ရင် သူငယ်ချင်းအသစ်တွေ အများကြီးရလာမှာပေါ့ သမီးရယ်။ စိတ်မကောင်းမဖြစ်ပါနဲ့ နော် သမီး''

မာမီပြောပြောပြောဆိုနေတာတွေကို မေ ခေါင်းညိတ်လိုက်ရသည် က အလိုက်သင့်ပါ။ ဒါပေမဲ့ မေ့ရင်ထဲမှာ လက်မခံနိုင်ပါဘူး။

တကယ်ဆို ဘာဆိုင်လို့လဲ။

နေ့မိသားစုအကျင့်သဘာဝနဲ့ နေ။

✿ ✿ ✿



## အခန်း (၅)

''ဟော့ မေ မြန်မြန်လာဦး''

ထိုစဉ်က မေတို့ ငါးတန်းကျောင်းသူအရွယ်ကလေးသာ ဖြစ်သည်။ မေက ခြံထဲက ဂန္ဓမာပန်းခင်းထဲမှာ လိပ်ပြာလေးတွေ လိုက်ဖမ်းဆမ်း ကစားနေချိန်ဖြစ်သည်။

နေက ခြံနှစ်ခြံကြားက သံပန်းတံခါးဆီကပ်လာရင်း မေ့ကို ဆက်ယပ်ခေါ်လေသည်။

မေကလည်း နေခေါ်တာနဲ့ လိပ်ပြာဖမ်းတဲ့ ပိုက်တံလေးကို ချပြီး သံပန်းတံခါးနားပြေးကပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နေ"

"မုန့်ကျွေးမလို့ဟ"

"ဟယ် ဘာမုန့်လဲ"

မေ မျက်ဝန်းအစုံက မုန့်ဆိုတဲ့ပြောသံနောက်မှာ ရွှင်မြူးသွားတော့၏။ နေကလည်း အားရဝမ်းသာနှင့်။

"မေကြိုက်တဲ့ စတော်ဘယ်ရီယိုအများကြီးပါတဲ့ ကိတ်မုန့်လေ"

"ဘယ်မှာလဲ"

"ဝင်လာခဲ့"

နေက သံပန်းတံခါးဖွင့်ပေးရင်း ပြောတော့၏။ နေပြောတဲ့အတိုင်း နေတို့တိုက်ထဲကို မေဝင်ခဲ့သည်။

တိုက်နောက်ဖေးပေါက်ကနေ ထမင်းစားခန်းဆီ တန်းခေါ်သွားသည်။

ထမင်းစားပွဲပေါ်မှာ ကိတ်မုန့်အမျိုးအစားစုံလင်လှသည်။

"ဟယ် မုန့်တွေအများကြီးပဲနေ"

"များမှာပေါ့။ ဒီနေ့ မာမီ မင်္ဂလာဆောင်တာလေ"

"ဟင်"

မေ့မျက်လုံးလေး ဝိုင်းသွားတော့၏။

"ထိုင်လေ မေ၊ ရော့ ဒီမှာ မေ့အကြိုက်"





နေက ပြောဆိုရင်း အသစ်စက်စက်ကိတ်မုန့်ကို မေ့ရှေ့ချပေးသည်။ စတော်ဘယ်ရီယိုတွေနဲ့ စားချင်စဖွယ်ဖြစ်နေတဲ့ကိတ်မုန့်ကို ကြည့်ရင်း မေ လျှာရည်စိုလာသည်။

နေက ဓားလေးကိုင်ပြီး မေ့အတွက် ကိတ်မုန့်လှီးပေးတော့၏။

"နေ့မာမီ မင်္ဂလာဆောင်တာ"

"ဟုတ်တယ်လေ၊ အန်ကယ်ဦးနိုင်မင်းနဲ့။ မေ့မာမီတို့ကိုလည်း ဖိတ်ထားတယ်၊ မလာကြဘူး"

မေ မသိမသာလေး သက်မချကာ ကိတ်တုံးလေးတစ်တုံးကို ခက်ရင်းနဲ့ထိုးလိုက်သည်။

မာမီတို့မလာကြဘူး နေပြောကာမှ မေ သတိရခဲ့သည်။ ထိုစဉ်က အယ်ဒီရှိနေသေးသည်။

"စာရေ မိုးမိုးက နောက်လင်ယူမလို့တဲ့ကွာ"

"ဟင် ဟုတ်လား"

"အေး မင်္ဂလာပွဲကို အကျဉ်းချုံးလုပ်မလို့တဲ့။ ကိုယ်တို့ကိုလည်း ဖိတ်တယ်၊ မသွားနဲ့ကွာ၊ ကျက်သရေမရှိဘူး"

"စိတ်ချ ကိုကို၊ စိုးစိုးပြောရင် စော အကြောင်းပြပြီး ရှောင်လိုက်ပါ့မယ်"

မာမီ့စကား။ မေပြန်ကြားယောင်ရင်း ခုမှ သဘောပေါက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဇါ။ နေ့မာဓိ အနီတီစိုးစိုးစံ နောက်တစ်ကြိမ် မင်္ဂလာဆောင်မှာကို ဒယ်ဒီနဲ့မာမီ မနှစ်မြို့ခြင်း။

နေ့ဒယ်ဒီနဲ့ နေ့မာမီက နေ နှစ်နှစ်သားကတည်းက ကွာရှင်းထားၾါ။ နေ့ဒယ်ဒီက နိုင်ငံခြားထွက်သွားပြီး နောက်မိန်းမယူသည်။ နေ့မာမီက ခုတစ်ခါ ဦးနိုင်မင်းနဲ့ မင်္ဂလာဆောင်လေပြီ။

ကိုကြီးတို့နဲ့အရွယ်တူ နေ့မမကလည်း နေ့လိုပဲ နေ့မာမီ မင်္ဂလာဆောင်တဲ့ကိစ္စမှာ ပျော်ရွှင်နေကြသည်။

"ဟော ညီမလေး မေ ရောက်နေတာကိုး"

မမနေသန္တာက အားရဝမ်းသာမေးရင်း မေ့အပါးရောက်လာသည်။ မေက ကိတ်မုန့်တုံးလေးဝါးလက်စနဲ့ ခေါင်းလေးညိတ်ကာ –

"ဟုတ်ကဲ့ မမ၊ နေခေါ်လာလို့"

"အေး မေ့မာမီတို့မလာလို့ မာမီပြောနေတယ်။ ပြန်ခါနီး မုန့်တွေယူသွားဦး ညီမလေး။ ညီမလေးလာတာ မမတို့လည်း ဝမ်းသာပါတယ်။ မာမီသိရင်လည်း ဝမ်းသာမှာ ညီမလေးရဲ့။ ကဲ စားဦး။ မောင်လေးရေ မေ့အတွက် ဖျော်ရည်ချပေးဦး"

"ဟုတ်ကဲ့ မမ"

"စားနော် ညီမလေး။ တိုက်ရှေ့မှာ ဧည့်သည်တွေရှိနေသေးတယ်။ မမ သွားကြဦးမယ်"





"ဟုတ်ကဲ့ မမ"

ပန်းနုရောင်ဇာဝမ်းဆက်လေးနဲ့မို့ မမက အစွမ်းကုန်လှနေပါသည်။ မမထွက်သွားလျှင် နေက မေ့အကြိုက် စတော်ဘယ်ရီအနှစ်တွေနဲ့ ချည်း ဖျော်ရည်ဖျော်ပေး၏။

နေနဲ့ နေ့မမက နေ့မာမီ မင်္ဂလာဆောင်တဲ့ကိစ္စမှာ ပျော်ပျော်ရွှင်ရွှင် ရှိနိုင်ကြသည်။

"နေ့ဒယ်ဒီ သိလားဟင်"

မေ စပ်စုသလို မေးမိသွား နေက မျက်လုံးလေး ရွှင်မြူးစွာနှင့်ပြောသည်။

"သိတာပေါ့ဟ၊ မာမီက ဒယ်[illegible]ကို ဖွင့်ပြောတယ်။ ဒယ်ဒီက အကို ဖုန်းဆက်ပြောတယ်။ မာမ့်ကိစ္စကို မငြင်းနဲ့တဲ့။ မာမီတို့ မင်္ဂလာဆက်ပွဲ့အဖြစ် ဒယ်ဒီက ပတ္တမြားတစ်ဆင်စာ လက်ဖွဲ့တယ်"

"ဟယ်"

မေက အံ့ဩနေသည်။

"ဟုတ်တယ်၊ မိတွေးကလည်း မာမ့်အတွက် ဆုတောင်းမင်္ဂလာ ကတ်လေး လက်ဆောင်ပို့ပေးတယ်။ အဲဒါနဲ့ အနကယ်နိုင်က ဒယ်ဒီနဲ့ မိတွေးပုံ ပန်းချီဆွဲပြီး ပြန်ပို့ပေးလိုက်တယ်လေ"

နေတို့မိသားစုဟာ ဇာတ်လမ်းက အဲသလိုရှယ်ပါ။

www.burmeseclassic.com



နေ့မိဘနှစ်ပါး အိမ်ထောင်သစ်ကိုယ်စီနဲ့ဖြစ်ပေမယ့် အဆက် အသွယ် မပြတ်ကြပါ။ နေတို့မောင်နှမအတွက် တာဝန်အပြည့်ယူသလို နေ့မိတွေးကမွေးလာတဲ့ ညီလေးကိုလည်း နေကချစ်ရှာသည်။

ကျောင်းရက်ရှည်ပိတ်ရင် နေတို့မောင်နှမ နေ့ဒယ်ဒီဆီလိုက်သွား ပြီး တစ်လ နှစ်လ နေကြသည်။

မိတွေးကလည်း နေတို့မောင်နှမကို သားသမီးရင်းလို ချစ်သည်။ နေတို့ပတွေးကလည်း နေတို့မောင်နှမကို နေ့ဒယ်ဒီလိုပဲ တာဝန်ယူ စောင့် ရှောက်လေသည်။

ထို့ကြောင့် ဘာပြဿနာမှ မရှိလှပေ။

အဲဒါကိုပဲ ဒယ်ဒီနဲ့မာမီက နာခေါင်းရှုတ်သည်။ မာမီက ဒယ်ဒီ့ အလိုကျ ပြုမူသည်။

နေနဲ့မေ နဝမတန်းတက်သည့်နှစ်တွင် အခြေအနေက ပြောင်း လဲလာသည်။

ကွမ်းနဲ့ဆေးလိပ် အဆက်မပြတ်စားသောက်တတ်တဲ့ ဒယ်ဒီမှာ သွားဖုံးကင်ဆာဖြစ်၏။ ထိုအခါ ဒယ်ဒီ့ခမျာ ကင်ဆာဆိုတဲ့အသိကြောင့် စိတ်ဓာတ်တွေကျကာ နလံမထူနိုင်တော့ပါ။

မေတို့ ကိုးတန်းအောင်စာရင်းမထွက်ခင် ဒယ်ဒီဆုံးရှာသည်။ ဒယ်ဒီဆုံးသွားတော့ ကိုကြီးနဲ့ကိုလေးက ဒယ်ဒီစက်ရုံလုပ်ငန်းကို ဦးစီး၏





ကိုကြီးက မေ့ထက် ဆယ်နှစ်ကြီး၏။ ကိုလေးက ခုနစ်နှစ်ကြီး ၏။ ထို့ကြောင့် အစ်ကိုနှစ်ယောက်ကို မေက အစ်ကိုလို၊ ဒယ်ဒီလို ချစ် ကြောက်ရလေသည်။

ဒယ်ဒီဆုံးပြီးကတည်းက မာမီ့ခမျာ ကိုကြီးတို့အစီအမံအတိုင်း ဖြစ်လေသည်။

ဒါတင်မက နေ့မက ချစ်သူနောက်လိုက်ပြေး၏။

မမချစ်သူက ဆေးသမား။ လူမိုက်လည်းဆန်သည်။ အဲဒါ ကြောင့်မို့ ထင်ရသည်။ နေ့မာမီနဲ့ နေ့ဒယ်ဒီတိုင်ပင်ပြီး မမတို့ကို ခွဲလိုက်၏။ ပြီး နေ့ဒယ်ဒီနဲ့မိတွေးဆီ မမကိုပို့၏။

လပိုင်းမျှသာရှိသေးသည် နေ့မကို နေ့မိတွေးတော်ဘက်က ယူတစ်ယောက်နဲ့ နေ့ဒယ်ဒီက မင်္ဂလာဆောင်ပေးလိုက်သည်။ မမတို့ကို နေ့ဒယ်ဒီ၏ ထိန်းသိမ်းမှုအောက်မှာ ထားလေသည်။

အဲဒါ နေတို့မိသားစုဖြစ်စဉ်ပါ။

ထိုဖြစ်စဉ်က ကိုကြီးတို့စိတ်ကို ပို၍ မသတည်စရာ ဖြစ်စေခဲ့ သည်။

“တောက် မအေနဲ့ဖအေ တရိတ္ထာမကောင်းရုံမက သမီးလည်း မိအမျိုးအတိုင်းပဲ။ နောက်တစ်ယောက်လည်း ဒါမျိုးပဲဖြစ်မယ်။ အဲ ဒီကောက်တိုက်နဲ့ အဆက်ဖြတ်။ သူတို့နဲ့ မိတ်ဆွေအဆင့်တောင် ဆက်ဆံဖို့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး''

ကိုကြီးတို့ ထိုသို့ မှတ်ချက်ချ၏။

ဒါတင်မက နှစ်ခြိုကြားကူးလို့လွယ်တဲ့ သံပန်းတံခါးကို ဖျက်ကာ အုတ်တံတိုင်း ခတ်လိုက်၏။

ထိုအခါ နှစ်ခြံကို အရင်လို အလွယ်တကူ ကူးလို့မရတော့ပါ။

နေနဲ့မေ ကျောင်းမှာပဲ တွေ့ခွင့်ရတော့သည်။

သို့သော်လည်း အရင်လို မဟုတ်တော့ပါ။

မေ့ကို ကိုကြီးအမိန့်ချ၏။

''နေရဲရှင့်နဲ့ သူငယ်ချင်းမလုပ်နဲ့တော့။ ဒီကောင့်တစ်မိသားစုလုံး စာရိတ္တကောင်းတာမဟုတ်ဘူး။ ကြားတယ်နော်မေ၊ မျက်နှာချင်းဆိုင်တွေ့ ရင်တောင် မကြည့်ရဘူး''

ကိုကြီးကျေနပ်အောင် မေ ခေါင်းညိတ်ရ၏။

ကိုလေးက မေ့ကို ကျောင်းကြို ကျောင်းပို့လုပ်၏။ ထိုအခါ နေနဲ့မေ ကိုကြီးတို့ရှေ့မှာ ခပ်စိမ်းစိမ်း ရှောင်ဖယ်နေရသည်။

သို့သော်လည်း ရင်ထဲမှာ တွယ်နေတဲ့ သံယောဇဉ်မှာ ပို၍ ခိုင်မာလာလျှင်း။

✿ ✿ ✿



အခန်း (၆)

''အန့်တီ''

''ဟော''

သစ်ခွပန်းစင်မှာ ပန်းရောင်သစ်ခွပန်းခိုင်တွေကို ရွေးခူးနေရာမှ ခေါ်ဖြူဖြူစော ထူးရင်း ငုံကြည့်လိုက်သည်။

ခြံဝမှာရပ်နေသော သမီးသူငယ်ချင်းမလေးနှစ်ဦး။ ခါခါနှင့် သောသာရယ်လေ။

''ခါခါတို့ပါလား''

''ဟုတ်တယ် အန့်တီ၊ မေ့ဆီလာတာပါ''



www.burmeseclassic.com

www.burmeseclassic.com

"ဩော် လာကြလေ၊ နေဦး အန်တီ တံခါးဖွင့်ပေးမယ်"

ခေါ်ဖြူဖြူစော ကတ်ကြေးနဲ့အတူ ညှပ်ထားတဲ့ပန်းခက်တွေကို ခုံမြင့်လေးပေါ်တင်သည်။

ပြီးမှ သမီးသူငယ်ချင်းနှစ်ယောက်ကို ခြံတံခါးဖွင့်ပေးလေသည်။

"ဝင်လာကြသမီးတို့"

"ကျေးဇူးပဲ အန်တီ"

ခါခါနဲ့ဝေသာ အားရဝမ်းသာ ခြံထဲဝင်ကြသည်။

"သမီးလေး အပေါ်ထပ်မှာရှိလိမ့်မယ်၊ တက်သွားကြ"

"ဟုတ်ကဲ့ အန်တီ"

ခါခါတို့ ခေါင်းလေးညိတ်ရင်း မေ့ရှိရာသို့ ဦးတည်ခဲ့သည်။ အန်တီက ခါခါတို့နောက်မှပါမလာ။

သစ်ခွပန်းစင်နားသွားလေသည်။

အန်တီပါမလာတော့ ခါခါတို့ နောက်ကြောင်းအေးသလို ခံစားရလေသည်။ ဒါကြောင့် –

"မေရေ ဟေ့မေ"

"မေ"

ခါခါတို့ ခေါ်နေကြတာမို့ ဖတ်လက်စ ဝတ္ထုစာအုပ်လေးကို ခေါင်းအုံးပေါ်တင်ရင်း –





"ရှိတယ်လေ ခါခါရဲ့"

"ဘယ်မှာ ပုန်းနေတာတုံး၊ နတ်မိမယ်လေးရဲ့"

"အံမယ် ဘယ်မှာမှ မပုန်းဘူး၊ အခန်းထဲမှာ ရှိတယ် ဝင်ခဲ့ကြ"

မွေ့ရာပေါ်မှာ မဆင်းဘဲ မေ အော်ပြောနေမိသည်။

"ဒါလည်း ပုန်းနေခြင်း တစ်မျိုးပဲလေ"

"ဟုတ်ပါ့"

ခါခါတို့ပြောဆိုရင်း အခန်းတံခါး တွန်းဖွင့်၍ ဝင်လာကြသည်။ နှစ်ယောက်သား မျက်နှာမှာ အပြုံးပွင့်တွေလှိုင်လျက်။

"လာ ထိုင်ကြ"

မေက မွေ့ရာပေါ်မှာပဲ ထိုင်ဖို့ပြောဖြစ်သည်။ သူငယ်ချင်းနှစ်ယောက်ကလည်း မေ့မွေ့ရာပေါ်မှာပဲ ထိုင်ကြပြီး –

"မေတို့က နေနိုင်တယ်"

"ဘာကိုလဲ ဝေသာရဲ့"

"အောင်စာရင်းထွက်ပြီးကတည်းက ဖုန်းလေးတောင်မဆက်ဘူး။ ဝေသာတို့ မနေနိုင်လို့ ဖုန်းဆက်တယ်လေ။ မေ ဖုန်းမကိုင်ဘူး"

ဝေသာ့စကားအဆုံးမှာ မေ မသိမသာ သက်မချ၏။

"ဟုတ်သားပဲ၊ မေက ဂုဏ်ထူးပါလို့ သွေးကြီးနေတာ ဖြစ်မယ်"

ခါခါကလည်း ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူးဟယ်”

“ဒါဆို ဘာလို့ ဖုန်းမကိုင်တာလဲ”

“ကိုလေးက မေ့ဖုန်းသိမ်းထားလို့ဟ”

“ဩော်”

မေ ပြောလိုက်မှ သူငယ်ချင်းနှစ်ယောက် နားလည်သွားသည်။

“ဆောရီးပါဟာ၊ ခါတို့မှမသိတာ”

“ရပါတယ်၊ ကဲ ခုလာကြတာ ဘာကိစ်”

“ရှင် ဖုန်းမကိုင်တဲ့အတွက် ရန်ဖြစ်ဖို့ဆိုပြီး မောင်းတင်လာခဲ့ကြတာ။ ပြီးတော့ ပြောစရာလည်းရှိလို့”

“ကဲ ရန်တော့မဖြစ်ပါနဲ့”

“မဖြစ်တော့ဘူးလေ၊ ကိုလေးက မေ့ဖုန်းသိမ်းထားတာဆို ရန်ဖြစ်ခြင်းဖြစ် ကိုလေးကိုပဲ ဖြစ်ရမှာ”

“အောင်မယ်လေး မိခါခါ၊ ကိုလေးကို ရန်သွားမဖြစ်နဲ့၊ ပြဿနာ ပိုကြီးသွားမယ်”

“အလကားနောက်တာပါ”

“ကဲ အဲဒါဆို ပြောစရာရှိတယ်ဆို ဘာပြောလို့လဲ၊ ပြောလေ”

မေက သိလိုလှစွာမေးသည်။

သူငယ်ချင်းနှစ်ယောက်က မျက်နှာလေးများ ဝင်းခနဲဖြစ်သွား





သည်။ ထို့နောက် ခါခါက ပြောသည်။

“ဒီလိုဟ ခါတို့နေတဲ့ ဘော်ဒါဆောင်က ဆယ်တန်းကျောင်းသူ ကျောင်းသားအားလုံး အောင်တယ်လေ။ အဲဒါ အဆောင်ပိုင်ရှင်အန်တီ ကြီးက ခါတို့အားလုံးကို ဘူဖေးကျွေးမယ်တဲ့”

“ဟယ် ပျော်စရာကြီး”

မေ တကယ်ပျော်ရွှင်သွား၏။ အခန်းအောင်းပြီး ဝတ္ထုချည်းဖတ် နေရတာ ပျင်းလှပြီမဟုတ်လား။ သူငယ်ချင်းအားလုံးနဲ့ ပျော်ပျော်ချည်း ဆုံရမှာမို့ လက်လွှတ်ဝမ်းသာသွား၏။

“ဟုတ်တာပေါ့၊ ပျော်စရာချည်း။ နောက်ပြီး အန်တီကြီးက လက်ဆောင်ပစ္စည်းတွေလည်း မဲလိပ်နှိုက်ပြီး ပေးဦးမယ်တဲ့”

“ဟယ် တကယ်”

“တကယ်ပေါ့ဟ၊ အန်တီကြီးက နီးစပ်ရာသူငယ်ချင်းအားလုံး ကို ဖိတ်လိုက်ပါတဲ့၊ ခါခါနဲ့ ဝေသာလည်း သိသိချင်း မေ့ကို ဖုန်းဆက်တာ။ မေ့ဖုန်း မရလို့လိုက်လာတာ၊ ကဲ ရှင်းပြီလား”

သူငယ်ချင်းနှစ်ယောက် တစ်ယောက်တစ်လှည့် ပြောဆိုရှင်းပြ လေသည်။ မေက သူငယ်ချင်းနှစ်ယောက်ကို ကျေးဇူးတင်ရလေသည်။

“ရှင်တို့သာ မပြောရင် မေတော့ အဲဒီပွဲလေးလွတ်ပြီဟာ။ ကျေးဇူး ပဲနော်။ ဒါနဲ့ ဘာစားကြမလဲ ပြော၊ မာမီ မနက်က ဈေးသွားထားတယ်



www.burmeseclassic.com

www.burmeseclassic.com



စားစရာအစုံရှိတယ်"

စားစရာအစုံရှိတယ်ဆိုတော့ ခါခါတို့ နှုတ်ခမ်းကို လျှာဖျားလေးနဲ့သပ်ရင်း –

"အင်း စားစရာအစုံရှိတယ်ဆိုတော့ ရှိတဲ့စားစရာတွေကို သေချာကြည့်ပြီး စားချင်တာကို ရွေးစားမယ်လေ။ နော် ဝေသာ"

"အဲဒါအကောင်းဆုံးပဲ ခါခါရဲ့"

"ကဲ စားမယ်ဆို လာကြ၊ အောက်ထပ်ဆင်းရအောင်"

မေ မြူးမြူးသွက်သွက်ကလေးပဲ ပြောရင်း မွေ့ရာပေါ်မှ ဦးဆောင်ဆင်းလေသည်။

သူငယ်ချင်းနှစ်ယောက်လည်း မေ့နောက်က လိုက်ပါလာကြသည်ကာ။

✿ ✿ ✿



## အခန်း (၅)

မှန်ဝိုင်းလေးမှာပေါ်နေတဲ့ မေ့မျက်နှာလေးကို မေ စူးစူးစိုက်စိုက်ကြည့်ရင်း ပြုံးလိုက်မိသည်။

မေ့မျက်နှာလေးက ပန်းဖူးလေးနှယ်။

တကယ်ကို ဖူးဖူးလေးပါ။

အသားအရည်ကလည်း ကြည်လဲ့ပြီး စိမ်းစိုနေတာမို့ တဝင်းဝင်းနဲ့ အရောင်ထွက်၏။

မိတ်ကပ်ပါးပါးလေးလိမ်းလိုက်တာနဲ့ မိတ်ကပ်ရောင်လင်းသွားတဲ့ မျက်နှာလေးမှာ ပို၍ ဖူးကြွချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်လိမ်းပြီး တို့ပတ်လေးမွှတ်ခွဲလိုက်ရုံနဲ့ ပြီး၏။ နှုတ်ခမ်းဖူးဖူးလေးက မူလအရောင်အတိုင်း ပန်းသွေးရောင် စိုစိုလဲ့၏။

မျက်ဝန်းနက်သလို မျက်တောင်နဲ့မျက်ခုံးတို့ကလည်း နက်မှောင်နေတာမို့ ဘာခေသမှုတင်စရာမလို။

မျက်ခုံးမျက်လုံးနဲ့ နှုတ်ခမ်းအလှတို့ ထင်ပေါ်ပြီးသား။ နဂိုဆံပင်အနက်ရောင်က ဗိတုန်းတောင်ပံခတ်သလို တလက်လက်ဖြာနေ၏။

ပခုံးပေါ်ဝဲနေတဲ့ ဆံပင်မှာ အဖြောင့်အတိုင်းမို့ သဘာဝအလှ စစ်စစ်တွေက ထင်ပေါ်လေသည်။

ဒါ့ပြင် လည်တံလေးကလည်း ရှည်သည်။ လက်မောင်းသားလေးကလည်း လုံး၏။ ရင်အုံလေးကလည်း ဖူးဖူးမို့မို့။

ခါးလေးကျဉ်းကာ ဗိုက်သားလေးရှပ်လျက်။ တင်ကလေးစွင့်ပြီး ဝိုင်းနေသည်က သူများကြည့်လို့ ရှက်ရတာ ခဏခဏရယ်။

ဒါကြောင့် မေက ကိုယ်နဲ့ကြပ်တင်းနေတဲ့ အဝတ်အစားတွေ မဝတ်ပါ။

စကတ်ရှည်ပွပွနဲ့ စပို့ရှပ်ကလေးများသာ တွဲဝတ်ရင်း မေ့ရဲ့ အလှကို တတ်နိုင်သမျှ မေ ဖုံးဖိထား၏။

ခုလည်း ခြေသလုံးလယ်ထိရှည်တဲ့ ပန်းသွေးရောင် ဂါဝန်ပွပွလေးကို အနက်ရောင်ခါးပတ်အပြားကြီးပြတ်၍ ဝတ်ဆင်လိုက်သည်။





အင်္ကျီလည်ပင်းကလည်း အပင်္ကျီအပြ မဟုတ်တာမို့ မဟူရာ ကြည်ဆွဲလေးဆွဲထားတော့ ထင်ပေါ်နေသည်။

မဟူရာကျောက်ပွင့်တွေစီထားတဲ့ နားဆွဲလေး။ လက်ပတ်နဲ့ ဆက်စွပ်ပါ တစ်ဆင်တည်းဖြစ်နေတာမို့ ဘယ်လိုကြည့်ကြည့် အလှတို့ ပြောင်းနေသည်။

မေ တစ်ခါဖူးမှ ခုလို စိတ်လိုလက်ရ မပြင်ဆင်ဖူးပါ။ ခုမှ အော်ဒါဆောင်ပိုင်ရှင်အန်တီကြီးရဲ့ ဘူဖေးကုဏ်ပြုပွဲမို့ ပြင်ဆင်ထားခြင်း ဖြစ်သည်။

စိတ်တိုင်းကျပြင်ဆင်ပြီး ရွှေရောင်ကြိုးရှည်လေးပါတဲ့ အနက်ရောင်ဖန်သီးလေးတွေနဲ့ ပြုလုပ်ထားတဲ့ လက်ဆွဲအိတ်လေးကိုင်ပြီး အောက်ထပ်သို့ မြူးမြူးလေးဆင်းခဲ့၏။

"ဟင်"

ဧည့်ခန်းမှာ ဧည့်သည်လူကြီးတချို့နဲ့ အလုပ်ကိစ္စ စကားပြောနေတဲ့ ကိုကြီးမျက်ဝန်းနှင့် တန်းဆုံ၏။

ထိုအခါ –

မေ့ခြေလှမ်းလေးက လှေကားအောက်ဆုံးထစ်မှာ တန့်သွား၏။ ကိုကြီးက မေ့ကို စူးစမ်းတဲ့မျက်လုံးနဲ့ ကြည့်နေရာမှ ဧည့်သည်လူကြီးများနဲ့ စကားပြောနေရင်းတန်းလန်း ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလှပြင်ထားတော့ ဘယ်သွားဖို့လဲ"

"ဟို ဘော်ဒါဆောင်က အန်တီကြီးက မေတို့ တမေ့ပွဲအောင်တဲ့ သူတွေကို ဂုဏ်ပြုပွဲလုပ်ပေးတယ်လေ။ အဲဒါသွားမလို့"

"သွားမလို့"

"ဟုတ် ဟုတ်ကဲ့ ကိုကြီး"

"ဘယ်သူက၊ သွားခွင့်ပေးလဲ"

ဖိမေးခွန်းနောက်မှာ မေ့မျက်နှာလေး ညှိုးကျသွားသည်။ မျက်လွှာလေးလည်း စင်းကာ -

"ပြောလေ၊ မေ့ကို ဘယ်သူသွားခွင့်ပေးလဲ"

မေ ငိုသံဝဲဝဲလေးနှင့် -

"မာမီ့ကို မေပြောပြပြီးပြီ၊ မာမီက"

"တော်တော့ ဆက်မပြောနဲ့တော့။ အပေါ်ပြန်တက်"

ကိုကြီး ယတိပြတ်ပြောရင်း မေ့ကို အပေါ်ထပ်ဆီ တွန်းလွှတ်၏။

မေ မျက်ရည်လေးဝဲသွားသလို ရင်ထဲမှာလည်း ဝမ်းနည်းသွား၏။

ဒါပြင်၊ ကိုကြီးအမိန့်ကို မေ မလွန်ဆန်ရဲတာက၊ အဆိုးဆုံး ဖြစ်သည်။





ထိုအခါ -

အပေါ်ထပ်သို့ လှမ်းတက်နေတဲ့ မေ့ခြေတစ်လှမ်းတိုင်း မျက်ရည် တစ်စက်စီ ကျလေသည်။

မေ့ကို ဘာဖြစ်လို့ ဒီလောက်တောင် ချုပ်ချယ်ရတာလဲ။ ပြောပါကိုကြီးရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၀)

"ဟော့ ခါခါ"

"ဘာလဲ နေ"

"ခါခါ ပြောတော့ မေ လာမယ်ဆို"

နေ ရဲရင့် အပြေးကလေးရောက်လာပြီးမေးလျှင် ခါခါနှဲ့ဝေသာလည်း မျက်နှာမကောင်း ဖြစ်ရလေသည်။ မေ့ကို လည်တဆန့်ဆန့်မျှော်နေရာမှ –

"မေ လာမယ်ပြောတာပဲ။ အန်တီကလည်း မေ့ကို လွှတ်ပေးမယ်လို့ ခါတို့ကို ပြောတယ်လေ။ ခုချိန်ထိ မရောက်သေးလို့ ခါတို့ခြံဝက ထွက်စောင့်နေတာ"





"ဖုန်းဆက်ကြည့်ပါလား"

နေ ပြောလျှင် ဝေသာက နှာခေါင်းလေးရှုတ်၍ –

"ကိုလေးနဲ့ တိုးနေမှာပေါ့"

"ကျွတ်"

နေရဲရင့် တင်းခနဲ့ဖြစ်ကာ နှုတ်ခမ်းကိုက်လိုက်၏။

"လှူစုံနေပြီ နေ၊ နေ အခန်းထဲဝင်နေလိုက်။ ခါခါတို့ မေ့ကို နာရီဝက်လောက် စောင့်လိုက်ဦးမယ်"

"ငါလည်း စောင့်မှာပေါ့ဟ"

"စောင့်ချင်သပဆိုလည်း စောင့်"

ခါခါကလည်း နေ့သဘောအတိုင်း စောင့်ခွင့်ပေးလိုက်သည်။ ခါခါနှဲ့ဝေသာက ဘော်ဒါဆောင်ရှေ့က အုတ်ခုံမှာထိုင်ပြီး စောင့်နေပေမယ့် နေရဲရင့်က မထိုင်နိုင်။

ဟိုဟိုဒီဒီ လျှောက်နေသလို လာရာလမ်းဘက်လည်း လည်ဆန့်ဆန့်ကြည့်၏။

"နေရယ်၊ ငြိမ်ငြိမ်လေးထိုင်နေစမ်းပါ"

"ဟ ငါ့ရင်ထဲမှာ မငြိမ်တာ"

နေပြောတော့လည်း ဟုတ်နေသည်။ ရင်ထဲမှာမငြိမ်တော့ ခြေကလည်း မငြိမ်။ သည်းတယ်လို့ပြောဖို့လည်း ခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဝေသာက ခါခါ့ကို မပြောနဲ့လို့ တံတောင်နဲ့တို့ပြီး အသံတိတ်တိတ်ပြော၏။

"အေးပါဟာ"

"တီ တီ တီ"

ခါခါပြောလို့ မဆုံးသေးခင် ခါ့လက်ကိုင်အိတ်လှလှလေးထဲက ဖုန်းမြည်လာသည်။ ခါ ကမန်းကတန်းပဲ အိတ်ထဲက လက်ကိုင်ဖုန်းလေး ထုတ်ပြီး ကိုင်သည်။

တစ်ဆက်တည်းလည်း ဖုန်းမှတ်၌ နားနားကပ်၍ ထူးလိုက်သည်။

"ဟဲလို"

"ခါခါလား"

"ဟုတ် ဟုတ်တယ် ကိုလေး"

"ခါတို့ အခု ဘယ်မှာလဲ"

"ဘော်ဒါဆောင်ပွဲမှာ ကိုလေးရဲ့၊ မေ မလာဘူးလားဟင်"

ခါခါ အရဲစွန့်ပြီးမေးလိုက်သည်။ နေရဲရင့်နဲ့ ဝေသာလည်း စိတ်ဝင်တစားနှင့် အသံတိတ်ပြီး ကိုလေးဘာပြောမလဲဆိုတာ ဝိုင်းကပ်၍ နားထောင်လေသည်။

ခါခါက မေလာမလာမေးသံဆုံးတာနဲ့ ကိုလေးပြောသည်က–

"ဟိုကောင် နေရဲရင့် ရှိနေလား"





ဝေသာက လက်ခါပြသလို နေကလည်း ခေါင်းခါပြ၏။ ထို့ကြောင့် ခါခါ ချက်ချင်းပြန်ပြောလိုက်သည်။

"မ မရှိဘူး ကိုလေးရဲ့"

"တကယ် လိမ်တာလား"

"ဟာ မလိမ်ပါဘူးကိုလေးရဲ့၊ မယုံရင် ကိုလေးပါလာခဲ့"

"အေး လိမ်တာဆိုရင်တော့ မလွယ်ဘူး"

"တကယ်ပါ၊ မေ့ကို လာပို့မယ် မဟုတ်လားဟင် ကိုလေး"

"အင်း"

ကိုလေးဖုန်းချသွားလျှင် သူငယ်ချင်းသုံးယောက် လိုက်ခနဲ မြူးသွား၏။ နေက ဝိုင်ဖြူကာ နှီးခနဲ လေချွန်လေသည်။ ခါခါက နှိပ်ပိတ်၍ အိတ်ထဲပြန်ထည့်ပြီး –

"နေ နင် ရှောင်ပေတော့"

"ဟုတ်တယ်နေ၊ တော်ကြာ ကိုလေးမြင်သွားရင် ပြဿနာ ထက်ကုန်မယ်"

ဝေသာကလည်း ပြောပြန်သည်။

ဝမ်းသာလို့ပင် မပြီးသေး ရှောင်ရမယ်ဆိုတော့ နေရဲရင့် မျက်နှာ ညည်း သုန်မှုန်သွားသည်။

"လာနေ"



www.burmeseclassic.com

www.burmeseclassic.com



ခါခါက နေ့ကို အတင်းဆွဲခေါ်လာသည်။

"ဘယ်လဲဟာ"

"လာစမ်းပါ"

ခါခါက မလွှတ်တမ်း ဆွဲခေါ်သွားသည်။

ဘော်ဒါဆောင်က ရှေ့ဘက်မှာ ပန်းခြံလေးလိုလုပ်ထားတာ မဟုတ်လား။ ခြံစည်းရိုးဘက်မှာ အာဆီယံ သခွေပင်တွေရှိပြီး ထိုသခွေ ပင်နောက်မှာ ခုံတန်းလေးရှိသည်။

"ကဲ ထိုင်"

ခါခါက ထိုခုံတန်းမှအတင်းပဲထိုင်စေသည်။ နေ မထိုင်ချင် ထိုင်ချင်နဲ့ ထိုင်လိုက်ရသည်။

"နေ အဲဒီမှာပဲ ရှောင်နေ။ အပြင်ဘက်ကကြည့်ရင် နေ့ကို မမြင်ရဘူး။ ကိုလေးက မယုံဘဲ ဘူဖေးအခန်းထဲထိ ဝင်ကြည့်နိုင်တယ်။ ဒီနေရာက လုံခြုံတယ်။ ပြီးတော့ နေရောက်နေတာ တခြားသူငယ်ချင်း တွေလည်း မမြင်သေးဘူးဆိုတော့ နေမလာဘူးလို့ ယူဆမယ်လေ၊ မဟုတ် ဘူးလား"

ခါခါကပြောဆိုပြီး သူ့ကိုထားသွားလေသည်။ ခါခါပြောနေတာ လည်း ဟုတ်နေတာမို့ နေရဲရင့် ငြိမ်ရလေသည်။

အာဆီယံသခွေပင်ကလည်း ခပ်ပုပု ခပ်ဝိုင်းဝိုင်းနဲ့ အကိုင်း



အကိုင်းအခက်တွေဖြာနေသလို အပင်တွေကလည်း တစ်ပင်နဲ့တစ်ပင် အလှမ်း ဝေးတာမို့ ခုံပေါ်မှာထိုင်နေရင်း မမြင်ရအောင် ကာထားပေးသလို ဖြစ်၏။

ထို့ကြောင့် ကိုလေးမမြင်အောင် ရှောင်နေဖို့ ဒီထိုင်ခုံလေးက အလုံခြုံဆုံးဖြစ်သည်။ သို့သော်လည်း ကိုင်းလက်တွေကြားမှာ မေ့အလာကို စိတ်လှုပ်ရှားစွာချောင်းကြည့်နေမိတာ မျက်တောင်လေးပင် မခတ်နိုင်ပါ။

သိပ်မကြာပါဘူး။

ကိုလေးမောင်းလာတဲ့ကားလေးက ဘော်ဒါဆောင်ဝမှာ လာရပ် ၏။ ကားပေါ်မှ နတ်သမီးလေးလိုလှနေသော 'မေ'က၊ ဆင်းလာသည်။

ကိုလေးလည်း ကားမောင်းနေရာမှဆင်းကာ –

ခါခါနဲ့ဝေသာတို့ကို ရှေ့သွားနှင့်ပြီး မေနဲ့ကိုလေးက နောက်က လိုက်ကာ ဂုဏ်ပြုပွဲကျင်းပမယ့်ခန်းမဆီ တန်းသွား၏။

ထိုခန်းမထဲမှာ သူ ရှိ မရှိ ကိုလေးကြည့်မှာသေချာသည်။

ဘော်ပါသေးရဲ့ ခါ့အကြံကောင်းပေလို့။ နောက်ဆိုမလွယ်။

ကိုလေး ခန်းမထဲဝင်သွားသလို တံခိုင်ရှည်ကြီးပတ်လည်မှာ ဝိုင်းဖွဲ့နေကြ သည့် ညီမလေးရဲ့သူငယ်ချင်းတွေထဲမှ နေရဲရင့်ကို ရှာကြည့်သည်။

မတွေ့တော့ စိတ်အေးသလိုဖြစ်၏။

ထို့နောက် အန်တီကြီးကို သေချာမှာသည်က –



www.burmeseclassic.com

www.burmeseclassic.com



"မေ့ကို ကျွန်တော်လာပြန်ကြိုပါ့မယ် အန်တီ။ ဘယ်သူ့ကို မေ့ကို ပြန်ခွင့်မပေးပါနဲ့"

"စိတ်ချပါ ကိုလေး"

အန်တီကြီးလည်း အာမခံတာမို့ ကိုလေး ပို၍ စိတ်ချသွားသည်။

"မေ ကိုလေး လာကြိုမယ်နော်"

"ဟုတ်ကဲ့ ကိုလေး"

မေ ပျော်ရွှင်စွာ ခေါင်းလေးညိတ်၏။ ကိုလေး ပြန်သွားမှ မေ သက်မလေးချကာ အန်တီကြီးချပေးတဲ့နေရာမှာ ခါခါတို့နှင့်အတူ ထိုင်သေ သည်။

ထိုအခါ မေ့ရင်ထဲမှာ ပျော်နေသလို မျက်ဝန်းမှာလည်း ရွှင် လျက်။ အဲဒီနောက်မှာ ရှာနေမိသည်က။

✿ ✿ ✿



## အခန်း (၉)

"အိမ်ပြန်ရောက်မှ မုန့်ရှေ့ကျောပေးရပ်ပြီးကြည့်"

"ဟွန်း"

မေ မျက်စောင်းထိုးလိုက်သည်။

"တကယ်ပြောတာ၊ မေ ကြည့်လိုက်။ ပြီးရင် မေ ဘာပြောချင် သေး၊ စာရေးထားလိုက်။ စာရေးပြီးရင် ငုံ့အခန်းနဲ့တည့်နေတဲ့ အုတ်တံတိုင်း ပေါ် တင်ထားလိုက်။ အဲစာခေါက်ကို ခဲလုံးလေးနဲ့ ဖိထားဖို့မမေ့နဲ့၊ ခဲ"

နေပြောတာလေးတွေကို မေ ကြားယောင်နေလျှင် ပို၍ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်နေမိသည်။ တကယ်လည်း မကြည့်ဘဲ မနေသာပါ။

မေတို့ ဘူဖေးစားနေရင်း ခါခါ အချက်ပေးသည်နှင့် အန်တီကြီး မရိပ်မိအောင် မေ လှစ်ခနဲထွက်ခဲ့သည်က နေ ထိုင်နေတဲ့ ခုံတန်းလေးဆီ။

နေက အားရဝမ်းသာ မေ့ကိုဆွဲယူရင်း ခုံတန်းမှာ ထိုင်စေသည် ပြီးတော့ပြောသည်။

"ငါ အန်ကယ်ဆီက ပုံဆွဲနည်းသင်လိုက်တယ်"

"နင့်ပထွေးဆီမှာ နင်က ပုံဆွဲသင်တယ်"

"သင်တာပေါ့ဟ၊ အန်ကယ်က စိတ်ရှည်လက်ရှည် သင်ပေး တယ်၊ ဒီနေ့ မေနဲ့ဆုံရင် မေ့အတွက် အမှတ်တရ ပုံတစ်ပုံဆွဲပေးမယ်လေ"

"အံမယ်"

"တကယ်ပါ"

"ကဲ ဆွဲမယ်ဆို ဆွဲပေးလေ"

"မေ ဟိုဘက်လှည့်"

နေက ဆော့ပင်နီထုတ်ရင်းပြောသည်။ မေက မကြည့်လင် ဖြစ်ကာ –

"ဘယ်ဘက်လှည့်ရမှာလဲ"

"ငါ့ကို ကျောပေးထိုင်လိုက်။ မေ့လက်မောင်းနောက်မှာ ရုံ ပေးမယ်"





"အို ကြိုကြိုဖန်ဖန်"

"ဘယ်သူမှ သတိမထားမိအောင်လေ။ လက်မောင်းအနောက် ဆိုတော့ မေ့ဆံပင်နဲ့လည်းကွယ်နေမယ်။ ဘယ်သူမှ မြင်မှာမဟုတ်ဘူး"

"ဟွန်း ဒါဆို မေလည်း မမြင်ရဘူးပေါ့"

"မေက မှန်ရှေ့ကျောပေးရပ်ပြီး ကြည့်လိုက်ရင် မှန်ထဲပေါ်နေ မယ်။ အဲဒီတော့ မေမြင်ရပြီပေါ့"

"ဟွန်း နင်ဟာလေ"

"ကဲပါ နောက်လှည့်"

မေကပြောတဲ့အတိုင်း ခုံတန်းလေးမှာထိုင်နေရာမှ နောက်ဘက် လှည့်ပေး၏။ နေက မေ့ဆံပင်တွေကို ဘယ်လက်မောင်းနောက်မှ ရှေ့သို့ဘက် ဖယ်ရှား၏။

ပြီးတော့ ဖြောင့်ရှင်းနေတဲ့ မေ့လက်မောင်းသားလေးကို ဖွဖွ ကိုင်၍ ဆော့ပင်နီအပြာလေးနဲ့ ရေးဆွဲ၏။ ထိုအခါ မေ့လက်မောင်းသား လေး တရှိန်းရှိန်းဖြစ်လာ၏။

ဆော့ပင်နီရဲ့ အကွေ့အဝိုက်လေးတွေက မေ့ရင်ကို ဖိစေတာ လား ဒါမှမဟုတ် ရင်ခုန်စေတာလား။ မေ ခွဲခွဲခြားခြား မသိပေမယ့် ကြည်နူးနေတာတော့အမှန်ရယ်။

ထိုကာတည်းက မေ မှန်ပြေးကြည့်ချင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးလာခေါ်ချိန်အထိ အနက်တီကြိုးနားနေပြီး စောင့်နေရတာ စိတ်မရှည်ချင်တော့ပါ။ ကိုလေး လာကြိုတာ အားလုံးသောသူငယ်ချင်းများ ပြန်သွားမှ။

ကိုလေးအမိန့်အတိုင်း မစောင့်နေတော့ လိမ္မာလိုက်တာတဲ့။ ကိုလေး ထိုသို့ပြောတော့ မေ့စိတ်ကမလုံခြုံ။

ဆံပင်နဲ့လက်မောင်းလေးတွေ လုံခြုံအောင် ဖုံးကွယ်ထားရသည်။ တကယ်လို့ ကိုလေးသိရင်တော့ နောက်နောင် မေ ဘယ်မှ သွားလာခွင့် ရတော့မှာမဟုတ်ဘူး။

ဒါကြောင့်မို့ ကုန်ရှုမျက်တမ်း လိုက်ပါလာခဲ့သည်။ စံအိမ်ထဲ ရောက်တာနဲ့ မာမီ့အခန်းထဲတောင် ဝင်မနေတော့ပါ။ အပေါ်ထပ်သို့ အပြေးကလေးတက်သွားတော့။

အခန်းထဲရောက်တာနဲ့ တံခါးကို ဂျက်ကျအောင်ပိတ်၏။ လက်ကိုင်အိတ်လေးကို မွေ့ရာအပေါ် ပစ်တင်ရင်း မေက မှန်ရှေ့ပြေး လေသည်။

မှန်ရှေ့ရောက်လျှင် ဆံပင်တွေကိုသိမ်းရုပြီး ကျားပါးစပ်ကလစ်နှင့် ခေါက်တင်လိုက်၏။

နောက်ကြောပြောင်ရှင်းသွားတာမို့ လက်ပြတ်ဂါဝန်လေးကြောင့် လက်မောင်းသားလေး ဝင်းခနဲပေါ်၏။





မှန်တက်ကျောပေးရပ်၍ လက်မောင်းနောက်ဘက် လှည့်ကြည့်ချင်း မှန်ထဲမှာ ပေါ်လွင်နေတဲ့ပုံလေးက မေ့ရင်ကို လှိုက်မြူးသွားစေ၏။

ပုံလေးက ရယ်မောနေတဲ့ နေမျက်နှာတစ်ပိုင်းပုံ။

ထိုမျက်နှာပုံအောက်မှာ စာတန်းလေး။ ထိုစာတန်းက 'မေ့ကို ချစ်တဲ့ နေတဲ့'။

ဟွန်း။

နေ့ပုံလေးနဲ့ ထိုစာတန်းလေးကိုကြည့်ပြီး 'မေ' က ရင်ခုန်စိတ် လှုပ်ရှားများ...ကောင်းလှလှထိုးမိချေပြီ။

ပြီးတော့ နှုတ်မှလည်း လိုက်ဖိုစွာ ရေရွတ်၏။

နေ၊ လှလည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ချစ်စရာကောင်းလှသော ညနေတစ်ခင်းရယ်ပါ။

ထိုညနေခင်းက တိမ်တောက်နေတာမို့ ဝန်းကျင်တစ်ခွင်လုံး အလှတို့ မြူးလျက်ရှိသည်။

ထိုအချိန်မှာ ချစ်သူကိုတွေ့ရရင် သိပ်ကောင်းမှာပဲ။

နေရဲရင့် ပိုပိုသာသာ တွေးနေမိသည်။

ဟုတ်တယ်လေ၊ ဘယ်သူဖြစ်ဖြစ် ချစ်သူကို တွေ့ချင်လှတာ မဆန်းပါဘူး။ ဒါပေမဲ့ ဘီလူး၊ ကျွမ်းနဲ့တူတဲ့ ကိုကြီးနဲ့ကိုလေးကို နေ မျက်မုန်းကျိုးလှသည်။

နေနဲ့တွေ့ခွင့်မရအောင် မေ့ကို သံပခြုပ်ထဲ ထည့်သိမ်းထားသလို

ရှေ့ပြည်သိမ်းစာပေ



စောင့်အရှောက်ပြုနေတာက သည်းမခံချင်စရာ။

အထူးသဖြင့် ထိုတစ်ညကကိစ္စ။

စာမေးပွဲအောင်ခြင်း အထိမ်းအမှတ်နဲ့ ထိုည နေတို့သူငယ်ချင်း ချစ်ဖွဲ့ကို နေ့ပထွေး အန်ကယ်ဦးနိုင်မင်းက ပါတီငယ်လေးလုပ်ပေး၏။

ခြံထဲမှာ ဝိုင်းဖွဲ့စားသောက်ကြ၏။ ဘီယာလည်း မှုနေကြသည်။

ကြားထဲ သီချင်းရေးတတ်တဲ့ ထက်ပညာက သီချင်းသစ်တစ်ပုဒ် ရေး သည်။

ထိုသီချင်းသစ်ကို ဘယ်အဆိုတော်ကိုမှ မရောင်းရသေးပါ။ နေကလည်း သီချင်းဆိုတာ ဝါသနာပါတာမို့ နေ့ကို ဆိုနိုင်းလေသည်။

နေကလည်း မငြင်း။ ဘီယာမူးနေချိန်မှာ သီချင်းသစ်လေး ရဲ့မှာကို ခံတွင်းတွေ့၏။ ဒါနဲ့ပဲ စားသောက်ပွဲက သီချင်းဆိုပွဲအဖြစ် ချက်ချင်း ပြောင်းလဲသွားသည်။

သီချင်းခေါင်းစဉ်ကလည်း နေ့ရင်ခုန်သံနှင့် ဟာမိုနီဖြစ်နေပါ သည်။

'မေ' တဲ့။

သီချင်းခေါင်းစဉ်လေးကို 'နေ' မြတ်နိုးသွားသလို၊ သီချင်းစာ သားကိုလည်း အကြိုက်တွေ့လေသည်။

ထိုအခါ ဂီတာဆွဲယူပြီး နှလုံးသားတစ်ခုလုံး နှစ်မြှောသွား

www.burmeseclassic.com

www.burmeseclassic.com



သည့်အထိ သိဆိုမိလေသည်။

xxx **'မေ'** xxx

နတ်သမီးလေးလို xxx လှတဲ့ xxx မေ xxx

ငွေကြယ်စင်လို xxx လင်းတဲ့ xxx မေ xxx

ရွှေဘုံစံ xxx မေ xxx မေ xxx မေ xxx

အစောင့်အကြပ်တွေ xxx ဘီလူးတွေ xxx ကျွန်မရေ

xxx တားလို့နေ xxx ရွှေနန်းဆောင်ထဲမှာ xxx မြန်းရတဲ့ xxx မေ

xxx လောင်းရိပ်မိပန်းလေးနယ် မေ အချစ်စိတ်တွေ xxx မစွမ်းနိုင်တယ်

ဘယ်ဘဝ ဝဋ်ကြွေးနဲ့ xxx လှောင်အိမ်ထဲစံနေရလဲ xxx

ပြောပါမေ။

ကျွန်မတစ်ထောင်တားလဲ xxx မောင် ++ မမှုချင်တယ်

xxx လာ လာ မေ xxx ငှက်တွေလို ပျံကြမယ် xxx ချစ်ဝေဟင်

xxx နှစ်ပါးယှက်ကာ xxx ကျွန်မတံတိုင်းကို xxx အချစ်စစ်နဲ့ xxx

ကျော် ကျော်လွှားကြမယ် xxx

မေ xxx နတ်သမီးလေးလို xxx လှတဲ့ xxx မေ။

ငွေကြယ်စင်လို xxx လင်းတဲ့ xxx မေ။

နေဆိုနေတဲ့သီချင်းလေး မဆုံးလိုက်ပါ။

✿ ✿ ✿

## အခန်း (၁၁)

"မေ"

ကိုကြီးခေါ်သံက စူးရှနေသလို ဒေါသတွေလည်းစွက်နေသည်။ ထို့ကြောင့် မေ ဂွမ်းစောင်လေးခြုံကာ အိပ်ပျော်ချင်ဟန်ဆောင်လိုက်ရသည်။

ဟိုဘက်ခြံက နေတို့သီချင်းဆိုသံကြားနေကတည်းက ကိုကြီး ဒေါသဖြစ်နေမှန်း မေသိသည်။

ဒါကြောင့် ထူးလည်းမထူးဘဲ ငြိမ်နေလိုက်ရသည်။

"မေ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာရင်း ကိုကြီး ခေါ်ပြန်သည်။ မေ့အခန်းမီးမှိတ်ထားလို့ တော်သေးသည်။

"သမီးလေး အိပ်နေပါပြီ။ မာမီပြောသားပဲ သားရယ် လာ ဟိုက သူတို့ဘာသာ ဆိုနေတာနေမှာ"

"မဟုတ်ဘူး မာမီ"

"သားကြီးစိတ်ထင်တာတွေ လွန်နေလိမ့်မယ်။ သမီးငယ်က ဘူဖေးကပြန်လာကတည်းက ပင်ပန်းပြီး စောစောအိပ်ဖြစ်တာလေ၊ လာ ကွယ်"

မာမီက ဖျောင်းဖျပြောဆိုရင်း ကိုကြီးကို အတင်းဆွဲခေါ်သွား၏။ တကယ်လို့ မေနိုးနေတယ်ဆိုရင် ပြဿနာက မိုးမီးလောင်မှာ သေချာသည်။ ခုလည်း ငြိမ်းမှာမဟုတ်ဘူး။

မေသိတယ်။

မာမို့နောက်ကနေ ကိုကြီးပါသွားပေမယ့် မေ ရင်တဒိတ်ဒိတ်နဲ့ နားစွင့်နေရသည်။ အဖြစ်အပျက်၊ ထင်တာထက်ပိုဆိုး၏။

နေတို့သီချင်းဆိုလို့ မဆုံးသေးခင် ခြံထဲက ရေပိုက်ကြီးနဲ့ နေတို့အဖွဲ့ကို ကိုကြီးနဲ့ကိုလေး ထိုးပက်တော့၏။

"ဟာ ဟေ့ ဘာလို့ရေပက်ရတာလဲ"

"ပက်တယ်ကွ ပက်တယ်"





"ဟာ ကိုကြီးတို့နော်"

နေ သည်းမခံစွာ ပြန်အော်သည်။ ကိုကြီးနဲ့ကိုလေးတို့လည်း ဆက်မလျှော့ပါ။

ရေပိုက်နှစ်ချောင်းနဲ့ အုတ်ရိုးကျော်ပြီး ပက်နေတာ မရပ်မနားမို့ နေတို့အားလုံး ရွှဲစိုရုံမကပါ။

ရေတွေမွန်ကာ။

"တောက်"

တောက်ခတ်သံတွေ ရေသံထဲ လုံးထွေးသွား၏။ နောက်ဆုံးတော့ နေတို့တစ်ဖွဲ့လုံး တိုက်ထဲဝင်ပြေးသွားမှ ကိုကြီးတို့လည်း ရေပိုက်ပိတ်လိုက်သည်။

ကြားထဲကမာမီက ပျာယာခတ်လျက်။

"သားကြီးနဲ့သားငယ်ရယ်၊ တော်ကြာ ပြဿနာတက်နေလိမ့်မယ်"

"တက်ရဲတက်ကြည့်ပါလား။ ဆွဲစေ့လိုက်မယ် မာမီ"

"မဟုတ်သေးပါဘူးကွယ်"

"ဒီကိစ္စ မာမီဝင်မပြောနဲ့"

သားငယ်က ယတိပြတ်ပြော၏။ ဒေါ်ဖြူဖြူစော ရင်မှာထိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးကလည်း ဆိုသည်။

"ဟုတ်တယ်မာမီ၊ ဒီကောင်တွေကို လွှတ်ထားရင် ပိုဆိုးလာမယ် ဆိုတဲ့သီချင်းကိုလည်း ကြည့်ဦး။ မေ့နေမည်နဲ့၊ ဒါ သားတို့ကို အရွဲ့တိုက် တာ။ သောက်ဂရုမစိုက်တာ မာမီ။ ဒင်းတို့ကို ဒီထက်မက တုံ့ပြန်ရ ရသေးတယ်"

သားနှစ်ယောက်က ထိုသို့ သည်းထန်နေလေတော့ ဒေါ်ဖြူ စော ဘာမှမပြောသာတော့ပါ။ အခန်းထဲဝင်ရင်း သက်မတချချဖြစ်နေ လျှင် အသက်ရှူရပါ မွန်းကြပ်လာသည်။

ဒါကြောင့် ဆေးလေးသောက်ပြီး မွေ့ရာပေါ်မှာပဲ ငြိမ်နေလိုက် သည်။

ဒီသားနှစ်ယောက်နဲ့ သမီးလေး ရေရှည် ဘယ်လိုဖြစ်ကြမလဲ။

သူမကလည်း နှလုံးရောဂါသည်။ ဖုတ်ခနဲ ဖတ်ခနဲ တစ်ခု မဖြစ်နိုင်ဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါ။

သူမ မျက်စိမှိတ်သွားရင်။

ဒေါ်ဖြူဖြူစော ဆုံးအောင် မတွေးနိုင်ပါ။

သားနှစ်ယောက်က ဟိုဘက်က ဘာတုံ့ပြန်လာမလဲဆိုတာ စောင့်ကြည့်နေဆဲ။

သမီးလေးအိပ်ပျော်နေတာပဲ ကံကောင်း။





နောက်ဆို ဟိုဘက်ခြံကပြဿနာ သမီးလေးကို ကူးစက်မှာ စလွဲပေ။ ခုရော သမီးလေး တကယ်ပဲ အိပ်ပျော်နေတာလား။

အိပ်ပျော်ဟန်ဆောင်နေတာဆိုရင်။

ဘုရားရေ။

ထိုအတွေးနောက်မှာ

ဒေါ်ဖြူဖြူစော နှလုံးသား ဖိုး၍ ဖိုး၍ မွန်းကြပ်လာလျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"နေ ဟေ့နေ"

"ရှိတယ်ဟ ဝင်လာကြ"

"ဘယ်လိုလဲ နေ၊ ညဘက်ကြီး သကြန်ကျလို့ အပျင်းများနေတယ်ဆို"

ခါခါ မေမြန်းရင်း အခန်းထဲဝင်လာလေသည်။ ခါခါနဲ့အတူ တခြားသူငယ်ချင်းများဖြစ်တဲ့ ဇင်ဇင်၊ စုဝေ့နဲ့ ဝေသာလည်းပါသည်။

နေ မျက်နှာရှုည်း သုန်မှုန်လျက် မွေ့ရာပေါ်လှဲနေရာမှထသည်။ ခါခါတို့ ထိုင်ခုံတွေ ဆွဲယူပြီး ဝင်ထိုင်ကြသည်။





"နင်တို့ကို ဘယ်သူပြောလဲ"

"ခေတ်ဗညား ပြောပြတာပေါ့ဟ"

"ဟာ ဒီကောင်ကွာ"

နေ့မျက်နှာလေး နီရဲသွားသည်။ အများသေွးအနည်းငယ်ရှိနေတာမို့ မျက်လုံးအစုံ နီရဲနေသေးသည်က သက်သေခံသလိုဖြစ်နေသည်တော့တ်လား။

"ဗညားတို့က စေတနာနဲ့ပြောတာပါ နေရယ်။ နေ့ကိုစိတ်ပူလို့ပြောပြတာပဲ။ နေက စိတ်ဆိုးချင်သေးတယ်ပေါ့လေ"

"ဟ ငါခံရတဲ့ကိစ္စ"

"ဟုတ်ပါတယ်၊ ကိုကြီးတို့ကလည်း ကလေးကလားဆန်လွန်းတယ်။ တကယ်ဆို ဘာဆိုင်တာမို့လဲ"

"အဲဒါပဲ ခံပြင်းတာ။ ငါတို့တာသာ သီချင်းဆိုတာ ဘယ်သူ့ကိုအနှောင့်အယှက်ပေးနေလို့လဲ"

"ကဲပါ စိတ်လျှော့ပါတော့။ ခု ဘာစားပြီးပြီလဲ၊ ဆေးကောသောက်ပြီးပြီလား။

ဝေသာက မနေသာ။ ထိုသို့မေးလေသည်။ နေ ခေါင်းခါရင်းပြောသည်။

"မသောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဘယ်လိုလူလဲ။ ဆေးမသောက်ရင် ပိုပြီးဖျားမှာပေါ့"

"ဖျား ဖျား"

"အဲဒါသာကြည့်တော့ သမီးတို့ရယ်။ သားက ဖွတ်ဖြစ်နေတာ လေ"

ဒေါ်စိုးစိုးစံ ပြောရင်း အခန်းထဲဝင်လာသည်။ သားဖြစ်သူ အတွက် စိုးရိမ်ပူပန်မှုလည်း ပါနေသည်မဟုတ်လား။

"မာမီကလည်း သားဖွတ်ဖြစ်တာက နည်းနည်း ခံနေရတာက ရင်ထဲမှာအပြည့်"

"ကဲပါ၊ မာမီ အားလုံးနားလည်တယ်။ သားသူငယ်ချင်းတွေကို မာမီဧည့်ခံမယ်။ သားလည်း တစ်ခုခုစားပြီး ဆေးသောက်နော်သား"

ဒေါ်စိုးစိုးစံက သားဖြစ်သူ ဆေးသောက်ဖြစ်ဖို့ စည်းရုံးလေသည်။

ခါခါတို့ကလည်း –

"ဟုတ်သားပဲနော်၊ အန်တီ ခါတို့ကို ဘာကျွေးမှာလဲ"

"အငတ်မ"

ခါချို့ကို နေပြောၿပီ။ ခါခါကမမှုစွာ ရယ်ရင်း အန်တီ့ကို မော့ကြည့်၍ မေးလေသည်။

"ပြောလေ အန်တီ၊ ဘာကျွေးမှာလဲလို့"





"သမီးတို့ ဘာစားချင်လဲ"

"ဆီချက်"

"အိုကေ၊ အန်တီလုပ်ပေးမယ်။ သားကော ဘာစားချင်လဲ"

"အငတ်မစားတာနဲ့ မတူရင်ပြီးရော"

"အိုကေ"

ဒေါ်စိုးစိုးစံ ခုမှပဲ စိတ်ကြည်သာသွားသည်။ ခါခါက နေ့ကို မျက်စောင်းထိုးသည်။ အန်တီက ရယ်မောၿပီ။ သူငယ်ချင်းတွေလာကြ တော့မှ သားဖြစ်သူ ခုလို ပြောပြောဆိုဆို ဖြစ်လာတာလေ။

"အန်တီ မြန်မြန်လေးနော်"

"စိတ်ချပါ။ အန်တီ ခုပဲ သွားလုပ်လိုက်မယ်။ သမီးတို့ သားငယ် စကားပြောနှင့်"

"ဟုတ်"

ခါခါတို့ ခေါင်းလေညိတ်၍မဆုံးသေးခင် အန်တီက နေ့အခန်း ထဲက ထွက်သွားလေသည်။

ထိုအခါ –

ခါခါတို့ ပိုပြီးလွတ်လပ်စွာ ပြောဆိုဖြစ်ၿပီ။

"နေပါဦး၊ နေက အဲဒီသီချင်းကိုမှ ရွေးဆိုတာ ဒိုးရဲ့လား"

"ငါက လိုက်ခိုးနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခါပြောတာက မေ့အပေါ် ရိုးရိုးသားသားမှ ဟုတ်ရဲ့လား လို့မေးတာဟဲ့"

"သိဘူးလေ ရိုးလားဆိုတော့"

"ကဲပါ ရှင်းရှင်းလင်းလင်းပြော။ နေ့ရင်ထဲမှာ ဘာတွေရှိလဲ ပြောလေ ဝေသာတို့ အန်တီကျွေးတာစားပြီးရင် မေတ္တာကြီးဘက် ကူးမယ်"

"ဘာလဲ မာမီကျွေးတာစားပြီး မေ့မာမီကျွေးတာ သွားစားဦး မယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဝေသာတို့ မနက်စောစောထကတည်းက ဘာမှစားမလာဘူးဆိုတော့ ဒီလိုပဲ ဟိုအိမ်လှည့်စား၊ ဒီအိမ်လှည့်စား။ အဲ စားတာကနောက်မှ နင်ကလည်း"

ဝေသာပြောရင်း အလိုလိုရှက်သွားကာ နေ့လက်မောင်းကို လှမ်းထု၏။ ဖင်ဖင်နှင့်စုတွေးတို့က ပိုင်းရယ်၏။ ခါခါက ဟုတ်တာတွေ ပြောနေသည့်နေ့ကို မျက်စောင်းလှလှထိုး၏။

"ငါပြောတာ လွဲလို့လား"

"မလွဲပါဘူး။ ဒါပေမဲ့ နင်က အမှန်အတိုင်းပြောတော့ ခံရခက် တာပေါ့"

"ဟင့် ဟင့် ဟင့်"

ခါခါ စကားမဆုံးခင် နေ့နဲ့အတူ ဖင်ဖင်တို့ ရယ်ကြပြန်သည်။





နို့ ရယ်မောလိုက်တော့လည်း ရင်ထဲမှာပေါ့ပါးသလို ခံစားရလေသည်။

"ခါတို့ချည်းမဟုတ်ဘူး။ သူရိန်တို့လည်း လာကြဦးမယ်။ ည ကတည်းက သကြံန်ကျပြီး အဖျားဝင်နေတာတဲ့။ နေမထွက်ခင် သွားကြည့် ပြီး ငါတို့လည်းလိုက်ခဲ့မယ်လို့ ခေတ်ဗညား ပြောတာလေ"

"သိတယ် နင်တို့အုပ်စုအကြောင်း ဘယ်သူနာစေးလဲကအစ နာသတင်းလိုက်မေးမယ်။ ပြီးရင် လူနာအိမ်က စားပြီးပြန်မယ်ဆိုတာ"

"ခါတို့ အုပ်စုထဲမှာ နေလည်းပါတယ် မဟုတ်လား"

စုတွေး ဝင်ပြောတော့ နေ ဟက်ခနဲရယ်၏။

"ဟုတ်သားပဲ"

"ကဲ သမီးတို့ရေ ထမင်းစားခန်းထဲ လာခဲ့ကြ။ သားက အခန်း ထဲမှာပဲ စားမလား"

"ဟင့်အင်း"

အန်တီက စားစရာပြင်ဆင်ပြီး လာခေါ်သည်က ချစ်စရာ ကောင်းလှပေသည်။ ထိုအခါ သူငယ်ချင်းတစ်ဖွဲ့ စကားစပြတ်သွားကာ ထမင်းစားခန်းဆီ အလုအယက် သွားကြလေသည်။

နေကလည်း ထမင်းစားခန်းမှာပဲ ဝိုင်းဖွဲ့စားဖို့ စိတ်ဝင်စားတာမို့ အိပ်ရာပေါ်မှဆင်းလေသည်။ ထိုအချိန်မှာ သူရိန်တို့လည်း ရောက်လာကြ သည်မို့ စည်ပင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ စုံလင်ဖြစ်နေတော့လည်း မေ့ကို သတိရနေ ခဲ့နေခါ မေ ဘာလုပ်နေမလဲ။

ထိုသို့ တွေးမိလျှင်။

✿ ✿ ✿



## အခန်း (၁၃)

"မာမီ"

မေ အိပ်ရာထနောက်ကျနေတာမို့ နှိန်းနှိန်းချင်း ထမင်းစားခန်းဆီ ထည့်သွားရင်း ခေါ်ဆိုမိသည်။ ခါတိုင်း ဒီအချိန်ဆို ထမင်းစားခန်းထဲမှာ မေ့ကို မာမီ စောင့်နေကြ မဟုတ်လား။

ဒါကြောင့် ထမင်းစားခန်းထဲ မဝင်ရသေးခင် လှမ်းခေါ်ခြင်း ပြုသည်။ မေခေါ်ပေမယ့် မာမီ့အသံမကြားရပေ။ မေ ထမင်းစားခန်းထဲ ဝင်သွားပြီး –

"မာမီ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းမှာလည်း မာမီ့ကို မတွေ့ရပေ။ ထိုအခါ မီးဖိုခန်းဘက် ချောင်းကြည့်၏။ မီးဖိုခန်းမှာလည်း မမြင်။ မာမီ့ကို မမြင်ရတော့ မေ့ရင်ထဲမှာ လေးသွား၏။ ချက်ချင်း နောက်ပြန်လှည့်ကာ အိမ်ရှေ့ဘက် အပြေးကလေးထွက်ခဲ့သည်။

"မာမီ"

ဧည့်ခန်းနဲ့ ဘုရားခန်းမှာလည်း မတွေ့ရပေ။ မာမီသာမက ကိုကြီးနဲ့ကိုလေးကိုလည်း မမြင်။ တစ်တိုက်လုံး လူသံကင်းမဲ့စွာ တိတ်ဆိတ်နေသည်က မေ့စိတ်ကို ပို၍ လှုပ်ခါသွားစေသည်။

ထို့ကြောင့် ကျန်နေသေးသည့် မာမီ့အခန်းဆီ သုတ်ခနဲ ဝင်သွား၏။

"မာမီ"

ခေါ်ရင်း ဝှေ့ကြည့်တော့ မွေ့ရာပေါ်မှာ ကျောပေးလျက် ခွေအိပ်နေရှာတဲ့ မာမီရယ်လေ။

မေ သက်မရှည်လေးချရင်း မာမီ့အပါး တိုးကပ်သွား၏။

"မာမီ"

ခြင်ထောင်စလေး လှန်ပြီး မာမီ့ကိုခေါ်သလို မေ့လက်ကလည်း မာမီ့လက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရင်း နှိုးလေသည်။

"မာမီ ထတော့လေ ဟင်"





မေ လှုပ်နှိုးလျှင် မေ့လက်အတွေ့ဟာ နွေးနေတဲ့ မာမီ့ကိုယ် မဟုတ်။ ရေခဲတုံးလို အေးစက်နေလေသည်။ ထိုအခါ မေ ထိတ်ခနဲ ဖြစ်လျက် –

"မာမီ"

မာမီ့ကိုခေါ်ရင် မာမီ့ကိုယ်လေးကို ဆွဲလှန်ကြည့်၏။

"ဟင်"

ပက်လက်ကလေးဖြစ်သွားတဲ့ မာမီ့ကိုယ်ကလေးဟာ မျက်လွှာ မှိတ်လျက်သားနဲ့ ငြိမ်ချက်သားကောင်းနေလေသည်။

"မာမီ"

မေ့ခေါ်သံလေး အက်ရှတုန်ယင်သွား၏။ ဘုရားရေ မာမီ့ရင်ဘတ်ကို လက်နဲ့စမ်းသလို နားနဲ့လည်း ကပ်လျက် မာမီ့အသက်ရှူသံကို နားစွင့်၏။

သို့သော် မာမီ ရင်အုံလေးဟာ ငြိမ်သက်လျက်။

"ဘုရားရေ မာ မာမီ"

မေ အသံကုန်အော်ဟစ်ခေါ်ဆိုမိလျှင် မျက်ရည်တို့ ဝေါခနဲ ကျကုန်သည်က မာမီမှာအသက်မရှိတော့ဘူးဆိုတဲ့အသိကြောင့်ရယ်။

ထိုအခါ မေ ခြောက်ခြောက်ခြားခြားဖြစ်လေသည်။

"မာမီ၊ ကိုကြီး ကိုလေး၊ မာမီကို ခေါ်လို့မရတော့ဘူး၊ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ရေ ကိုကြီး။ ဟီး ဟီး ဟီး လာကြပါဦး မာမို့ကို ခေါ်လို့မရတော့ဘူး

မာမီရေ မာမီ"

"ဟင်"

ညီမလေးရဲ့ အော်ဟစ်ငိုသံကို ခြံဝကတည်းက ဆီး၍ကြား

သည်။ ညီအစ်ကိုနှစ်ယောက် အပြင်မှာ မနက်စာထွက်စားကြခြင်း

ကားရပ်ပြီးတာနဲ့ ကမန်းကတမ်း ကားပေါ်မှဆင်းကာ မာမို့အခန်း

ပြေးဝင်ခဲ့၏။

"ညီမလေး"

"မေ မာမီ ဘာဖြစ်တာလဲ"

"ဟီး မာမို့ကို ခေါ်လို့မရတော့ဘူး"

"ဟာ"

ညီအစ်ကိုနှစ်ယောက်လုံးရင်ထဲ ဒိန်းခနဲ ပေါက်ကွဲကာ မယုံ

တဲ့စိတ်နဲ့ မေ့ရင်ခွင်ထဲမှာ မာမို့ကို ဆွဲယူကြည့်၏။

"မာမီ"

"ဟာ"

မိခင်၏ကိုယ်လုံးလေးကို ဟိုစမ်း ဒီစမ်းနှင့် အစ်ကိုနှစ်ယော

သွေးပျက်နေလေသည်။

"ဟီး"



"မေ မာမီ ဘယ်လိုဖြစ်ရတာလဲ"

"ဟီး မေ နိုးတော့ မာမို့ကို မတွေ့ရဘူး။ အဲဒါနဲ့ မာမို့အခန်းထဲ ဝင်ကြည့်ကြည့်တော့မှ ဟီး မာမီ"

ပြောရင်း ရှိုက်ငိုနေတဲ့ ညီမလေးကို ကြည့်ပြီး ကိုလေး မျက်ရည်တွေ ကျလာသည်။

"မာမီ အသက်မရှိတော့ဘူး ညီညီ"

"ဟီး"

ကိုကြီးပြောသံနောက်မှာ ငိုသံတွေ သည်းသွား၏။ ဒါ ဘာကြောင့်လဲ။ မာမီ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။

ညကလည်း အကောင်းချည်း။

ဟင်း။

ဒီတော့မှ သတိရ၏။ ညက ဟိုဘက်ခြံနဲ့ ပြဿနာရဲ့နောက်မှာ။

"တောက်"

ကိုကြီး ပြင်းပြင်းထန်ထန် တောက်ခတ်လိုက်သည်က မာမီ ခုလိုဖြစ်ရတာ နိုင်ရဲရင့်ကြောင့်ဟု စွပ်စွဲသလို။

ဒင်းသာ မေ့နာမည်နဲ့ သီချင်းမဆိုခဲ့ရင် သူတို့လည်း ဒေါသထွက်ရမှာမဟုတ်ပေ။ ခုတော့ ထိုဒေါသတွေနောက်မှာ သူတို့ညီအစ်ကိုနှစ်ယောက် မာမို့ကို တင်းမာစွာ စကားတချို့ ဆိုခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားတွေနောက်မှာ မာမီ သက်မတချချနဲ့ အိပ်ခန်းထဲ ဝင်သွားသည်။ ခုလိုဖြစ်လာမယ်လို့ လုံးဝမထင်ခဲ့။

သူတို့ညီအစ်ကိုနှစ်တော့ မာမီ အိပ်ခန်းထဲက မထွက်သေးတာနဲ့ မနိုးရက်တာနဲ့ ညီအစ်ကိုနှစ်ယောက် အပြင်ထွက်ပြီး မနက်စာစားခြင်း

ခုတော့။

မာမီ ဒီလိုဖြစ်တာ ဒင်းကြောင့်။

"ဟီး ဟီး ဟီး မာမီ"

"မာမီ"

ညီနဲ့ညီမလေးရဲ့ ငိုသံတွေက သူ့နှလုံးသားကို မီးမြှိုက်သလို ခံစားရစေသည်။ သူတို့မိသားစုရင်မှာ မီးတောက်လောင်အောင်လုပ်တဲ့သူ။

နေ။

မင်းဟာ တို့မိသားစုအတွက် အစဉ်အမြဲ တောက်လောင်နေစေတဲ့ နေမင်းပဲ။

မင်းကို ဘယ်တော့မှ မကျေဘူးကွ။

"မာမီ"

မာမီ့ကို ရင်ခွင်ထဲပွေ့ပိုက်ထားမိတာ၊ မပြစ်ရက်နိုင်စွာ"

✿ ✿ ✿



## အခန်း (၁၄)

"ဟယ် တ တကယ်"

သူငယ်ချင်းအားလုံး မယုံနိုင်စွာ ထစ်ကုန်ကြသည်။

"ဟဲ့ ဟုတ်ရဲ့လား"

ဇင်ဇင်နွဲ့စုထွေး ထိတ်ထိတ်လန့်လန့် မေးလေသည်။ ဝေသာနဲ့ ခါခါ မျက်ရည် ဝေါခနဲကျလေသည်။

"ဟုတ်တယ် မေ့မာမီ ဆုံးသွားပြီ"

မေ့ငိုသံကြားရလို့ ဝေသာနဲ့ခါခါ သူငယ်ချင်းတွေနဲ့ ငိုင်းဖွဲ့စားသောက်နေရင်းတန်းလန်း ထသွားကြသည်က မေတို့တိုက်ဆီ။

www.burmeseclassic.com



သူငယ်ချင်းတွေလည်း အန်တီစိုးစိုးစံ ပြင်ဆင်ထားပေးတဲ့ မနက်စာကို စိတ်အားမပါစွာ စားသောက်နေကြသည်။

နေက ချက်ချင်းထွက်သွားသည်။ ပြတင်းပေါက်ဖွင့်ပြီး မေ တိုက်ဘက် လှမ်းကြည့်၏။

မကြာပါ။

ဝေသာတို့ မျက်နှာအပျက်ပျက်နဲ့ ပြန်ရောက်လာပြီးပြောသေ သည်။ ထိုအခါ သူငယ်ချင်းတွေ ဟိုဘက်တိုက်ပြေးကြ၏။

ဒေါ်စိုးစိုးစံကလည်း မယုံနိုင်စွာ။

"ဟဲ့ နေကြဦးလေ"

ဆွဲတားလို့လည်းမရတော့ပါ။

သားဖြစ်သူပါ သူငယ်ချင်းတွေနောက်လိုက်သွားလျှင် ဒေါ်စိုးစိုး ထိတ်ထိတ်လန့်လန့်ဖြင့် –

"သားငယ် နေဦး"

"သားငယ် မသွားနဲ့"

ဦးနိုင်မင်းကလည်း ကမန်းကတမ်း ထွက်လာပြီး ဆွဲတားသေ သည်။ နေ ရုန်းဖယ်ရင်း –

"ကျွန်တော်မယုံဘူး မာမီ"

"မယုံတာ မာမီလည်းပဲ။ ဒါပေမဲ့ မသွားနဲ့။ သားတို့နဲ့ ညက





တည်းက ရန်စရှိနေတယ်လေ"

"ဟုတ်တယ်သား။ အန်ကယ်ပြောတာ နားထောင်စမ်းပါ။ ဟိုညီ အစ်ကို သားကိုတွေ့ရင် ပိုပြီးပေါက်ကွဲနေမယ်ကွာ။ လာပါ။ အန်ကယ်တို့ လည်း မယုံချင်ဘူး။ စုထွေးတို့ပြန်လာတဲ့အခါ သေချာမေးကြည့်လို့ ရပါတယ်ကွာ"

ဒေါ်စိုးစိုးစံနဲ့ ဦးနိုင်မင်း ပြောဆိုဖျောင်းဖျရင်း နေ့ကိုဆွဲကာ အခန်းထဲ သွင်းလေသည်။ နေ့စိတ်နဲ့နေ သွားခွင့်မရတာ ဘယ်သူ့ကို အပြစ်တင်လို့ တင်ရကောင်းမှန်းမသိတော့ပါ။

ခုနေခါ မေ ဘယ်လိုခံစားနေရမလဲ။

သူသိချင်တာ ဒါပဲဖြစ်သည်။

"ဟင်"

ချက်ချင်းဆိုသလို ဝေသာတို့အားလုံး ပြန်ရောက်လာကြသည်။

"ကျွတ် မတရားဘူး"

"ဘာဖြစ်တာလဲ ဇင်ဇင်"

"ဇင်တို့ကို ကိုကြီးနှင်ထုတ်တယ်။ ခြံထဲအဝင်မခံဘူး"

"ဟုတ်တယ်၊ လုံးဝမတရားဘူး"

"မေ တစ်ခုခုဖြစ်သွားမှာစိုးရိမ်တယ်ဟာ"

အားလုံး တစ်ယောက်တစ်ယောက် ပြောဆိုကြလျှင် မေ့မာမီ



www.burmeseclassic.com

www.burmeseclassic.com



ခုံးသွားတော ပိုသေချာသွားတော့။ ထို့ပြင် သူငယ်ချင်းတွေကို တိုက်ထဲအခေါ် မခံဘဲ နှင်ထုတ်တဲ့အထိ တုန့်ပြန်တာတော့ လွန်လွန်းပြီ။

"တောက် သူတို့နှင်ထုတ်တိုင်း ပြန်လာစရာလား။ မေ တစ်ယောက်တည်း သွေးပျက်သွားမှာပေါ့ကွ။ နေဦး ငါသွားမယ်"

ပြောဆိုရင်း နေရဲရင့် ဖွတ်ထွက်သွားတော့။ သူငယ်ချင်းတွေ ထိတ်လန့်ကာ –

"ဟဲ့ နေ"

"နေဦး"

အော်ဟစ်ဟန့်တားရင်း နေ့ကို ဝိုင်းဆွဲကြလေသည်။

"ဟာ ဖယ်စမ်းပါ"

နေ ရုန်းထွက်တော့။ သို့သော်လည်း သူငယ်ချင်းတွေအင်အားများ တာမို့ လုံးဝထွက်သွားခွင့်မရအောင် ဆွဲတားလျက်။

"နေရယ် စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့။ ကိုကြီးက နေ့ကို ခေါ်းကြိမ်းကြိမ်းတာဟ"

"ဟုတ်တယ်၊ စုဝေးတို့ကိုလည်း မေနဲ့ လုံးဝမပတ်သက်နဲ့လို့ ပြောတာလေ"

"ဟုတ်တယ် နေ။ ကိုကြီးပုံစံက အရူးကြီးလိုပဲ။ မေတော့ ငိုနေတယ်။ ငါတို့ကောင်တွေလည်း မေ့ကို စိုးရိမ်ပါတယ်ကွာ။ မင်း





စိတ်လိုက်မာန်ပါ မသွားပါနဲ့ကွာ"

"ပြဿနာပိုကြီးလာမယ်ကွ"

သူ့ရိန့်နဲ့တေဇကလည်း ဆွဲတားရင်း ဖျောင်းဖျလေသည်။

"တောက်"

နေ ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။ ရင်ထဲမှာလောင်နေတာပဲ သိသည်။ ခုချိန်မှာ မေ့ကို ရင်ခွင်ထဲပွေ့ထားပြီး နှစ်သိမ့်ပေးချင်နေမိသည်။

ခုတော့ကွာ။

တောက်။

နေ ပေါက်ကွဲကာ ခြံထဲကပန်းအိုးတွေ ကန်ပစ်လွှဲပစ်နှင့် ထင် ချိုင်းကြဲနေမိသည်။

ဒေါ်စိုးစိုးစံနှင့် ဦးနိုင်မင်းကတော့ သားဖြစ်သူ ပေါက်ကွဲတဲ့ အတိုင်း ရပ်ကြည့်နေသော်လည်း ခြံတံခါးကိုတော့ အမြဲအလျှား သော့ ခတ်ရလေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အဟင့်"

မေ သတိရရချင်း အင့်ခနဲ ရှိုက်မိသလို မျက်ရည်တွေကလည်း ပြိုကျ၏။ ရင်ထဲမှာလည်း မာမီဟု အော်ခေါ်နေမိသည်။

"သမီး"

မေ့အသံကျယ်သွားသည်ထင်ရသည်။ မာမ့်ညီမ ဒေါ်သီတာဖေ နဲ့ မာမို့အစ်မ ဒေါ်စိမ်းစိမ်းဖေ အပြေးကလေးရောက်လာကြသည်။

မေ့နဖူးပေါ် လက်ဖဝါးလေးတင်ရင်း စိုးရိမ်တကြီးဆိုကြသည်။

"သမီး စိတ်ကိုထိန်းပါကွယ်။ မထင်မှတ်ဘဲဖြစ်သွားတာ အန်တီ





ည်း ကြေကွဲရပါတယ်"

"သမီးကိုယ်သမီး မထိန်းနိုင်ရင် ပိုဆိုးမှာပေါ့။ နော် သမီး။ အန်တီကြီးပြောတာ နားထောင်ပါကွယ်"

"အဟင့်ဟင့်"

မေ ငိုရှိုက် ငိုကြွေးမိလေသည်။ မေ ဘယ်လိုထိန်းရမလဲကွယ်။ ဖြစ်စဉ်က မယုံနိုင်နိုင်စရာရယ်။

မေ ဆယ်တန်းအောင်လို့ မာမီပျော်နေခဲ့သည်။ ဘုရားဖူးသွားခွင့် ကိုကြီးတို့ကို ပြောဆိုပေးလို့ မေ သွားခွင့်ရခဲ့သည်။ ထိုညမှာပဲ နေ ဆိုးသံကြောင့် ကိုကြီးတို့နဲ့ နေ ပြဿနာဖြစ်၏။

ထိုည ဘယ်အချိန်ကတည်းက မာမီ ဆုံးနေသည်မသိပါ။ မာမီ ပါသွားတာက မေ့ကို မျက်ရည်ပင်လယ်ထဲ ချန်ထားခဲ့သလိုပါပဲ

မာမီအသုဘအခမ်းအနားမှာ မေ ငိုရင်း သတိလစ်သွားခဲ့သည်။ ကို မီးသင်္ဂြိုဟ်စဉ် မေ့တစ်ကိုယ်လုံး မီးလောင်သလို ခံစားရကာ ကို ဖေးဖေးမမ တွဲထားတဲ့ အန်တီကြီးရင်ခွင်ထဲမှာ မေ့ကိုယ်လေး သွားလေသည်။

အဲဒီနောက် မေ ဘာမှမသိတော့ပါ။

မေ အသိဝင်လာချိန်မှာ အန်တီကြီးနဲ့အန်တီလေး မေ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေရှာသည်။ ကိုကြီးနဲ့ကိုလေးကလည်း မေ့ကို တယုတယ ဖြစ်လျက်။

"ညီမလေး မေ"

"မေ ငိုချင်ငိုလိုက်ကွာ။ မာမီ မရှိတော့ဘူး။ ကိုကြီးတို့ဘဝထဲက မာမီထွက်သွားပြီ"

ထိုသို့ အံကြိတ်ပြောရင်း ကိုကြီးလည်း ငိုချ၏။ မေ နုတ်ခမ်းလေးကိုက်ကာ အံကြိတ်ရင်း တဟင်းဟင်း ရှိုက်၏။

"ဟဲ့ သားကြီး နင်ပါ ဦးဆောင်ပြီးငိုနေရလား"

အန်တီကြီးက ကိုကြီးပခုံးကို ရိုက်ပုတ်ရင်း ပြော၏။ ပြောနေတဲ့ အန်တီကြီးအသံကလည်း ကြေကွဲဆို့နင့်နေလေသည်။

ထိုအခါ အန်တီလေးနဲ့ကိုလေးက ငိုချ၏။

မာမီမရှိတော့တာ မေ ကျွှာပျက်သလိုပါပဲကွယ်။

မာမီရယ်။

ဘယ်ဘဝရောက်ရောက် မေ့မာမီအဖြစ် ပြန်လာခဲ့ပါကွယ်။

✿ ✿ ✿



## အခန်း (၁၆)

"ဟော့ နေ ဒီမှာကွ"

တေဇအသံကျယ်နှင့် လက်မြှောက်ပြရင်း ခေါ်လေသည်။ နေ လှမ်းကြည့်လိုက်တော့ မိန်းပေါက်ရှေ့မှာ တေဇတို့အုပ်စုကိုမြင်သည်။ ထိုအခါ မောင်းနေတဲ့ နေ့ကားလေးကို အရှိန်လျှော့ပြီး ရပ်လိုက်သည်။

ထိုအခါ တေဇတို့အဖွဲ့ နေ့ကားပေါ်တက်ကြသည်။

"အင်းလျားကိုမောင်းကွာ"

သူရှိန်ဝင်ပြောသည်။ နေ မျက်မှောင်ကြုတ်ကြည့်၍ –

"ကျောင်းဝင်းထဲ အစမ်းသဘော ဝင်ကြည့်မယ်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှဝင်မယ်၊ လောလောဆယ် ဗိုက်ထဲက ဆန္ဒပြနေပြီ ကွာ"

"ဖြစ်ရမယ် မင်းတို့ကောင်တွေ"

နေ မကြည်သလို ရေရွတ်ရင်း ကားကို အင်းလျားဘက် မြ ကွေ့ရသည်။ ထိုင်းမှ စားသောက်ဆိုင်ရဲ့ ကားပါကင်မှာ ကားရပ်သည်။ သူငယ်ချင်းတွေ ကားပေါ်မှ ဦးစွာဆင်းကြလေသည်။

"လာနေ မင်းကို ပြောစရာရှိလို့၊ ဆိုင်ဘက်ရွှေ့ခဲ့တယ်"

"သိတယ်၊ မင်းတို့လည်း ဆာနေပြီ မဟုတ်လား"

"ဟာ မင်းကွာ"

"ကဲ ကြကြ"

နေ ပြောလိုက်တော့ ဇော်ညား မလုံမလဲဖြစ်လေသည်။ ထိုနောက် ဆိုင်ထဲဝန်းဝင်ပြီး အပြင်ဘက် မျက်နှာမူထားတဲ့ စားပွဲဝိုင်းမှာ ဝင်ထိုင်ကြ သည်။

ထိုင်ပြီးတာနဲ့ မီနူးကတ်ကြည့်ပြီး စားသောက်စရာမှာကြသည်။ နေလည်း သူငယ်ချင်းတွေနည်းတူ ယိုးဒယားငါးထမင်းနယ်မှာလိုက်သည်။ မှာပြီးမှ –

"ကဲ ပြော ဘာပြောဖို့လဲ"

"မေ့မာမီ ရက်လည်ပြီးရင် မေတို့ ပြောင်းတော့မယ်ဆို"





"ဟင်"

ဇောဖေပြောလျှင် နေ မျက်လုံးပြူးသွားသည်။

"ဟုတ်တယ်နေ၊ မေတို့အမျိုးတွေ ပြောဆိုနေတာတွေ ကိုယ်တို့ ကြားခဲ့တယ်"

ခေတ်ဇော်ညား အလေးအနက်ပြောသလို သူရိန်ကလည်း ခေါင်း ညိတ်ထောက်ခံလေသည်။

"ဘယ်ပြောင်းကြမှာလဲ"

"အဲဒါတော့ မသိဘူး"

"မင်းတို့ကလည်း တိတိကျကျ စုံစမ်းခဲ့တာ မဟုတ်ဘူး"

"ဟ တိတိကျကျ စုံစမ်းလို့မရလို့ပေါ့ကွာ"

"ငါတို့အဖွဲ့ကို ကိုကြီးတို့က ခြိမ်းခြောက်တောင်အနင်းခံတာမဟုတ် ဘူး။ မင်းလည်းသိသားနဲ့"

"ဒါတောင် မနည်းချည်းစုံစမ်းလို့ သိလာတာကွ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြသည်။ သူငယ်ချင်းတွေပြောတာလည်း ဟုတ်ပါပေသည်။ မေ့မာမီဆုံးကတည်းက မေနဲ့ပတ်သက်တဲ့ ဘယ်သူငယ်ချင်းကိုမှ မေနဲ့ အဆက်အဆံလုပ်ခွင့် မပြုသလို နာရေးသတင်းလည်း သွားရောက်မေးမြန်းလို့မရအောင် ကိုကြီး တို့ဘက်က ပြင်းထန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီနဲ့အန်ကယ်တောင် လူမှုရေးအရ အသုံးတပ်ိုသွားဖို့ ကြိုး ချက်သူ
သေးသည်။ ကိုကြီးနဲ့ကိုလေး ထွက်တားကြလို့ မာမီတို့ နောက်ဆုတ်
ပြန်လာခဲ့ရတာ သူသိနေသည်။

"ပိုဆိုးတာက အသုဘနေ့က ခါခါတို့ ရေဝေးလိုက်ပို့တာ
ကိုကြီးတို့မမြင်လို့ လွတ်သွားတာ။ ဒါပေမဲ့ မေနဲ့ လုံးဝမတွေ့ရဘူး။
နားမှာ အမျိုးတွေ ဝိုင်းနေကြတာကွ"

"ခုတောင် ဒီသတင်းရလာတာ သူတို့အမျိုးတွေအချင်း
ပြောကြဆိုကြနဲ့မို့ စုထွေးကြားလာတာ။ သေချာ ဘာမှ မသိဘူး"

"ကျွတ်"

သူငယ်ချင်းတွေရှင်းပြလေ နေ ရင်မှာ ပိုတင်းလေ။

"ဒါဆို မေ ကျောင်းတက်ဖို့ကိစ္စက"

"စောင့်ကြည့်ရမှာပေါ့ကွ"

သူရင်မှာ ဝို၍ ကြေလျှသွား၏။ သူတို့စိတ်ကူးက သူတို့သူ
ချင်းတစ်ဖွဲ့ ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်ကြဖို့ ခဲထားကြသည်
လာ။

မကြာခင် ကျောင်းတက်ရတော့မှာမို့ စိတ်ကူးနဲ့ပျော်နေမိ
မမျှော်လင့်ဘဲ မေ့မာမီဆုံးသွားတာက စိတ်ကူးတွေ အပိုင်းပိုင်းကျိုး
သလို ဖြစ်ရချေပြီ။





ခုတစ်ခါ ပြောင်းကြ ရွှေ့ကြ လုပ်ဦးမယ်ဆိုတော့ သူ ဘယ်လိုမှ
စားနိုင်တော့ပါ။ ထိုအခါ ထိုင်နေရာမှ နေ ဝုန်းခနဲထထ၏။

"နေ ဘယ်လဲကွ"

သူငယ်ချင်းတွေ ဝိုင်းမေးကြသည်။

"မေနဲ့တွေ့ဖို့ ကြိုးစားရမှာပေါ့ကွ"

"ဟာ"

"မဖြစ်နိုင်တာ"

သူငယ်ချင်းတွေအားလုံး ဝိုးရိမ်တကြီးဖြစ်ကာ နေ့ကို အတင်း
ထားကြ၏။

"နေ ထိုင်ဦးကွာ"

"စိတ်ရှိတဲ့အတိုင်း မလုပ်နဲ့ကွာ"

"အခြေအနေစောင့်ကြည့်ပြီး ဘာလုပ်မလဲဆိုတာ စဉ်းစားရမယ်
။ ကမူးရှူးထိုးလုပ်ရင် ပိုဆိုးမယ် သူငယ်ချင်း"

သူငယ်ချင်းတွေ ပြောဆိုဖျောင်းဖျသော်လည်း သူ ပြန်ထိုင်ဖို့
မဝင်စားတော့ပါ။

"ရတယ် ငါ့နည်းငါ့ဟန်နဲ့ ငါကြိုးစားမယ်"

"ကြိုးစားမယ်ဆိုလည်း ငါတို့ကောင်တွေ ကူညီမယ်ကွာ။ ခု
လောဆယ် ထိုင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အတင်းဆွဲထိုင်စေသည်။

"ဟော ဟိုမှာ စားစရာတွေရောက်လာပြီ။ ထိုင်ဦးကွာ။ စား

သွားကြတာပေါ့ကွ"

ဗေဇက ယိုးဒယားငါးထမင်းနယ် စားပွဲတွေရောက်လာသော

အစားအသောက်ဆီ စကားလမ်းကြောင်း ပြောင်းပြော၏။

"နေပါစေ"

စားသောက်စရာကို သူ စိတ်မဝင်စားတော့ပါ။ ချက်ချင်းလည်

ထွက်ခဲ့သည်က စိတ်လှုပ်ရှားကာ။

သူငယ်ချင်းတွေက တားမရ၊ ပျောင်းဖျမရဖြစ်နေသည့် မျ

ကြည့်ရင်း ခေါင်းရမ်းသူရမ်း၊ သက်မချသူချနှင့်။

နေ့အဖြစ်က သူတို့စားပွဲပေါ်ရောက်နေတဲ့ ယိုးဒယားငါးထ

နယ်လို အပူငွေ့လေး လှိုင်လှိုင်ထလျက်။

✿ ✿ ✿

## အခန်း (၁၇)

"ဘယ် ဘယ်လို ကိုကြီး။ မေတို့အိမ်ပြောင်း ပြောင်းရမယ်"

"ဟုတ်တယ် ညီမလေး။ ပြောင်းကြမယ်"

"ဒီ ဒီတိုက်ကြီးကိုရော"

"သော့ပိတ်ထားမှာပေါ့"

"ဟင့်အင်း မေ မပြောင်းဘူး"

မေ ဝမ်းနည်းတကြီး ပြောမိသွား၏။ ထိုအခါ ကိုလေးက

မေ့ကို ရှုးရှုးရဲရဲကြည့်သလို ကိုကြီးက ချက်ချင်းပဲ မေ့အနားရောက်လာပြီး

"ဘာပြောတယ် မေ"

www.burmeseclassic.com

"ဟင့် မေ မပြောင်းချင်ဘူး။ မာမီ့အငွေ့အသက်တွေ လွှမ်းခြုံ ထားတဲ့ ဒီတိုက်ကြီးမှာပဲ မေ နေချင်တယ်။ မာမီ့ကိုယ်ငွေ့နဲ့ ဝေးရာမှာ မေ မနေပါရစေနဲ့"

မေ ဝမ်းနည်းသံလေးနဲ့ ရှင်းပြသလို ဆိုလိုက်သည်။ ကိုကြီးက ချက်ချင်း ခေါင်းရမ်းပြီး –

"ကိုကြီးတို့ စီစဉ်သလိုနေရမယ် ညီမလေး"

"ဟင်"

"ဟုတ်တယ်၊ ညီမလေးစိတ်နဲ့ ညီမလေး ဘာမှ ဆုံးဖြတ်လို့ မရဘူး။ မာမီ့ကို ကိုကြီးတို့လည်း တန်ဖိုးထားခဲ့တယ်။ ဒါပေမဲ့ မာမီမရှိ တော့တဲ့နောက်မှာ ညီမလေးအတွက် အဖက်ဖက်က စိတ်မချမ်းမြေ့စရာ တွေ ဖြစ်နေမှာသိတယ်။ သိလို့လည်း ဒီကနေ ပြောင်းဖို့စီစဉ်တာ"

"ဟုတ်တယ်သမီးရဲ့"

အန်တီကြီးလည်း မေ့အပါးကပ်၍ ထိုင်ချရင်း ဆိုလေသည်။ ထိုအခါ မေ့မှာ အားကိုးရာမဲ့သလို ဖြစ်ရလေသည်။

မေ့မျက်ဝန်းမှာ ဘယ်သူ့ကိုမှ အားကိုးတကြီးကြည့်လို့ မ ... တော့ပါ။ မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်တွေ ပြည့်အိုင်သွား၏။

"ကိုကြီးတို့ကလည်း အလုပ်ကိစ္စနဲ့ အပြင်မှာချည်း အချိန်ကုန် နေမှာလေ။ မေ့တစ်ယောက်တည်း ဒီတိုက်ထဲ နေရစ်လို့မဖြစ်ဘူး။ အန်...





...ကြီးတို့ မေ့ကို စိတ်မချဘူး။ ဒါကြောင့် သားကြီးနဲ့တိုင်ပင်ရတာ"

"ဟုတ်တယ်မေ၊ ကိုလေးတို့ အပြင်သွားနေရင် မေတစ်ယောက် ...ည်း ကျန်ခဲ့မှာ။ ကိုလေးတို့ ဘယ်လိုလုပ် စိတ်ချနိုင်မှာလဲ။ ပြီးတော့"

ကိုလေးပြောရင်း စကားကို ဖြတ်လိုက်သည်က ဘာကိုရည်ရွယ် ...မှန်း မေ ရိပ်မိပါသည်။

မေ့ကို နေနဲ့ ပိုပြီး စိတ်မချ ဖြစ်နေတယ်ဆိုတာလေ။

"ကဲ ကဲ ညီ၊ ဟိုကောင့်အကြောင်း မေ့ဟောထဲမထည့်နဲ့။ လော ...ဆယ် ဒီကိစ္စ ညီမလေးနားလည်ဖို့လိုတယ်။ ဒီမှာ မေ"

ပြောဆိုနေတဲ့ ကိုကြီးအသံတွေ မာလာသည်။ မေ မရဲတရဲ ...ကြည့်လျှင် –

"ကိုကြီးတို့ အပြင်ထွက်နေရင် မေတစ်ယောက်တည်း ဘယ်လိုမှ ...တိုက်ထဲမှာ နေခဲ့လို့ မဖြစ်ဘူး။ အန်တီကြီးတို့လည်း မေနဲ့လာနေဖို့ ...ခြေအနေမပေးဘူး။ ဒါကြောင့် အန်တီကြီးတို့နဲ့ ဘေးချင်းကပ် ကွန်ဒို ...ခန်းကို ကိုကြီးငှားထားတယ်။ အဲဒီမှာပြောင်းနေရမယ်။ ကိုကြီးတို့ ...ပြင်ထွက်ရင် မေက အန်တီကြီးအခန်းဘက် နေရမယ်၊ အန်တီကြီး ...ရိပ်အောက်မှာပဲ ညီမလေးနေရမယ်။ ကိုကြီးတို့ပြန်လာရင် ကိုကြီးတို့ ...ရိပ်အောက်မှာနေရမယ်"

"ဟင့်"

www.burmeseclassic.com



မေ အသံမထွက်ဘဲ ရှိုက်မိသွားသလို ရင်ထဲမှာလည်း မကျေ
မနပ်ဖြစ်လို့သွားသည်။

"ဘာလဲ မေ မကျေနပ်ဘူးလား"

ကိုလေး ဝင်မေး၏။

"သမီးရယ်၊ သမီးလေး စိတ်မိစီးမှုတွေ မဖြစ်ရအောင် အန်
ကြီးတို့ စီစဉ်တာပါကွယ်"

"ဟင့် မေက အရုပ်တစ်ရုပ်လား အန်တီရယ်"

"အရုပ်မဟုတ်လို့ ပြောနေတာလေ။ အရုပ်ဆို ဗီရိုထဲ ထည့်
သော့ခတ်ထားလိုက်မယ်။ အရုပ်မဟုတ်လို့ နောက်ကြောင်းမအေး ဖြစ်
ရတာ။ နောက်ကြောင်းမအေးလို့ ခုလို ကိုကြီးတို့ စီစဉ်တာ။ ဒါ
ဟိုမေး ဒီမေးနဲ့ ပေရှည်အောင် မလုပ်နဲ့ မေ။ ကိုကြီးတို့လည်း ခံစားနေ
တယ်၊ စိတ်ထိခိုက်နေတယ်ကွ"

ပြောဆိုရှင်းပြနေရင်း ကိုကြီးအသံတွေ ကြေကွဲလာသည်။ ထ
အခါ အန်တီကြီး သက်မရှည်ချ၍ –

"ကပါသမီးရယ်၊ ထင်ရာမြင်ရာတွေ ပြောနေရင် မောင်နှမချင်း
သဘောထားတွေ လွဲနေလိမ့်မယ်။ ဒါကြောင့် အန်တီကြီးတို့ စီစဉ်
အတိုင်း နာခံပါကွယ်။ သမီးက ငယ်ငယ်လေးရှိသေးတာ။ ဘာအကြောင်း
ဘာဆို ဘာမှသိတာမဟုတ်ဘူး။ လာ သမီး၊ လိုတဲ့ပစ္စည်းတွေ အဆင်သင့်





ထုတ်ပိုးရအောင်"

ဒေါ်စိမ်းစိမ်းစော ပြောဆိုရင်း သူမတို့အစီအစဉ်အတိုင်း ပါလာဖို့ မေ့ကို ညီအစ်ကိုနှစ်ယောက်ရဲ့မြင်ကွင်းရှေ့က ဆွဲခေါ်လေသည်။

မေ မျက်ရည်လေးသုတ်ရင်း အန်တီကြီးခေါ်ရာ ပါလာခဲ့ပေမယ့် ရင်ထဲမှာ ဘယ်လိုမှ မကျေနပ်နိုင်ပါ။

မေ့စိတ်အလိုအရဆိုရင် ဒယ်ဒီနဲ့မာမီရဲ့ အငွေ့အသက်တို့ရှိရာ ဤတိုက်ကြီးမှာပဲ နေလိုသည်။

ခုတော့

မေ့ဆန္ဒထက် ကိုကြီးတို့ဆန္ဒတွေက ရှေ့တန်းရောက်နေသည်။

"သမီး အဝတ်တွေအားလုံး ထည့်လိုက်မယ်နော်"

အန်တီကြီးလှမ်းပြော၏။ မေ ခေါင်းလေးပဲညိတ်ကာ မာမီ့ အခန်းထဲ တန်းဝင်လေသည်။

မာမီအခန်းနံရံမှာ ဒယ်ဒီနဲ့မာမီ မင်္ဂလာဆောင်ပြီးစမှာ ရိုက်ထားတဲ့ ဓာတ်ပုံကြီးကို မေ မော့ကြည့်မိသည်။

မှန်ဘောင်ထဲတွင်၊ မာမီနဲ့ဒယ်ဒီတို့၏ကြည်နူးနေတဲ့ အပြုံးကိုယ်စီဖြင့် မေ့ကိုကြည့်နေသလို ဖြစ်၏။ ထိုအကြည့်က ခုနေခါ မေ့နှလုံးသားကို ကြင်ရှုနေစေသည်။

ဒယ်ဒီနဲ့မာမီရယ်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ကို တစ်ယောက်တည်း ထားရက်နိုင်လွန်းတယ်ကွယ်။ ဘာကြောင့်များ မေ့ဘဝထဲက ဒယ်ဒီနဲ့မာမီ စောစောစီးစီးထွက်ခွာသွားရတာလဲ။

တကယ်ဆို နှစ်တွေအများကြီး အတူတကွ နေထိုင်ရမှာလေ။ မေ့ဘဝနဲ့ နေ့ဘဝက ခုနေခါ ပိုပြီး ခြားနားနေသည်။

နေ ကံကောင်းပါတယ်။ နေ့ဒယ်ဒီနဲ့ နေ့မာမီ ကွဲနေပေမယ့် နေတို့မိသားစုက အဝိုင်းအဝန်း ပိုကျယ်တယ်လေ။

နေ့မှာ နေ့မာမီရှိသလို နေ့ပထွေးလည်း အနီးကပ်ရှိ၏။ အဝေးမှာ နေ့ဒယ်ဒီရောက်နေပေမယ့် နေ့ကို မေတ္တာအပြည့်နဲ့ ဆက်ဆံသလို နေ့မိထွေးတော်က နေ့ကို သားဟုသာခေါ်၍ ရင်နဲ့လွယ်မွေးတဲ့သားလို ချစ်ခင်ကာ အခွင့်အရေးလည်းပေး၏။

နေ့ဘဝဖြစ်စဉ်နဲ့ မေ့ဘဝဖြစ်စဉ်က သုံးနှဲ့လေးလို ဆန့်ကျင်နေတာ မေ ကံဆိုးလို့လား။

ခုဆို ဒယ်ဒီလည်းမရှိ မာမီလည်းကွယ်လွန်။

ကိုကြီးနဲ့ကိုလေးက မေ့ဆန္ဒထက် ၎င်းတို့ဆန္ဒအတိုင်း ဖြစ်တည်စေခဲ့တာလေ။

ဟော ခုတစ်ခါ မေက အန်တီကြီးတို့အရိပ်အောက် ကူးရတော့မယ်တဲ့။



ဒယ်ဒီနဲ့မာမီတို့ရဲ့ဓာတ်ပုံကို တယုတယ ဖြုတ်ယူရင်း မေ အသည်းကွဲ ရင်ကွဲ ငိုမိတော့သည်။

ဒယ်ဒီနဲ့မာမီရေ။

မေ့ကို ရင်ခွင်ထဲ ထွေးပွေ့လှည့်ပါကွယ်။

✿ ✿ ✿

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"ဟင်"

နေမျက်ဝန်းမှာ လင်းခနဲ ဖြစ်သွား၏။ အကြောင်းမှာ အုတ်နီ ဘောင်ပေါ်တွင် လေပြည်ကြောင့် တဖျတ်ဖျတ် လှုပ်နေသည့် စာရွက် ကလေးကို မြင်လိုက်ရလို့ပါ။

စာရွက်ပေါ်မှာ ခဲလုံးလေးဖိထားသောကြောင့် လေထဲလွင့်မ မသွားခြင်းကို မြင်ရလျှင် နေခြေလှမ်းတွေ ထိုအုတ်နီးနားဆီ လွင့်ခနဲ ရွေ့သွား၏။

မေတို့ ခြံဝင်းတစ်ခုလုံး တိတ်ဆိတ်နေသလို တိုက်ကြီးလည်း





ထံခါးတွေ ပိတ်လျက်သားနဲ့ ငြိမ်သက်နေပါသည်။

သို့သော်လည်း၊ ထိုစာရွက်လေး လှုပ်ခါနေသည်က နေ့အတွက် နိုးနိုးလှုပ်ရှားစရာ အကောင်းဆုံး ဖြစ်လေသည်။

မေ့ကို အကြောင်းပြန်နိုင်းထားတဲ့ နှလုံးသားကိုစွက မေမာခီ ဆုံးပါးတဲ့နောက်မှာ တိတ်ဆိတ်နေခဲ့သည်။

မေမာခီ ရက်လည်ပြီးလို့ မေ့ကို ဆက်သွယ်ဖို့ နေ ကြိုးစားချိန် မှာ ထိုစာခေါက်လေး မြင်လိုက်ရခြင်းက သူ့ရဲ့ ရင်ခုန်စာတ်လမ်းအစပျိုး ခြင်းလေလား။

သေချာတာက မေလည်း နေ့လိုပဲ ခံစားနေရမယ်ဆိုတာ။ ဒီ စာရွက်လေး အချက်ပြနေသည်က သက်သေခံလေပြီ။

ကိုကြီးတို့ ဘယ်လောက်ပဲတားဆီးဟန့်တားနေပါစေ နတော့ နှလုံးခုနှစ်ယောက်မှလွဲ၍ ဘယ်သူမှမသိအောင် ကြားခံဆက်ဆံလာသည်က အပြောတဲ့နည်းအတိုင်းရယ်။

ဒါကြောင့်မို့ထင်သည်။

မေ့ကို နေ ပိုလို့တောင် ချစ်မိလေသည်။

တိတ်ဆိတ်နေတဲ့ မေတို့တိုက်တာက် တစ်ချက်ကြည့်၍ အုတ်နီး ပေါ် ခဲလုံးနှင့်ဖိထားတဲ့ စာခေါက်လေးကို လှမ်းယူလိုက်သည်။

ထို့နောက် အိပ်ခန်းထဲ ခုန်ပေါက်မတတ် ပြေးဝင်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ဂျက်ချလိုက်၏။

သူတို့တိုက်မှာ နှောက်ယှက်မယ့်သူ ဘယ်သူမှ မရှိပေ...

မေ့စာကို ဖိမ်ကျကျလေး။ နေ ဖတ်ချင်ပါသည်။

ဒါကြောင့် မွေ့ရာပေါ် ဝုန်းခနဲ လှဲချပြီးမှ စာရွက်လေး...

သေချာဖြန့်ကိုင်ရင်း မေ့ရင်တွင်းမှ စာလုံးလေးများကို မက်မက်မောမော...

ဖတ်လေသည်။

"နေ

အဖြစ်အပျက်တွေဟာ ထင်မှတ်မထားသလိုပဲ ဖြစ်တည်...

တာ ကံတရားအလိုကျလား။

ဒါပေမဲ့

ကံဆိုတာကို မေ လက်မခံချင်ပါဘူး။

လက်မခံလို့မရအောင်လည်း ဖြစ်တည်လာတာဆိုတော့လည်း...

ဖြစ်တဲ့အတိုင်း ခံရရုံပေါ့။

နောက်ပြီး နေ့အချစ်ကို ဘယ်လိုတုံ့ပြန်ရမှာလဲ။ မေ မစဉ်း...

ရဲဘူး။ လောလောဆယ် ကိုကြီးတို့အစီအစဉ်အတိုင်းပဲလေ။

မေတို့ ဝေးကြရမယ်။

ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ ကိုကြီးအစီ...

အတိုင်း တကယ်ဝေးရမှာကို 'မေ'တို့ လက်ခံရမယ်လေ။





ဒါကြောင့် မေ ဒီစာလေးရေးပြီး အသိပေးလိုက်တာပါ။ ဝေးကြ

...ဖို့ နေရမယ်။

မေတို့ ဝေးဝေးနေကြပါစို့ကွယ်။

မေ"

ဟင်

နေ့ရင်မှာ လှုပ်ရှားသွားသည်က ငလျင်လှုပ်ခတ်သွားသည့်နှယ်။

"မေ"

ဟင့်အင်း။

ဝေးနေကြဖို့ မလိုဘူး။ နေအဓိဋ္ဌာန်ပြီးသားပါ။ နေနဲ့မေ နီးကြဖို့

...အစီအစဉ်တွေ ငါ စိတ်ကူးပြီးသားပါ။

အဲဒီအတွက် ကျေးဇူးပြုပြီး ဝေးဝေးနေကြဖို့ စိတ်မကူးပါနဲ့မေ။

မေ့ကို ကိုကြီးတို့ ထိန်းသိမ်းထားတဲ့လက်ထဲက နေ ရအောင်ယူ

...မယ်။

စိတ်ချ မေ။

နီးကြရမယ်။ တကယ်နီးရမယ်၊

နီးရအောင် နေ ကြိုးဆောင်မယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"နေဦးလေကွာ"

"ဘာလုပ်ဖို့လဲ"

"မှေကို စောင့်ဦးမယ်"

နေရဲရင့်ပြောလျှင် သူငယ်ချင်းအားလုံး ခြေလှမ်းတန့်သွားသည်

"ဟုတ်သားပဲ၊ သောနိုးနေ၊ ဂုဏ်တွေ့တို့ မေ့သွားလို့ လာ စော

ကြမယ်။ ဘယ်နေရာက စောင့်မလဲ"

"ဟိုဘက်စာသင်ဆောင်က စောင့်ရင်ကောင်းမယ်ကွ"

သူရိန်ပြောရင်း ရှေ့က ဦးဆောင်သွား၏။ နေရဲရင့်က အဝင်





င်းကပဲ စောင့်စေချင်သည်။ ဒါကြောင့် ပေကာ် ရပ်နေလျှင် –

"နေ လာကွာ၊ တကယ်လို့ ကိုလေးတို့ တစ်ယောက်ယောက်

လာရင် ခက်မယ်ကွ"

တေဇ လှည့်ပြောလျှင် –

"နေ လာပါဟယ်။ ပေါ်တင်ချည်း မကောင်းဘူး။ မသိမသာ

င့်ကြည့်တာ အကောင်းဆုံးပဲ"

ခါခါနဲ့ဝေသာလည်း ပြောရင်း ခွဲမခေါ်ရုံပဲမယ် ဖြစ်တာကြောင့်

ငယ်ချင်းတွေ ပြောတာကို လက်ခံလိုက်သည်။

ထို့ကြောင့် အမှတ်စာရင်းထုတ်တဲ့အခန်းနှင့် မျက်စောင်းထိုး

မှာရှိသည့် စာသင်ဆောင်အလွတ်ထဲ ဝင်ထိုင်နေရလိုက်သည်။

"မေကလည်း နောက်ကျလိုက်တာ"

အမှတ်စာရင်းထုတ်ပြီး သူငယ်ချင်းအားလုံး ဂျပန်စာစားဖို့

ကြမယ်လို့ သဘောတူထားတော့ ဂျပန်စာကြိုက်တဲ့ ဖင်ဖင်က မေ

ာက်ကျနေတာကို အားမလို အားမရဝင်ပြောသည်။

"နောက်ကျပေမယ့် လာမှာပါဟာ"

ခါခါ ထိုသို့ဝင်ပြော၏။

"အမှတ်စာရင်းထုတ်ရမယ့်နေ့ဆိုတော့ မေလည်း ပျော်နေမှာ

ပါဟာ။ အကြောင်းကြောင်းကြောင့် နောက်ကျနေတာ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေ့စိတ်မငြိမ်မသက်ဖြစ်နေတာမို့ သူငယ်ချင်းတွေ တစ်ယော

တစ်ခွန်း ပြောဆိုနေခြင်းဖြင့် ညံ့စီလေသည်။

"ဟော"

ပြောရင်း ဆိုရင်း အမှတ်စာရင်းထုတ်တဲ့ ကျောင်းဆောင်

မေ စီးနေကျ ပါရာဒိုကားလေး ထိုးဆိုက်၏။

ထိုအခါ ယောက်ယက်ခတ်နေသည့် နေခြည်လုမ်းက သူငယ်

တွေ စုနေတဲ့အခန်းထဲက ထွက်သွားခဲ့သည်။

"ဟာ"

"ဟော့ နေ"

သူရိန်နဲ့တေဇ နေ့ကို ကမန်းကတန်း လှမ်းခေါ်ကြသည်။

"ဘာဖြစ်လို့လဲကွ"

"ဟ မင်းမြင်ရင် ပြဿနာတက်မှာပေါ့ကွ။ အခြေအနေ

ကြည့်ဦး"

"ကွာတ်"

သူ စောင့်မကြည့်ချင်ပါ။ ဒါပေမဲ့ သူငယ်ချင်းအားလုံး

ဝိုင်းတားထားကြတာမို့ ထွက်ပေါက်မဲ့လေသည်။

"နေဦး၊ ခါခါ အခြေအနေကြည့်လိုက်မယ်"

"အဲဒါကောင်းတယ်၊ လာ ခါခါ"





ဝေသာနဲ့ စုထွေးတို့က အားတက်သရော ထွက်သွားကြသည်။

ပေါ်မှ ဦးစွာဆင်းလာသူက ကားမောင်းသူနေရာမှ ကိုလေးရယ်

ပြီးမှ အန်တီကြီးနဲ့မေက ကားနောက်ခန်းက ဆင်းလာသည်။

ဝုံစံက လောင်းရိပ်မိတဲ့ ပန်းလေးလို နွမ်းနွမ်းဖျော့ဖျော့။ ကိုလေး

ဆောင်ခေါ်သွားတဲ့အတိုင်း အမှတ်စာရင်းထုတ်တဲ့အခန်းထဲ ပါသွား

ထိုအခါ ခါခါတို့ အပြေးကလေးလိုက်၍ ခပ်အုပ်အုပ်အသံဖြင့်

ခေါ်သည်။

"မေ"

အန်တီကြီးနဲ့ ယှဉ်လျှောက်နေရာမှ မေ ဖျတ်ခနဲ လှည့်ကြည့်

သူငယ်ချင်းတွေကိုမြင်လျှင် မေ့မျက်နှာလေး ဝင်းလဲ့ကြည်မြူးသွား

အန်တီကြီးက မျက်မှောင်ကြုတ်ကြည့်ပြီး –

"လာခဲ့မေ၊ သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းဖို့ စိတ်မကူးနဲ့"

"ခဏလေးပါ အန်တီကြီးရဲ့"

"မရဘူး လာခဲ့။ ဟိုမှာ ကိုလေးခေါ်နေပြီ"

"မေ အမှတ်စာရင်းထုတ်ပြီးရင် ဆုံကြမယ်လေ။ ခါခါတို့ ဒီက



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမယ်။ သွားလေ 'မေ' အမှတ်စာရင်း မြန်မြန်ထုတ်လိုက်"

ဝေသာက အန်တီကြီးမကြည်လင်တာကို မမှုသလို ပြော

သူငယ်ချင်းအားလုံး အပြင်မှာ ရပ်စောင့်နေလိုက်သည်။

မေက အန်တီကြီးခွဲခေါ်တဲ့အတိုင်း မလွန်ဆန်နိုင်ဘဲ ပါတော်

သွားသည်။ မေ့အဖြစ်ကိုကြည့်ပြီး ခါခါတို့ ဘဝင်မကျသလို သနားလည်း

သနားလှသည်။ လွတ်လပ်ခွင့်တွေ ဆုံးရှုံးအောင် ပိတ်ပင်နေတဲ့ကိုကြီး

ကိုလည်း မျက်မုန်းကျိုးမိ၏။

မေတို့ အမှတ်စာရင်းထုတ်နေတော့ ခါခါတို့အခန်းဝကပဲ ရ

စောင့်နေလိုက်သည်။ ထိုအခါ ဝေဇ အပြေးအလွှားရောက်လာပြီး နေ

လက်ကိုင်ဖုန်း ခါခါ့လက်ထဲထည့်ပေး၏။

"နေ့ဖုန်း ဘာလုပ်ဖို့လဲ"

"အခြေအနေကြည့်ပြီး မေ့လက်ထဲရောက်အောင် ပေးလိုက်"

"အိုကေ"

ခါခါ သဘောကျသွားသည်။ နေက အဲသလိုနေရာမှာ တော်

ပေသည်။ သူငယ်ချင်းတွေနဲ့ ဆုံခွင့်မရမှာ သေချာနေသလို ရှိတာကြောင့်

သူ့လက်ကိုင်ဖုန်းလေး ပေးခိုင်းခြင်းပါ။

ဘာပဲဖြစ်ဖြစ် မေ့လက်ထဲမှာ သူ့ဖုန်းလေးရှိနေရင် သူနဲ့

နှလုံးသားချင်းနီးပြီလေ။



ခါခါတို့ကလည်း လျင်ပါပေသည်။

အမှတ်စာရင်းထုတ်ပြီး ကိုလေးဦးဆောင်ထွက်လာလျှင်–

"ကိုလေး"

ဟု စုထွေးက မျက်နှာချိုသွေး၍ ခေါ်လေသည်။

"ဘာလဲ"

ကိုလေးအသံမာနဲ့ ထူးလျှင် –

"စုထွေးတို့ သူငယ်ချင်းအားလုံး ဒီနေ့ ဂျပန်စာသွားစားကြ

ဦး အဲဒါ မေ့ကို ခေါ်ချင်လို့"

"ဟော့ မင်းတို့ကို မေနဲ့ အဆက်အသွယ်မလုပ်ဖို့ ပြောပြီးသား။

နောက် ဘယ်တော့မှ မျက်နှာချင်းမဆိုင်နဲ့။ ဒါပဲ သွားကြ"

ကိုလေး နှုတ်ထုတ်လျှင် စုထွေးမျက်နှာလေး ငယ်ပြီ၏။ ကိုလေး

နဲ့စုထွေး ပြောဆိုနေချိန်မှာ ခါခါတို့က မေ့နား လုံးထွေးသလို တိုးကပ်ရင်း

လက်ကိုင်ဖုန်းကို ကွယ်ဝှက်ပေးလိုက်၏။

အန်တီကြီးက ကိုလေးနဲ့စုထွေးကို အာရုံစိုက်နေတာမို့ ခါခါတို့

လုပ်ဆောင်ချက်ကို ရိပ်မိခြင်းမရှိတာ တော်သေးသည်။

မေက အမှတ်စာရင်းထုတ်ထားတဲ့ စက္ကူအိတ်နဲ့ ကွယ်၍ နေ

လက်ကိုင်ဖုန်းကို ဆုပ်ကိုင်လျက်။ ကောတ်ခါးပတ်ထဲ ထိုးထည့်လိုက်

၏။

www.burmeseclassic.com

www.burmeseclassic.com



"မေ မြန်မြန်လာ"

ကိုလေးက စုထွေးကိုပြောဆိုပြီး မေ့ကို ဆွဲခေါ်လေသည်။ အန်တီကြီးကလည်း ခါခါတို့ကို မျက်စောင်းနဲ့ကြည့်ပြီး မေ့နောက်က ပါသွား၏။

မေတို့ကားလေးထွက်သွားလျှင် နေ့ရှင်ထဲမှာ ဟာခနဲဖြစ်လေသည်။

သို့သော်လည်း။။

✿ ✿ ✿



BURMESE CLASSIC

အခန်း (၂၀)

"တင် တင် တင်"

ဖုန်း message ဝင်တဲ့အသံလေးကြားလျှင် မေ့ရင်မှာ တလှပ်လှပ် ခုန်သွား၏။

အကျီခေါက်ကြားမှာ ထိုးဝှက်ထားတဲ့ နေ့လက်ကိုင်ဖုန်းလေးကို ကမန်းကတမ်း ထုတ်ကြည့်၏။

ထိုစဉ် –

"ဒေါက် ဒေါက် ဒေါက်"

အခန်းတံခါးခေါက်သံကြားရလျှင် မေ့ရင်ခုန်စိတ်လေး လန့်လန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ဖြန့်ဖြစ်ကာ လက်ကိုင်ဖုန်းလေးကို ဘယ်နားထိုးဝှက်ရကောင်းမှန်း မသိအောင် ဗျာများသွား၏။

"မေရေ ဟော့မေ"

တံခါးခေါက်သံအဆုံးမှာ အန်တီကြီးရဲ့ခေါ်သံပါ တစ်ပါတည်း ကြားရ၏။ မေ ယောင်ယောင်နနဖြင့် လက်ကိုင်ဖုန်းကို ဗာဒေါ်လီအိတ်ထဲ ထိုးထည့်ကာ အကျီလေးကို ဆွဲချ၏။

"မေ သမီး"

"ရှင် အန်တီကြီး"

"လာပါဦး သမီးရဲ့၊ အန်တီသီတာရောက်နေလို့"

"ဟုတ် ဟုတ်ကဲ့ အန်တီကြီး"

မေ ကမန်းကတမ်း ခေါင်းညှိတ်ကာ ထိုးဝှက်ထားတဲ့ လက်ကိုင်ဖုန်းလေးကို ပြန်စမ်းမိ၏။

မေ့မှာ အန်တီကြီးတို့အရိပ်အောက်မှာမို့ ဘယ်နေရာမှ လွတ်လပ်ခြင်း လုံခြုံခြင်းမရှိပါ။ ဒါကြောင့် နေ့လက်ကိုင်ဖုန်းကို ဗာဒေါ်လီအိတ်ထဲမှာပဲ စိတ်ချလက်ချ သိမ်းထားရင်း ကုန်းမြေမပျက် အခန်းထဲက ထွက်ခဲ့သည်။

"လာ သမီး"

အန်တီသီတာစောက မေ့ကို လှိုက်လှိုက်လှဲလှဲ လှမ်းခေါ်ပါသည်။



အန်တီလေး လှမ်းခေါ်သော်လည်း မေ ခြေလှမ်းတွေ သွက်မနေတဲ့အပြင် တုံ့ဆိုင်းသွား၏။ အကြောင်းမှာ အန်တီလေးနဲ့ မျက်နှာချင်းဆိုင်ထိုင်နေသည့် ချည့်သည်အမျိုးသားတစ်ဦး မေ့ကိုစိုက်ကြည့်နေသည် မဟုတ်လား။

"သွားလေ သမီး"

အန်တီကြီးက အလိုက်မသိစွာ ပြော၏။

ကိုကြီးတို့အရွယ်နီးပါးရှိတဲ့ ထိုအမျိုးသားက မေ့ကို မျက်တောင်မခတ်တမ်းကြည့်နေရာမှ ဦးစွာပြုံးပြလေသည်။

"လာသမီး သမီးကို သမီးကိုကြီးရဲ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးဖို့လေ"

အန်တီလေးက ထိုင်နေရာမှ ထလာရင်း မေ့လက်ကိုဆွဲယူလေသည်။ ထိုအခါ မေ့ခြေလှမ်းလေး တုံ့ဆိုင်းနေရာမှ ရွေ့ရလေသည်။

မေ့ကို အန်တီလေးအပါးမှာ ထိုင်စေပြီး ကိုကြီးသူငယ်ချင်းဆိုသူနှင့် မိတ်ဆက်ပေးလေသည်။

"ဒါ သမီးကိုကြီးရဲ့သူငယ်ချင်း ဝေရက်တဲ့"

"ဟုတ်"

မေ အလိုက်သင့် ခေါင်းညှိတ်လိုက်ရသည်။ ဝေရတ်ဆိုသူက အပြုံးနုနုလေးနှင့်ပြောသည်။

"မေ့ကိုတော့ ကိုယ်မြင်ဖူးပါတယ်"

www.burmeseclassic.com



"ရှင်"

မေ မျက်ဝန်းလေးဝိုင်းသွား၏။ မေ့ကိုမြင်ဖူးသတဲ့။ ဘယ်မှာမြင်ဖူးလို့လဲ။ မေက ကိုကြီးသူငယ်ချင်းဆိုတဲ့ ထိုလူကို ခုမှ မြင်ဖူးတာလေ။ မေ တအံ့တသြဖြစ်သွားတော့ ထိုလူ သဘောကျသလို မြုံးမြုံးလေးပြုံး၍

"မေ မှတ်မိမယ်ထင်တယ်၊ မေ့ကို မေ့ကိုကြီးက ဘူဖေးမသွားရဘူးလို့ ပြောတဲ့နေ့က"

"ဟင်"

မေ ပို၍ အံ့သြသွားသည်။ ထိုနေ့က မေ ပြင်ဆင်ပြီး အောက်ထပ် ဆင်းလာတာ ကိုကြီးက ဧည့်ခန်းထဲမှာ ဧည့်သည်တွေနဲ့ စကားပြောနေရာမှ ထလာသည်။ မေ့ကိုမသွားရဘူးတားလို့ မေ အပေါ်ထပ် ပြန်တက်ခဲ့ရသည်။

ထိုစဉ်က ကိုကြီးနဲ့စကားပြောနေတဲ့ ဧည့်သည်တွေထဲမှာ ထိုလူ ပါနေသတဲ့လား။ ထိုလူပါနေတာနဲ့ ခုလို အန်တီကြီးနဲ့အန်တီလေးက တကူးတက မိတ်ဆက်ပေးနေတာ ဘာဆိုင်လို့လဲ။

မေ တွေးလို့မရအောင်ဖြစ်နေလေသည်။

"မေ အံ့သြနေမလားပဲ"

ထိုလူစကားပြောသွက်လှသည်က ရင်းရင်းနှီးနှီးဟန်ပါဝင်နေသည်။ ဘာကြောင့် ရင်းနှီးဟန် ပြောဆိုနေရတာလဲ။





အန်တီကြီးနဲ့အန်တီလေးက ကြည်ကြည်နူးနူးပြုံးလျက်။

"သမီးက အဲလိုပဲ မောင်ဝေရုတ်ရဲ့။ မအေနဲ့ပဲ ပူးပူးကပ်ကပ်နေလာတော့ တခြား ဘယ်သူနဲ့မဆို ပေါင်းသင်းဆက်ဆံရေးက တစ်မျိုးဖြစ်နေတာလေ။ မေ့မာမီ ရုတ်တရက်ဆုံးသွားတော့ ပိုဆိုးတာပေါ့။ ဒါကြောင့် မေ့ကို နားလည်ပေးပါကွယ်"

"ရပါတယ် အန်တီကြီး။ ကျွန်တော်နားလည်ပါတယ်"

အန်တီကြီးနဲ့ ထိုလူ ပြောနေတာက ဘာရည်ရွယ်ချက်နဲ့ ဖြစ်မှန်း မေ ပို၍ နားမလည်နိုင်တော့ပါ။

"ရပါတယ် မေ့ဟာမေ နေတတ်ပါတယ်"

မေ မလုံမလဲပြောလိုက်တော့ ထိုလူက သဘောတကျ ရယ်မော၏။ အန်တီကြီးနဲ့ အန်တီလေးကလည်း ရောရယ်၏။

မေကသာ အူကြောင်ကြောင်နှင့်။ ရယ်နေတဲ့သူနဲ့ အန်တီကြီးကို တစ်လှည့်စီကြည့်ရင်း အံ့သြနေမိသည်။

"အန်တီလေး"

"ပြောလေ သမီး"

"မေ နားပါရစေ"

မေ အားမနာစတမ်းပြောရင်း မတ်တတ်ရပ်လိုက်သည်။ ထိုအခါ အန်တီလေးတို့က ပျာပျာသလဲနှင့် –



www.burmeseclassic.com

www.burmeseclassic.com



"နေဦး။ သမီးကိုပြောဖို့ကျန်သေးတယ်"

မေ နှုတ်ခမ်းလေးစေ့ပိတ်ကာ စိုက်ကြည့်နေတဲ့ ထိုလူကို မျက်စောင်းထိုးပစ်လိုက်သည်။

ကြည့်ပဲ ကြည့်နိုင်လွန်းတယ် တကယ်။

ဒီအကြောင်းတွေ ကိုကြီးနဲ့ပြန်တိုင်ရမယ်။

"ဒီလိုမေရဲ့၊ သမီးကျောင်းတက်ဖို့ကိစ္စ ဘာညာအားလုံး မောင်ဝေရုတ်ပဲ လိုက်လုပ်ပေးမယ်"

"အိုး ရပါတယ်၊ မေ့ဘာသာ မေ လုပ်တတ်ပါတယ်"

မေ စွတ်ပြောလျှင် ထိုလူမျက်နှာ တည်သွား၏။

"မဟုတ်ဘူးသမီးရဲ့၊ သမီးကိုကြီးနဲ့ ကိုလေးက အလုပ်တွေနဲ့ မေ့နောက် တကောက်ကောက်လိုက်မနေနိုင်ဘူး။ အန်တီကြီးတို့လည်း အလုပ်မအားဘူးလေ။ မောင်ဝေရုတ်က သမီးအတွက် အစစအရာရာ အဆင်ပြေအောင် လိုက်လုပ်ပေးဖို့ သမီးရဲ့အစ်ကိုကြီး စီစဉ်တာ"

ဒါတော့ တဆိတ်လွန်လှပြီ။

ထိုအခါ မေ ချက်ချင်း နှုတ်ခမ်းကိုက်မိ၏။

"မေ့အတွက် အစစအရာရာအဆင်ပြေအောင် ကိုယ့်တက်က လိုလိုလားလား တာဝန်ယူတာပါ။ မေ ကျောင်းအပ်ရမယ့်နေ့ ကိုယ်လာခဲ့မယ်"





သူက မေ့အမူအရာကို အရေးမစိုက်သလိုပြော၏။

"သမီးကို အဲဒါကြောင့် မောင်ဝေရုတ်နဲ့ မိတ်ဆက်ပေးလိုက်တယ်။ သမီးကျောင်းသွားစရာရှိရှိ ဘာရှိရှိ မောင်ဝေရုတ်ကိုပဲ ပြောတော့ ဟုတ်ပြီလား"

အန်တီလေးက ချော့မော့သလိုပြော၏။ မေ ခေါင်းမညိတ်ပါ။ ဆတ်ခနဲ့ ထထွက်ခဲ့လေသည်။

ထိုအခါ အန်တီကြီးက တဟင်းဟင်းရယ်၍ –

"မေက တစ်ဦးတည်းသောသမီးမဟုတ်လား။ ဒီလိုပဲ နည်းနည်း ချွဲကန်ကန်နိုင်တယ်။ မောင်ဝေရုတ် စိတ်ရှည်ပါကွယ်"

"ရပါတယ် ကျွန်တော်နားလည်ပါတယ်"

"ကျွတ်"

မေ ဒေါသထွက်ချင်လာသည်။ လှည့်ပြောမလို့လုပ်ပြီးမှ အိုး အရေးလုပ်ပြီး မပြောတော့ဘူးဟု ဆုံးဖြတ်ကာ ခြေကလေးဆောင့်၍ အခန်းထဲ တန်းဝင်ခဲ့သည်။

ပြီးတော့ အခန်းတံခါးကို ဂျိမ်းခနဲ မြည်အောင်ဆောင့်ပိတ်လိုက်

တော်တော်မတရားတာပဲ။

တစ်နေ့လုံး အန်တီကြီးတို့အရိပ်အောက်မှာနေရရုံမက အပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရင်လည်း ထိုလူ့အရိပ်အောက်နေရမယ်တဲ့။

မတာရားဘူး။

လုံးဝမတာရားဘူး။

ဒီကိစ္စ ကိုကြီးနဲ့ကိုလေးကို ပြောရမယ်။

ဟုတ်တယ်။

ပြောကို ပြောရမယ်။

✿ ✿ ✿



## အခန်း (၂၀)

"မပြောဘူး"

"ဟာ ဘာလို့လဲ ကွ"

"ဒီမှာတင်းနေတာကွာ။ ဘယ်သူနဲ့မှ စကားမပြောဘူးလို့ ဆုံးဖြတ်ထားတာကွ"

"ဘာမှလည်း မဆိုင်ဘဲနဲ့"

ခေတ်ဗညားနားမလည် ဖြစ်ရလေသည်။ နေရဲရင့် ဘုကန့်လန့် ပြောရင်း ထထွက်သွားလေသည်။

"ဒီကောင် ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူရိန်နဲ့တေဇကို လှမ်းမေး၏။ သူရိန်နဲ့တေဇက ဟက်... ရယ်၏။ ပြီးမှ တေဇပြောသည်။

"နေ တင်းနေတာ၊ မေနဲ့ အဆက်အသွယ်မရလို့"

"ဟင် မေ့ကို လက်ကိုင်ဖုန်းပေးထားတယ်ဆို"

"ဟုတ်တယ်"

"မေက ဘာလို့ပြန်မဆက်သွယ်တာလဲ"

"အခက်အခဲရှိလို့ နေမှာပေါ့"

သူရိန်ပြောလျှင် ဗညား နားလည်သယောင်ဖြစ်၏။ နေရဲ့... အဲဒါကို လက်မခံနိုင်ခြင်းရယ်ပါ။

"ဟုတ်သားပဲ၊ မေ့အဖြစ်ကလည်း မေ့မာမီဆုံးသွားမှ ပိုဆိုး... တယ်။ ကဲပါကွာ၊ အရေးကြီးတာက နားလည်ပေးနိုင်ဖို့"

"ဟုတ်တယ်၊ ကိုယ်တို့လည်း အဲဒါပဲပြောတာ။ မေ့ဘ... အခြေအနေကြပ်နေလို့ပါဆိုတာ နေက လက်မခံချင်ဘူး"

"လက်မခံဘူးဆိုရင် ဘာဆက်လုပ်ကြမလဲ"

"အဲဒါပေါ့၊ နေက အန်တီကြီးတို့တိုက်ဘက်သွားမလို့တဲ့"

"ဟင်"

ခေတ်ဗညား မျက်လုံးပြူးသွား၏။

"ဟုတ်တယ်၊ ကိုယ်တို့လည်း တားလို့မရဘူး"





"တားမရရင် လိုက်သွားရမှာပေါ့ကွ၊ လာ ကြ"

ခေတ်ဗညားက ထိုသို့နှယ်။ ပြောရင်းဆိုရင်း နေ့နောက်သို့ ...ထွက်သွားပြန်သည်။ ထိုအခါ တေဇနဲ့သူရိန်လည်း ဗိမ်ခံပြီး လက်ဖက် ...ည်ဆက်သောက်နေလို့ မဖြစ်တော့ပါ။

ကျသင့်ငွေရှင်းပြီး ချက်ချင်းထလိုက်ရလေသည်။ ထို့နောက် ...နေ ဦးဆောင်မောင်းသွားတဲ့ ကားနောက် သူတို့ကားလေးလည်း လိုက်ပါ ...သွားခဲ့ရသည်။

ပြဿနာဖြစ်ရင် ဝိုင်းရှင်းမယ်၊ အခြေအနေကောင်းရင် တွန်းပို့ ...ပေးမယ်။ သူငယ်ချင်းဆိုတာ ဒီလိုပဲမဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"တီတောင်"

ဘဲလ်မြည်သံကြားရလျှင် စာအုပ်ဖတ်နေတဲ့ မေ့ခေါင်း ထော…
သွား၏။ ချက်ချင်းလည်း ဖတ်လက်စစာအုပ်ကို စားပွဲပေါ်တင်ကာ တံ…
ဖွင့်ဖို့ ထသွား၏။

ဒီအချိန်ဟာ ကိုကြီးနဲ့ကိုလေး ပြန်လာချိန်မဟုတ်လား။ ကိုကြ…
တို့ ပြန်လာချိန်ကိုပဲ မေ စိတ်အားထက်သန်စွာ စောင့်စားနေခဲ့တာလေ…

အကြောင်းက အန့်တီကြီးနဲ့အန့်တီလေး မေ့ကို ကိုကြီးသူ…
ချင်းနဲ့ အတင်းမိတ်ဆက်ပေးတဲ့ကိစ္စ တိုင်ပြောမလို့ပေါ့။

ရွှေပြည်သိမ်းစာပေ



"တီတောင်"

ဒုတိယအကြိမ် ဘဲလ်သံမဆုံးခင် မေ တံခါးလက်ကိုင်ဘုလေးကို
…ည့်ဖွင့်ပေးလိုက်လေသည်။

ထိုအခါ တံခါးဝတွင် နေ့ကို ဘွားခနဲမြင်ရလျှင် မေ့မျက်ဝန်း
…ဝိုင်းစက်သွား၏။

"နေ့"

မေ့နှုတ်ခမ်းလေးလည်း ပွင့်ဟလျက် နေလို့ ခေါ်လိုက်သော်
…ည်း အံ့သြလွန်းပြီး မေ့အသံ ထွက်မလာတော့ပါ။

နေက စူးစိုက်ကြည့်နေရာမှ စိတ်လှုပ်ရှားစွာခေါ်သည်။

"မေ"

"နေ၊ နေ ဘာလာလုပ်တာလဲဟင်"

မေ ကယောင်ကတမ်း မေးလိုက်မိသည်။ ဟုတ်တယ်လေ၊
… ဘာလုပ်ဖို့လာတာလဲ။

ဒီအချိန်က ကိုကြီးတို့ ပြန်ရောက်ချိန်။ ပြီးတော့ အခန်းထဲမှာ
…န့်တီကြီးရှိနေတယ်လေ။

မေ မေးတာကို နေမဖြေ။ သူပြောချင်ရာကိုပြောချ၏။

"ဘာလာလုပ်လဲလို့ နေ့ကိုမမေးနဲ့။ မေနဲ့တွေ့မယ်၊ ပြောစရာ
…ာပြောမယ်။ လာ မေ အပြင်သွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အို"

မေ့ကိုယ်လေး တွန့်ကာ ခြေလှမ်းနောက်ဆုတ်မိသည်က စိုးရိမ်စိတ်နဲ့ပါ။

အဲဒါကို နေ့ရင်ထဲ ခံပြင်းသွားပုံရ၏။

"မေ"

ထိုအခါ မေ့ကို ဖိခေါ်ရင်း အခန်းထဲသို့ နေ့ခြေလှမ်း တိုးဝင်သလို မေ့လက်ကိုလည်း လှမ်းဆွဲ၏။

"အဲ နေ"

မေ့လက်ဖျားလေးကို မေ အဆွဲမခံ။ ရှောင်ဖယ်လျှောင် နေ့ရင်ခုန်မှုတွေ ပို၍ ပြင်းသွားသည်ဟု ထင်ရသည်။

မျက်နှာချည်း ရုတ်ချည်းတင်းသွားပြီး –

"မေ မေ ဘာကိုကြောက်နေတာလဲ"

"မေ့ကို မမေးပါနဲ့နေရယ်။ မေ တောင်းပန်ပါတယ်။ ပြန်ပါတော့ နေရယ်နော်၊ ပြန်ပါတော့။ တော်ကြာ ကိုကြီးတို့ရောက်လာရင် ပြဿနာတက်ကုန်လိမ့်မယ်"

"တက်ချင်တက်ပါစေ၊ နေ ဂရုမစိုက်ဘူး မေ။ မေ့ကို အရုပ်တစ်ရုပ်လို တိုက်ခန်းထဲထည့်ပိတ်ထားတာ လုံးဝ သဘာဝမကျဘူးကွ"

"နေရယ်"





မေ့ရင်ထဲမှာ စိုးရိမ်နေရာမှ ဝမ်းနည်းလာသည်။ နေက ပို၍ ရှေ့တိုးဝင်လာကာ –

"မေ့ကြောက်စိတ်ကို ဘေးဖယ်လိုက်စမ်းပါ။ မေ ဒီလိုတွေ ကြောက်နေတာက မေ့ရဲ့လွတ်လပ်ခွင့်တွေ ဘယ်လောက်ဆုံးရှုံးရလဲ။ တွေးကြည့်စမ်းပါ မေရယ်"

"ဟင့်အင်း၊ မေ ဘာမှ မတွေးပါရစေနဲ့"

"မတွေးလို့မရဘူး မေ၊ မေ တွေးရမယ်။ မေ့မှာ စဉ်းစားဆင်ခြင်နိုင်တဲ့ ဉာဏ်ရည်ရှိတယ်။ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်နဲ့ ရွေးချယ်ခွင့်တွေ ရှိတယ်လေ။ ဒါတွေကို မစဉ်းစားဘဲနဲ့ ကိုကြီးတို့ လှောင်ပိတ်ထားတဲ့အတိုင်း နေတယ်။ ပြီးတော့ အန်တီကြီးတို့ချုပ်ချယ်တဲ့အတိုင်း ခေါင်းငုံ့နေနိုင်တာ နေ အံ့ဩတယ်။ မေ ဘာကြောင့် ဒီလောက်တောင် ကြောက်နေရတာလဲ။ ပြောစမ်းပါ မေရယ်၊ ပြောစမ်းပါ"

မေ့လက်မောင်းလေးနှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်၍ လှုပ်ခါရင်း အားမရစိတ်နဲ့ နေ မေးလာသည်။

မေက ခေါင်းတရမ်းရမ်းနဲ့ –

"နေရယ် ဘာမှမမေးပါနဲ့"

"မမေးလို့ ရမလားမေ၊ မေ့လက်ထဲမှာ နေပေးထားတဲ့ဖုန်းနံပါတ်နဲ့ ဖုန်းလေးတစ်ချက်မဆက်တာ နေ ဘယ်လောက် ခံစားရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တွေးကြည့်စမ်းပါ''

နေ မေးခွန်းနောက်မှာ မေ့ရဲ့ ဝမ်းနည်းမျက်ရည်တွေ ပြိုကျလုလု ဖြစ်လေသည်။

''မေ မေ့ကို နေက ချစ်နေရတဲ့သူပါဟာ''

ရင်ခုန်ခြင်းများ နစ်အိုင်နေသော နေ့ဆိုစကားမဆုံးခင် နေ့မျက်နှာလေးကို မော့ကြည့်မိသွား၏။

ချစ်ခြင်းဖြင့် နေ့မျက်နှာလေးဟာ ယစ်မူးလျက်။ ဒါ့ပြင် နှုတ်ခမ်းဖျားလေးကလည်း ချိုမြစွာ ဆွဲညို့နေသလို။ နေ့ကိုပြန်ချစ်ပါလို့ တောင်းဆိုသောအမူအရာလေးနှင့် လှုပ်လှုပ်ရှားရှားဖြစ်နေလေသည်။

''မေ''

ထို့ပြင် မေ့ကို တိုးတိုးသာသာလေး ခေါ်ဆိုသလို မေ့ကိုယ်လုံးလေးကိုလည်း ညင်သာဖွဖွ ပွေ့ဖက်လေသည်။

''နေ''

မေ ရှုံ့ရှုံ့ကြောက်ကြောက်နဲ့ နေ့ရင်ခွင်ထဲ ရှုန်းကန်ဖယ်ရှားနေမိသည်။ နေက ဖြေလွှတ်မပေးဘဲ –

''မေရယ် မေ့ရင်ထဲက ကြောက်စိတ်တွေ ဖယ်ရှားပြီး နေ့ကို ချစ်စမ်းပါ၊ နော် မေ၊ မေ့အတွက် အရာရာကို နေ ရင်ဆိုင်မယ်။ နေ့ကို ချစ်တယ်မဟုတ်လား၊ ပြောလေမေ ပြောစမ်းပါ''





''ဟင့်အင်း''

''မေ မငြင်းနဲ့၊ နေ့ကိုပြန်ချစ်ကွာ''

''ပြန်ချစ်ရမယ်၊ ဟုတ် ဟုတ်လား နေ''

''ချစ်ရမှာပေါ့၊ အချစ်က အရာရာကိုကျော်ဖြတ်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်လေ''

''အစွမ်းသတ္တိ ဟုတ်လား''

နေ့စကားလေးမဆုံးခင် မေ ပြန်ရွတ်မိ၏။ ဒါ့ပြင် နေ့ကိုချစ်တယ်လို့ ပြောရမလား။

ဟင့်အင်းလို့ ငြင်းဆန်ရမလား။

ဝေခွဲရခက်တဲ့စိတ်ဖြင့် နေနှင့်မေ အကြည့်တို့ဆုံသွားလေသည်။ ထိုအကြည့်တို့က ချစ်ရည်ဖြင့် ရွှန်းမြနေကာ။

ထိုစဉ် –

''တောက်''

ပြင်းရှသော တောက်ခေါက်သံ ရုတ်ချည်းပေါ်လာလျှင် ဆုံတွေ့နေသော နှစ်ဦးသား၏အကြည့်ဆုံမှတ်ကို ချက်ချင်းခွဲဖယ်လိုသလိုဖြစ်သော အသံလာရာဆီ ရုတ်ရုတ်သဲသဲ ငဲ့ကြည့်မိသွား၏။

''ဟင်''

ရူးရူးရဲရဲ စိုက်ကြည့်နေသောမျက်ဝန်းနှစ်စုံ။ ထိုအခါ –

www.burmeseclassic.com

www.burmeseclassic.com



မေ့ကိုယ်လုံးလေး တုန်ခနဲဖြစ်သွားသလို မျက်ရည်တို့ ဝေါခနဲ ပြိုကျလေသည်။ ဒါပြင် နေ့ရင်ခွင်ကိုလည်း မေ အားနဲ့တွန်းဖယ်လေသည်။

ထို့နောက်မှာ။

✿ ✿ ✿

## အခန်း (၂၃)

"ဟာ"

"နေ"

"နေ ဘယ်လိုဖြစ်တာလဲ"

နေ့ပုံစံကို မြင်လိုက်ရလျှင် သူငယ်ချင်းအားလုံး ဟာခနဲ ဖြစ်လိုဖြစ်၊ အထိတ်တလန့် ခေါ်သံတွေထွက်လိုထွက်နှင့် ညံစီစီဖြစ်ကုန်ပါပြီ။

နှုတ်ခမ်းကို ပြတ်လုမတတ် ဆွဲကိုက်ထားတဲ့ နေ့မျက်နှာက ဝံကျောက်သားလို ခဲကျစ်လျက် နီခွေးခွေးဖြစ်နေပါသည်။

ဒါပြင် နှုတ်ခမ်းကွဲရာမှ သွေးစတွေ ဖြာကျနေသလို ပါးရိုးတို့

www.burmeseclassic.com

www.burmeseclassic.com



ဖူးယောင်လျက် ခြေလှမ်းလှမ်းလိုက်တိုင်း နှာနုကျိုးရာမှ သွေးစိမ်းတို့ တတောက်တောက်ကျ၏။

"နေ"

သူငယ်ချင်းတွေ ခေါ်သံ ပြိုင်တူထွက်ပေါ်လာသလို သူ့အပါး သို့လည်း၊ အပြေးအလွှားရောက်လာကြသည်။

နေက ဘယ်လက်နဲ့ဆုပ်ကိုင်ထားတဲ့ ပန်းချီကားကို ရင်ခွင်မှာ ပွေ့မိသလို ညာလက်နဲ့ဆုပ်ကိုင်ထားတဲ့ လက်ကိုင်ပုဝါကို ပို၍တင်းအောင် ဆုပ်ထားမိလေသည်။

ဒီပြင် သူငယ်ချင်းတွေကို ပယ်ရှားရင်း ပါကင်မှာရပ်ထားသည့် ကားပေါ် လှမ်းခနဲတက်၏။

"နေ နေ ဘာဖြစ်တာလဲ"

"ကိုယ်တို့ကိုလည်း ပြောဦးကွ"

"နေ နေဦးကွာ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းမေးရင်း ပြောရင်း ကားနားရောက်လာကြသည်။

သူငယ်ချင်းများ ပြောလို့ တားလို့မဆုံးခင် နေရဲရင့် ကားကို ဝူးခနဲ မောင်းထွက်သွားလေပြီ။

"နေ"



ဘယ်လိုခေါ်ခေါ် နေ အရေးမစိုက်သည်က သူငယ်ချင်းတွေ နားမလည်နိုင်အောင် ဖြစ်ရလေသည်။

"ကျွတ်"

ခေတ်ပညာ စိတ်ရှုပ်ထွေးလျက် မေတို့နေတဲ့ကွန်ဒိုတိုက်ခန်းကို မော့ကြည့်လိုက်သည်။

မေတို့တိုက်ဆီ ဦးစွာထွက်လာတဲ့နေ၊ သူတို့အုပ်စုလည်း နောက်ကလိုက်လာခဲ့တာ ချက်ချင်းပါ။

ဒါပေမဲ့ သူတို့ကားက မီးပွိုင့်မိ၏။ ဒီပြင် ယာဉ်ကြောကြပ်တာနဲ့လည်း ဆိုကာ ဘယ်လိုမှ ခရီးမတွင်နိုင်အောင် ဖြစ်ရလေသည်။

သူတို့ရောက်ချိန်မှာ နေက ထိုပုံစံနှင့် ကွန်ဒိုတိုက်ခန်း၏ စက်လှေကားတွင်းမှ ထွက်လာတာနဲ့ ဆုံခြင်းဖြစ်သည်။

မေးတော့လည်းမဖြေ။

"ပြဿနာအကြီးကြီးဖြစ်ပြီထင်တယ်ကွ"

တေဇက ထင်တဲ့အတိုင်း ပြော၏။

"ဖြစ်နိုင်တယ်ကွ"

သူရိန်ကလည်း အမြင်အတိုင်းပြောလေသည်။

"ကျွတ်၊ နေက သိပ်ပြီးဇွတ်တိုးလွန်းတယ်။ အမြင်မှာတွေ့ခွင့်ရအောင် အချိန်စောင့်ပါဆို မစောင့်ဘူး။ ခုလိုတိုက်ခန်းအရောက် လိုက်သွား

ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ပြဿနာတက်ပြီပေါ့ကွ"

"ကိုကြီးနဲ့ကိုလေးအကြောင်းလည်း သိရဲ့သားနဲ့။ ခုတော့ကွာ"

သူငယ်ချင်းတွေ ပူပန်စိတ်နှင့် ပြောဆိုရင်း –

"လာ နေနောက်လိုက်သွားစို့"

"ဟုတ်တယ်၊ တော်ကြာ နေ တစ်ခုခုဖြစ်လုပ်ရင် ပြဿနာက

ဒီထက်ကြီးနိုင်တယ်ကွ"

ခေတ်ဗညားပြောလျှင် သူငယ်ချင်းအားလုံး နေ့ဆီလိုက်သွားဖို့

စိတ်ထားထက်သန်လျက်။

"လာ ကားပေါ်တက်ကြ"

တေဇပြောတဲ့အတိုင်း သူငယ်ချင်းအားလုံး ကားပေါ် ကမန်း

ကတန်း တက်ကြ၏။

ထိုစဉ်

ကိုကြီးနဲ့ကိုလေး စက်လှေကားတွင်းမှ ထွက်လာကြကာ ကား

ပါကင်ဆီ ခြေဦးလှည့်နေတာ မြင်ရ၏။

ထိုအခါ

တေဇာ လက်နှေးမနေတော့ပါ။

ကိုကြီးတို့မရိပ်မိအောင် ကားကို ကမန်းကတန်း မောင်းထွက်

လေသည်။





ခုနေခါ ဆုံလိုက်ကတော့ နေ့အပေါ်ရောက်နေတဲ့ပစ်မှတ်က သူတို့

သူငယ်ချင်းအားလုံးအပေါ် တည့်တည့်ရောက်မှာ သေချာနေသည်။

ဒါကြောင့် ဦးစွာရှောင်ထွက်ခဲ့လျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ဗိုက်ဆာနေရောပေါ့ကွယ်၊ လာလေ။ မေ့အကြိုက် ငါးပိရည်စပ်စပ်လေး ဖျော်ထားတယ်။ တို့စရာလည်းစုံတယ် သမီးရဲ့။ မုန့်ချိုချဉ်ပေါင်းလည်း သမီးအကြိုက်ပဲလေ"

မေ့အကြိုက်ဟင်းလျာတွေရွတ်ပြရင်း အန်တီကြီးအခန်းထဲဝင်လာလျှင် မေ့ကိုယ့်လုံးလေးကို မွေ့ရာပေါ် ခွေလှဲကာ အိပ်ပျော်ချင်ဟန် ဆောင်နေလိုက်သည်။

"အို့ သမီးလေး၊ အိပ်နေတယ်၊ ဘုရားရေ။ နေလို့မှ ကောင်းရဲ့သား"

အန်တီကြီး စိုးရိမ်ကြီးစွာ မေ့နဖူးလေးစမ်းလိုက်၊ ခြေဖျားသက်ဖျားစမ်းလိုက်နဲ့ ဗျာများနေတာကို မေ မသိချင်ဟန်ဆောင်နေလိုက်သည်။

"နေတော့ကောင်းပါတယ်၊ အချိန်အခါမဟုတ် အိပ်နေတာ ကောင်းဘူးကွယ်။ ဒါပေမဲ့ အိပ်နေတယ်ဆိုတော့လည်း"

အန်တီကြီး တစ်ကိုယ်တည်းပြောဆိုရင်း မေ့ကိုယ်ပေါ် ခြုံစောင်လေး ခြုံပေးပြီး အခန်းထဲက ထွက်သွားလေသည်။

တံခါးစေ့ပိတ်သံကြားလျှင် မေ့ရင်ထဲအောင့်ထားသမျှ သွန်ချခွင့်ရသလို ဖြစ်လေသည်။ ထိုအခါ မေ့မျက်ရည်တို့ အသောမတတ် စီးဖြာသွားလေသည်။



## အခန်း (၂၄)

"မေ"

အခန်းတံခါးကိုခေါက်ရင်း အန်တီကြီးခေါ်ပါသည်။

"မေ သမီးလေး"

မေ လုံးဝမထူးပါ။ မျက်လုံးကို စုံမှိတ်ချလျှင် မျက်ရည်စတချို့ လိမ့်ဆင်းသွား၏။

"သမီးလေး၊ နေ့လယ်စာ စားရအောင်ကွယ်"

ဒေါ်စိမ်းစိမ်းစော စိတ်ရှည်လက်ရှည်ခေါ်ရင်း အခန်းတံခါးကို တွန်းဖွင့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ။

မေ့ကို ခွင့်မလွှတ်ပါနဲ့ကွယ်။

နေ့အတွက် မေဟာ စွန့်စားရဲတဲ့ သတ္တိမရှိတဲ့ မိန်းကလေးပါ။

အဲဒီအတွက် မေ့ကို မုန်းလိုက်စမ်းပါ။

မုန်းလိုက်ပါကွယ်။

မေ့ဆုံးဖြတ်ချက်က နေ့နှလုံးသားကို အပိုင်းပိုင်းဖြတ်ပြီး နေ့အချစ်ကို ဓော်ကားသလိုဖြစ်နေတယ် မဟုတ်လား။

အဲဒီအတွက် မေ့ကို နာနာကြည်းကြည်းမုန်းလိုက်စမ်းပါ နေရယ်။ နေ နာကြည်းမုန်းတီးတာကို မေ ကျေကျေနပ်နပ်ချည်း ခံယူပါရစေ။

ဟင့် ဟင့် ဟင့်။

တလိမ့်လိမ့် စီးကျနေတဲ့ မေ့မျက်ရည်တွေကြားမှာ မေ မြင်နေမိသည်က။

✿

"ခွပ်"





"အား"

"ဝုန်း"

အဖြစ်အပျက်က မေ့ရှေ့မှာတင် မြန်ဆန်လှသည်။ ကိုကြီးရဲ့ ဆိုးကြိုတ်သံ၊ နာကျင်စွာပေါ်ထွက်လာတဲ့ အသံနောက်မှာ နေ့ကိုယ်က ဆိုဖာနှစ်ခုကြား ဝုန်းခနဲကျတော့။

ထိုစဉ် လက်မြန်တဲ့ကိုယ်လေးက ကျွန်းထိုင်ခုံပိုင်းလေးနဲ့ နေ့ကို ရိုက်ချလေသည်။

"ကိုလေး"

နေ့ရှေ့ မေပြေးကာရင်း ငိုချလိုက်သည်။

"ဖယ်စမ်းမေ"

"ဟင့်အင်း၊ မေ့ကိုပဲရိုက်ပါ ကိုလေးရယ်"

"ဘာကွ"

ကိုကြီးက မေ့ကို နေ့ရှေ့ကဆွဲလျှင် ကိုလေးက တကယ်ရိုက်ချ

သည်။

"အား"

မေ မကြည့်ရဲစွာ မျက်လုံးကိုစုံမှိတ်ရင်း အော်ဟစ်လိုက်လျှင် မေ့အော်သံကြီး ကျယ်လောင်သွားတော့။

ဒေါ်စိမ်းစိမ်းတော့ ကိုယ်လက်မအီမသာဖြစ်နေလို့ ဆေးသောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိပ်နေရမှ ဝုန်း ဒုန်းအသံတွေကြောင့် လန့်လန့်ဖျပ်ဖျပ် နိုးလာကာ ပြေးထွက်ကြည့်လျှင်။

ဘုရားရေ။

ဒေါ်စိမ်းစိမ်းစော ရင်ဘတ်ဖိလေသည်။

နေရဲရင့်ရှောင်လိုက်ပေမယ့် ကိုယ်ပေါ်ရှက်ထိသွားသလို နောက် ထပ်ဆင့်ထိုးလာတဲ့ ကိုလေးလက်သီးချက်တွေ မျက်ခွက်ထဲ တန်းဝင်လာသည်။

"ကိုလေး မေ တောင်းပန်တယ်။ နေ့မှာ ဘာအပြစ်မှ မရှိဘူး"

"ဘာအပြစ်မရှိဘူးလဲ။ တိုက်ခန်းထဲအထိ ကျူးကျူးကျော်ကျော် ဝင်လာတဲ့ အယုတ်တမာကောင်၊ အဆင့်အတန်းမရှိတဲ့အကောင်"

"အဆင့်အတန်းဆိုတာ ဘာကိုပြောတာလဲ"

နေ ခံနေရတာကိုမမှုပါ။ ပက်ခနဲ့မေးလျှင် –

"မင်း"

ကိုကြီးလက်သီးဆုပ်လျက် ပြေးဝင်သွားသည်။

"ကိုကြီး"

မေ ပြေးဆွဲရင်း တတွတ်တွတ် တောင်းပန်နေမိသည်။ မေ့ကို အန်တီကြီးက လာဆွဲ၏။

"ဟင့်အင်း"





မေ ခေါင်းခါငြင်းလျှင် ကိုကြီးနဲ့ကိုလေး ပိုရှုံ့ ပေါက်ကွဲလေသည်။

"ဒီမှာ မင်းတို့မိသားစုရဲ့ဖကို မကြိုက်လို့ မင်းတို့နဲ့ဝေးရာမှာ လာနေတာ။ ဒါကို မင်းက သောက်ဂရုမစိုက်ဘဲ ကျူးကျူးကျော်ကျော် ဝင်လာတာ။ အဲဒီအတွက် မင်းတို့ အလွတ်မပေးဘူးကွ"

ကိုကြီးပြောသလို ကိုလေးက ချက်ချင်းဖုန်းဆက်လေသည်။ နေ့ကို အဖမ်းခိုင်းဖို့။

ဟင့်အင်း။

နေ့ကို ထိုသို့အပြစ်မခံနိုင်ပါ။

"ကိုကြီး မေ့ကြောင့် နေ ခုလိုဖြစ်ရတာ။ မေ တောင်းပန်တယ်။ နေက ကျူးကျော်လာတာမဟုတ်ဘူး။ မေခေါ်လို့လာတာ"

ဟင်။

ကိုကြီးနဲ့ကိုလေး မေ့ကို ပြူးပြူးပြဲပြဲကြည့်၏။

"ဟုတ်တယ် မေခေါ်လို့"

"ဘာ"

ကိုကြီးလက်တစ်ဖက် မြောက်တက်သွား၏။ မေ့ကို ရိုက်ချတော့ မှန်းသိတာမို့ –

"မဟုတ်ဘူး။ ကျွန်တော့်ဘာသာ ကျွန်တော်လာတာ။ မေ့ကို တွေ့ချင်လို့လာတာ။ အဲဒီအတွက် ကြိုက်သလို လုပ်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



နေ ရဲရဲကြီးပြောလျှင် မေ ခေါင်းတခါခါနဲ့ –

"မ မဟုတ်ဘူး ကိုကြီး။ မေ ခေါ်လိုက်တာ။ မေခေါ်လို့ နေ လာခဲ့တာ။ မေ့ကိုပဲရိုက်ပါ ကိုလေးရယ်၊ မေ့မှာ အပြစ်ရှိပါတယ်"

"ညီမလေး မေက ဒီကောင့်ကိုခေါ်တာ"

"ဟုတ်တယ်"

"ဘာ ဘာလို့ဖြစ်လို့"

ညီအစ်ကိုနှစ်ယောက် မယုံနိုင်စွာ မေးလိုက်မိသည်။ မေ မျက်ရည်တွေသုတ်၏။ နေက –

"မဟုတ်ဘူး မေ။ မေ ညာနေစရာမလိုဘူး။ နေ့ကိစ္စ နေ ရင်ဆိုင်မယ်"

"မဟုတ်ဘူးနေ၊ နင် ဘာမှဝင်မပြောနဲ့။ နေ့ကို 'မေ' ခေါ်လိုက်တာ။ ဘာဖြစ်လို့လဲ သိလား။ ကိုကြီးတို့မသိအောင် နင်ပေးထားတဲ့ ဖုန်း နင့်ကို ပြန်ပေးမလို့၊ ရော့ နေ နင့်ဖုန်း"

"ဟင်"

မေက ဖားလျားလျားလေးဝတ်ထားတဲ့ အင်္ကျီအတွင်း အိတ်ထဲက နေပေးတဲ့ လက်ကိုင်ဖုန်းလေးကို နှိုက်ထုတ်ပေးလိုက်သည်။

ထိုအခါ

နေ့မျက်လုံးပြူးသလို ကိုကြီးနဲ့ကိုလေးလည်း မျက်လုံး တကယ်





ပြူးသွား၏။ သူတို့ တင်းတင်းကျပ်ကျပ် စောင့်ရှောက်နေလျက်နဲ့ ဒီဖုန်း တစ်လုံး မေ့လက်ထဲရှိနေတာ ဘာလို့ မသိရတာလဲ။

"နေဦး"

ပြောရင်းဆိုရင်း သူမအခန်းထဲဝင်သွားကာ အဝတ်ဗီရို၏ အောက်ဆုံးအဆင့်မှ အင်္ကျီတွေနဲ့ ဖုံးထားတဲ့ ပန်းချီကားချပ်ကြီးကို ဆွဲယူလာပြီး နေ လက်ထဲထိုးထည့်ပေးလိုက်သည်။

"ရော့"

နေ့မျက်လုံးတွေပြာသွား၏။ မေ့အစ်ကိုနှစ်ယောက်နဲ့အတူ အန်တီကြီးလည်း ပါးစပ်အဟောင်းသားဖြစ်ကာ ငြိုင်တူခေါ်ကြ၏။

"မေ"

"မေ့ကိုခွင့်လွှတ်ပါ။ 'နေ'နဲ့'မေ' လုံးဝမပတ်သက်တော့ဘူး။ မေ ကတိပေးတယ် နေ။ နင့်ဟာတွေ နင်ယူသွားတော့။ နင့်ကို မေ ဘယ်တော့မှ မချစ်ဘူး။ ဟင့် ဟင့် ဟင့်၊ သွားပါတော့။ မေ့ရှေ့က ထွက်သွားပါတော့၊ သွား သွားပါတော့"

မေ ပြောဆိုရင်း နေ့ကို ကမူးရှူးထိုး တွန်းထုတ်လေသည်။ နေရဲရင့် ဘယ်လိုမှ မခံစားနိုင်စွာ မေနှင့် 'မေ' ပြန်ပေးတဲ့ပစ္စည်းတွေကို တစ်လှည့်စီကြည့်ရင်း –

"မေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်သွားတော့၊ နင်နဲ့မေ ဘယ်တော့မှ မျက်နှာချင်းမဆိုင်ဘူး။ နင့်ကို မေ မချစ်ဘူး။ နေတို့မိသားစုစရိုက်ကိုလည်း မေ မုန်းတယ်။ သွားပါတော့ သွား-သွား။ ဟင့် ဟင့် ဟင့်"

မေ နှင်ထုတ်သလို ကိုကြီးနဲ့ကိုလေးက –

"ဟော့ကောင်၊ မင်းထွက်သွားစမ်း"

"ငါ့ညီမနဲ့ ဘယ်တော့မှ မပတ်သက်နဲ့"

"သွားကွာ"

ကိုကြီးနဲ့ကိုလေးလည်း နေ့ကိုတွန်းပစ်လျှင် နေ အရှိန်လွန်ကာ အခန်းပြင်ရောက်၏။

"မေ"

ကိုယ်ရှိန်ထိန်းရင်း နေ လှမ်းခေါ်လျှင် မေ့ခေါင်း တွင်တွင်ရမ်းကာ အခန်းတံခါးကို ဂျိမ်းခနဲမြည်အောင် မေကိုယ်တိုင် ဆောင့်ရှိပိတ်ပစ်လိုက်၏။

"မေ့ကိုခွင့်လွှတ်ပေးပါ။ မေ့ကိုယုံကြည်ပါ ကိုကြီးရယ်။ မေ ဘယ်တော့မှ နေနဲ့မဆက်သွယ်ဘူး"

"သမီးရယ်"

အန်တီကြီး မေ့နားရောက်လာပြီး ဖွေ့ယူလေသည်။

"သားကြီးနဲ့သားငယ်ရယ်။ မေ့ကို ဒီလောက်လည်း ဖိအားမပေးပါနဲ့။ မေ ပြောနေတာတွေ လက်ခံပေးလိုက်ပါကွယ်။ နေရဲရင့်နဲ့ မေ ဆက်သွယ်တော့ဘူးပြောတာ ယုံကြည်ပေးလိုက်ပါကွယ်"

မေ့ဘက်က အန်တီကြီး ကူပြောပေးလျှင် ညီအစ်ကိုနှစ်ယောက် အံကြိတ်တာတွေ ပြေချလေသည်။

"မေ တကယ်ပြောတာပါ။ မေ့ကိုယုံကြည်ပေးပါ၊ ဟင့် ဟင့် ဟင့်"

မေ့ပြောသံလေးမဆုံးခင် နေ ခြေလှမ်းတွေ မေနဲ့ တဖြည်းဖြည်း ဝေးကွာသွားမှန်း မေ သိလိုက်၏။

ထိုအခါ

မေ့ခံစားချက်တွေ အရည်ပျော်ကာ နှလုံးသားမှ တသွင်သွင် စီးကျနေသည်က အသောမတတ်နိုင်တဲ့ မျက်ရည်တွေ။

မေ့ကို နာနာကြည်းကြည်း မုန်းလိုက်ပါတော့ နေ။

နေ့အချစ်က မေ့နှလုံးသားမှာ တွယ်ငြိခွင့်မရတဲ့ဖြစ်စဉ်တွေ ရှိတယ်။ ဒါကြောင့် အမုန်းတွေနဲ့ နာကြည်းလိုက်ပါကွယ်။

မေ့ကိုမေ့လိုက်ပါတော့ နေ။

မေ့လိုက်ပါတော့။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၂၅)

"ဘယ်လို မေက"

"ဟုတ်တယ်"

"သချာရဲ့လား"

ဖင်ဖင်နဲ့စုထွေးပြောတာကို ခါခါ မယုံချင်ပါ။ ဝေသာကလည်း သချာရဲ့လားလို့ ချက်ချင်းမေး၏။ စုထွေးက ဝေသာ့ကို မျက်စောင်းမထိုးရုံတမယ်ကြည့်ကာ –

"သချာလို့ပြောတာပေါ့ဟ"





"ဘယ်သူပြောလဲ"

ပိုသေချာအောင် ခါခါမေးလျှင် ခါခါ့ကို စုထွေး မျက်စောင်းတကယ်ထိုးပြီးပြော၏။

"တေဇ ပြောတာ"

"သူဘဲပြောတာဆိုတော့"

ခါခါ မျက်နှုံးလေးယင့်ကာပြောတော့ စုထွေး ရှက်မျက်နှာလေးနှင့် နှုတ်ခမ်းရှုပြ၏။

တေဇက စုထွေးကို ချိတ်နေတယ်မဟုတ်လား။

ဒါကြောင့် စုထွေးမျက်နှာလေး ရဲမှည်ကာ မလုံမလဲပြော၏။

"ဟဲ့ စုက တေဇပြောတဲ့အတိုင်း ပြန်ပြောပြတာလေ"

"ဟုတ်ပါတယ်၊ တေဇပြောမှတော့ ယုံရတော့မှာပေါ့"

ဖင်ဖင် ပြေလျော့ပြောလိုက်မှ စုထွေးရဲ့ ရှက်မျက်နှာလေး အရောင်ပြယ်သွား၏။

"နေပါဦး မေက ဘာဖြစ်လို့ အဲလိုတွေ လုပ်ရတာလဲ"

ဝေသာမေးတော့ စုထွေးမျက်နှုံးလေး စုံယင့်ကာပြော၏။

"အဲဒါပေါ့ နေ ခံစားနေရတာလေ"

"အေးနော် မေကလည်း ဘာစိတ်ကူးတွေနဲ့မှန်း မသိဘူး"

"ဟုတ်ပါ့ပါယ်။ နေဦး မေ့ကို တွေ့ရင်မေးကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖင်ဖင်က ဝင်ပြောၖ၏။

"တွေ့ရင်၊ ဘယ်မှာတွေ့မှာလဲ"

"ဟဲ့၊ ကိုကြီးတို့ မေ့ကို ချုပ်ချယ်ထားပေမယ့် ကျောင်းတော့ ပေးတက်မှာပေါ့။ မေ ကျောင်းတက်ရင် တိတ်တိတ်တွေ့ကြမယ်လေ"

"အဲ့မယ် မဖြစ်နိုင်တာတွေ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"ကျောင်းဖွင့်တာ ဒီနေ့ပါဆို နှစ်ရက်တောင်ရှိပြီလေ။ ကျောင်းအပ်ဖို့တောင် မေ ရောက်လို့လား။ ကျုပ်တို့ပဲ ထိုင်စောင့်နေတာမော တယ်"

ဝေသာပြောတာဟုတ်ပါပေသည်။ ကျောင်းဖွင့်စရက်ကတည်းက မေ ကျောင်းလာနိုးနိုးနဲ့ သူမတို့တစ်ဖွဲ့ စောင့်နေခဲ့သည်။

မေက ပေါ်မလာ။ ကျောင်းဝင်စာရင်းထဲမှာလည်း မေ့နာမည် မတွေ့သေး။

"ဘာပဲဖြစ်ဖြစ် မေ့ကို စောင့်ရမှာပဲ"

"စောင့်ပါတော် စောင့်။ ဒါနဲ့ နေကော နေ ဘယ်မှာလဲ"

"နေကလည်း တစ်မျိုးပဲ။ အဲဒီနေ့ကတည်းက အပြင်မထွက် ဘူး။ တေဇတို့တွေ နေ့ဆိုလိုက်သွားကြတယ်။ နေ ကျောင်းတက်ဖို့ စည်းရုံးနေရတယ်"





"ကျွတ်"

မေသံသာနှင့် နေရဲရင့်ဖြစ်စဉ်က သူငယ်ချင်းတွေအတွက် ပူပင်စရာတွေဖြစ်နေရတော့ ပြောရင်းဆိုရင်း စိတ်ရှုပ်တွေးဟန်တူကာ ခါခါက ကျွတ်ခနဲ အသံထွက်ရင်း –

"ဒါဆို ခါတို့ အတန်းမသွားဘဲ ဒီကစောင့်ရမှာပဲလား"

"စောင့်မယ်လေဟာ၊ တေဇတို့ နေ့ဆီသွားကြတယ်ဆိုတော့ နေ့ကို မရအရ ဆွဲခေါ်ကြမယ်လေ"

"သေချာတယ်ပေါ့လေ"

ဝေသာက ရယ်ကျဲကျဲနဲ့ နောက်ပြောင်သလိုပြောတော့ စုထွေးက လှမ်းရိုက်၏။

စုထွေးက တေဇတို့ခေါ်ရင် နေပါလာမယ်လို့ ယုံကြည်နေသည်။

အဲဒါကိုပဲ နောက်စရာအဖြစ် ခါခါတို့ ဝိုင်းပြောနေကြသည် မဟုတ်လား။

"ကဲပါ စောင့်ကြတာပေါ့။ နေ့ကိုရော မေ့ကိုကော စောင့်မယ်။ နေနဲ့မေ တစ်ယောက်ယောက်မလာမချင်း ဒီနေရာက မထဖို့ အဓိဋ္ဌာန် ကြမယ်"

စုထွေး အားတက်သရောပြော၏။ ပြောတဲ့အတိုင်းလည်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေ သဘောကျကာ စားသောက်စရာများ ထပ်မှာကြ၏။

စားရင်းသောက်ရင်း စောင့်ရတာ ပိုပြီး အရသာရှိတယ် မဟုတ်လား။

ထိုစဉ်။

✿ ✿ ✿



## အခန်း (၂၆)

“ဟင်”

ဝေရတ်နဲ့မေ့ကို ယှဉ်တွဲ၍ မြင်လိုက်ရလျှင် ခါခါတို့ အံ့ဩကာ နှုတ်ခမ်းလွှာလေးများ ပွင့်ဟလေပြီ။

ခါခါတို့က မေနဲ့ ဆုံခွင့်ရဖို့ မျှော်နေကြသည်။ ကျောင်းအဝင် ကပ်ခံတဲ့ အဆောင်ရှေ့ မျက်စောင်းထိုးကျကျတွင် ရှိနှင့်သည့် သက်ရင့် ပင်ကြီးအောက်မှာ စောင့်နေကြသည်က အတော်ကြာလေပြီ။

ထို့နောက် အဆောင်ရှေ့မှာ မာစီဒီးကားဖြူလေး လာရပ်တာကို ကြည့်နေမိတာလေ။ ထိုကားပေါ်မှ ဝေရတ် ဦးစွာဆင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



မေ့တက်အခြမ်း ကားတံခါးကို လာဖွင့်ပေး၏။ မေက ကြည်ကြည်သာသာ ကားပေါ်ဆင်းကာ ကိုဝေရတ်နဲ့အတူ ကျောင်းအပ်လက်ခံသည့်အခေါင် ထဲ ယှဉ်တွဲဝင်သွားလေသည်။

"မေ ဟော့ မေ"

ဝေသာက အံ့ဩနေရာမှ လှမ်းခေါ်ရင်း မေ့ဆီ သုတ်ခနဲ ထထွက်သွား၏။ စုဝေ့တို့လည်း ဝေသာ့နောက်ပြေးလိုက်၏။

"မေ"

သူငယ်ချင်းတွေရဲ့ခေါ်သံ ပြိုင်တူပေါ်ထွက်လာလျှင် မေ့နှလုံး သားက လှုပ်ခါသလို ခံစားရ၏။

ထိုအခါ မေ့မျက်ဝန်းလှလှဖြင့် နောက်လှည့်ကြည့်မိသွား၏။ မျှော်လင့်တကြီးနဲ့ မေ့ဆီ ပြေးလာနေတဲ့ သူငယ်ချင်းများကိုမြင်ရတော့ မေ့ရင်ထဲမှာ လေတိုးခံရသော သစ်ရွက်ကလေးလို တကယ်လှုပ်၏။

"မေ့သူငယ်ချင်းတွေ မဟုတ်လား"

ဝေရတ်၏ မကြည်မလင်မေးသံ ပေါ်ထွက်လာသည်။ ထိုအခါ မေ ဂူခြွေလေးဆယ်ကာ ခေါင်းလေးဆတ်၏။

"အဲဒါဆို မေ ပြတ်ပြတ်သားသားပြောလိုက်"

ဝေရတ် စိတ်မရှည်သလို ပြောလိုက်၏။ မေ့သူငယ်ချင်း မေ့ကို သူ့စိတ်သဘောအရ ပြတ်သားနေတာကိုပဲ မြင်ချင်ပါသည်။





ဒါကြောင့် ဝေရတ် ထုတ်ပြောလိုက်ခြင်းပါ။ ဝေရတ် ထုတ်ပြော လျှင် မေက နှုတ်ခမ်းလေးစေ့ကာ အနားရောက်လာတဲ့ သူငယ်ချင်းတွေကို ရင်ထဲကဆန္ဒအတိုင်း လိုက်လှဲ့ရွာ နှုတ်မဆက်ဖြစ်တော့ပါ။

"မေရယ် မေ့ကို စောင့်နေတာ ကျောင်းအပ်လက်ခံတဲ့နေ့ တတည်းက"

"ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

သူငယ်ချင်းတွေ မေ့လက်ဖျားလေးကို လိုက်လိုက်လှဲလှဲဆွဲပြီး မေးလေသည်။ ထိုအခါ မေ့မျက်နှာလေး တည်လိုက်ပြီး –

"တမင်ပဲ နောက်ကျပြီးမှလာတာ"

"ဘာဖြစ်လို့"

"ခါတို့နဲ့ မဆုံချင်လို့"

"ဘာ"

ခါခါတို့သူငယ်ချင်းလေးယောက်စလုံး အံ့ဩလွန်းကာ မျက်လုံး လေးများ ပြူးကျယ်ကုန်သည်။

"မေ မေ ဘယ်လိုပြောလိုက်တာလဲ"

စုဝေ့က မေ့လက်မောင်းလေးကို ဆုပ်ကိုင်လှုပ်ခါရင်းမေးလျှင် ရင်မှာ ချက်ချင်းဖြေဖို့ စကားလုံးရှားပါးနေပါသည်လား။

"ပြောလေ၊ မေ မေက ဇင်ဇင်တို့နဲ့ မဆုံချင်လို့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



မေ"

မေ့ခေါင်းလေး အသာညိတ်ရင်းပြော၏။

"ဟုတ်တယ်"

"နေစမ်းပါဦး။ မေက ဝေသာတို့နဲ့ မဆုံချင်ရလောက်အောင် ဝေသာတို့က မေ့ကို ဘာလုပ်ထားလို့လဲ။ ပြောလေ မေ"

ဝေသာ ခံပြင်းသွားတာမို့ အောင့်မထားတော့ဘဲ မေးချလိုက်သည်။

မေက ဝိုင်းကြည့်နေတဲ့သူငယ်ချင်းအားလုံးကို မကြည့်ဘဲ။

"အိုး မေ့စိတ်နဲ့မေပါ"

"မယုံဘူး"

"မေ့စိတ်ရင်း အဲလိုမဟုတ်ဘူးဆိုတာ စုတွေးတို့သိတယ် မေ"

စုတွေးတို့ ဟောဟောဒိုင်းဒိုင်း ပြောချတော့ မေ မျက်နှာပျက်သွားသလို ဝေရတ်က နေရခက်ခက်ချည်းဖြစ်၏။ ထိုမေးခွန်း သူ့ကြောင့်လို့ ရည်ညွှန်းသလို ဖြစ်နေတယ် မဟုတ်လား။

ဒါကြောင့် မေ့သူငယ်ချင်းတွေကို ခပ်တင်းတင်းစိုက်ကြည့်ပြီး

"ဒီမှာ"

ဝေရတ်ဆိုလျှင် မေ့သူငယ်ချင်းတွေ ဝေရတ်ဆီ အကြည့်ရောက်၏။





ထိုအခါ ဝေရတ်က ဘယ်သူ့ကိုမှ အားမနာဘဲ ပြောချလေသည်။

"မေ့စိတ်ရင်း ဘယ်လိုရှိရှိ မင်းတို့နဲ့ မဆိုင်ဘူးကွ။ မေက မဆုံချင်လို့ နောက်ကျပြီး ကျောင်းအပ်ဖို့လာခဲ့တာ။ အဲဒါ မင်းတို့သိရင် မေနဲ့ မဆုံအောင် နေကြဖို့လိုတယ်"

"ဘာ"

"နောက်ကြောင်းပြန်လှည့်တော့"

"တောက်"

ဝေရတ် ပြောစကားမဆုံးခင် ခါခါတို့ ဒေါသထွက်ကုန်သည်။ မေနဲ့ မျက်နှာချင်းမဆိုင်နဲ့တော့ဆိုတာက မေနဲ့ခါခါတို့အားလုံးကို စည်းတားလိုက်တဲ့သဘော ဖြစ်နေသည်မဟုတ်လား။

"လာ မေ"

သူငယ်ချင်းတွေ ဒေါသဖြစ်လို့မဆုံးခင်မှာ ဝေရတ်က မေ့ကို ဆွဲခေါ်လေသည်။ မေက ဝေရတ်လက်ကို ဖယ်ရှားရင်း –

"ဟုတ်တယ်၊ မေတို့ မခေါ်ဘဲနေကြရအောင်။ ဒီနေ့ကစပြီး မေတို့တစ်တွေ သူငယ်ချင်းအဖြစ်က ပြတ်စဲကြရအောင်၊ ဒါပဲနော်"

မေက ပြတ်တောင်းတောင်းပြောဆိုရင်း လက်ကလေးပြကာ ခါခါတို့ကို ဦးစွာကျောခိုင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်သူတစ်ဦးလို မျက်နှာထားမော့မော့လေးနဲ့ ဝေရတ်က လည်း မေနဲ့ယှဉ်လျက်သား ပါသွားတော့၏။

မေတို့နှစ်ယောက်ကိုကြည့်ရင်း ခါခါတို့တစ်တွေ နှုတ်ခမ်းကိုက် လိုက်ကိုက်၊ လက်ချောင်းတွေ ကျစ်အောင်ဆုပ်လိုဆုပ်နှင့် မကျေမချမ်း ဖြစ်ကုန်ကြသည်။

"ဘာအချိုး ချိုးတာလဲ"

ဖင်ဖင် သည်းမခံနိုင်စွာ အော်မေးတော့၏။ ဒီတစ်ခါ မေလှည့်မကြည့် တော့ပါ။ ကျောင်းအစ်လက်ခံတဲ့အဆောင်ထဲ 'မေ'တို့ ဝင်သွားလေသည်။

"ဒါ ဘယ်နည်းနဲ့မှ ရိုးရိုးသားသား မဖြစ်နိုင်ဘူး စုဝေး"

"အိုး ဘာပဲဖြစ်ဖြစ် မေ ဒီလိုကြော်ငြာတာ ဝေသာတို့ကို စော်ကားသလိုပဲ"

"ဟုတ်တယ်"

"တောက် ခါတော့ လုံးဝမကျေနပ်ဘူးဟာ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းပြောရင်း ဒေါသူပုန် ထကြ သည်။

"ဟုတ်တယ်၊ ဒီကိစ္စမှာ မေ မှိုင်းမိနေတာပဲ ဖြစ်ရမယ်"

"မှိုင်းဘယ်လောက်မိမိ သူငယ်ချင်းတွေကိုတော့ ပစ်ပစ်ခါခါ ကျောခိုင်းသွားဖို့ မသင့်ဘူး။ ခုလိုကျောခိုင်းတာ မေ့ဘက်က လွန်လွန်း





တယ်။ နေဦး ဒီကိစ္စ ဒီအတိုင်းထားလို့အဖြစ်ဘူး။ နေ သိအောင် ပြောရမယ်။ လာ နေ့ဆီသွားကြစို့"

စုဝေးကပြောရင်း သူငယ်ချင်းတွေကို ဆွဲခေါ်လေသည်။ သူငယ်ချင်းတွေကလည်း စုဝေးပြောတဲ့အတိုင်း သဘောတူကာ နောက် မြန်လှည့်လျှင် –

"ဟင်"

မလှမ်းမကမ်းမှာ ခါခါတို့အဖြစ်ကို စောင့်ကြည့်နေတဲ့နေ။ ဝေဇ တို့လည်းပါသည်။

မေရဲ့တုန့်ပြန်မှုကို နေတို့တစ်တွေ အစအဆုံးမြင်တွေ့သွားဟန် တူပါသည်။ ထိုအခါ ညှိုးမှိုင်းနေသော နေ့မျက်ဝန်းအစုံဟာ မျှော်လင့်ချက် တို့ ကင်းမဲ့သလို မှေးကျသွား၏။ ထို့ပြင် ခြေလှမ်းတွေလည်း သူငယ်ချင်း တွေနဲ့ ဝေးရာဆီသို့ ဆုတ်ခွာထွက်သွားလေသည်။

"နေ"

သူငယ်ချင်းအားလုံး ခေါ်ဆိုဟန့်တားကြပေမယ့် နေ့ ခြေလှမ်း တွေ ရပ်တန့်သွားခြင်း မရှိတော့ပါ။

မျှော်လင့်ရင်းနဲ့ဝေးရတယ်ဆိုတာ ဒါမျိုးလေလား။

ပြောစမ်းပါ အစိမ်းရင့်ရောင် လေပြည်ညင်းရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မေ လာ"

ဝေရတ်က မေ့လက်ဖျားလေးကို ဆွဲယူ၍ ခေါ်ဆိုလျှင် မေ စိတ်မှာ မနှစ်မြို့စွာ လှုပ်ရှားသွား၏။

"ဘယ် ဘယ်ကိုလဲ"

"ရုပ်ရှင်ရုံရှေ့ရောက်နေမှတော့ ရုပ်ရှင်ကြည့်မလို့ပေါ့"

"အို"

မေ့လက်ဖျားလေးကို မေ ဆတ်ခနဲ ဆွဲလိုက်၏။ မေက ကားထဲ ပါလာကတည်းက သင်ရိုးစာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်





နှန်လှောကြည့်နေခဲ့တာလေ။

နောက်ပြီး -

စာရေးကိရိယာဆိုင်မှာ စာရေးကိရိယာပစ္စည်းတချို့ ဝယ်မယ် ဆိုပြီး မေ ကြိုပြောထားလို့ စာရေးကိရိယာဆိုင်မှာ ကားရပ်ပေးတယ်လို့ ထင်ပြီး ဝေရတ်ခေါ်တဲ့အတိုင်း မေ ကားပေါ်ကဆင်းလာခြင်း ဖြစ်သည်။

ခုမှပဲ သမ္မတရုပ်ရှင်ရုံရှေ့ရောက်မှန်း မေ သိရတော့သည်။

"မေ ရုပ်ရှင်မကြည့်ဘူး"

ထိုအခါ ဝေရတ်မျက်နှာပျက်ကျသွားသည်။ ပတ်ဝန်းကျင်မှာ သည်း လူအများနဲ့မို့ ရှက်တာလည်းပါနေသည်။

နောက်ပြန်လှည့်သွားမလို့ လုပ်နေတဲ့မေ့ကို သူ အတင်းဆွဲထား ရင်း -

"ကိုကြီးကိုပြောပြီးသားပါ။ ရုပ်ရှင်ကြည့်ပြီးမှ စာရေးကိရိယာ ဆိုင် ဝင်ကြမယ်လေ"

"ဟင့်အင်း။ မေ ရုပ်ရှင်မကြိုက်ဘူး"

"ရုပ်ရှင်ဆိုတာ ကြည့်ဖို့။ ကြိုက်တာမကြိုက်တာက ကြည့်ပြီးမှ ဆုံးဖြတ်ရမယ့်ကိစ္စပါ။ လာပါ မေရယ်။ မေ တိုက်ထဲအောင်းနေရတာ နှန်းကြပ်နေတယ် မဟုတ်လား"

"ဟင့်အင်း။ မေက တိုက်ထဲအောင်းတာ မဟုတ်ဘူး။ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေတာလေ၊ မှန်းမကြုပ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ငြိုးငွေ့မှာပေါ့။ လာပါ မေရယ်။ လက်မှတ်ပြ

ဝင်ထားလို့ပါ။ ကိုကြီးနဲ့ကိုလေးလည်း လိုက်လာလိမ့်မယ်"

"တ တကယ်လား"

"ကိုယ်မညာပါဘူး"

ဝေရတ် ရဲရဲချည်းပြောလိုက်ရသည်။

"ဟုတ်လို့လား။ လက်မှတ် ဘယ်နှစ်စောင်ဝယ်ထားလဲ ပြ

လေ"

မေ စစ်ဆေးသလို မေးလိုက်တော့ ဝေရတ် ခေါက်အိတ်ထဲ

က လက်မှတ်တွေ တကယ်ထုတ်ပြ၏။

အားလုံး လေးစောင်တိတိ။

ထိုအခါ မေ မငြင်းသာတော့ပါ။ ကိုကြီးတို့လာမယ်ဆိုတော့

လည်း မေ့စိတ်က လုံခြုံသလို ခံစားရလေသည်။

"လာပါ မေရယ်"

ဝေရတ်က လိုက်လိုက်လဲ့လဲ့ချည်း ခေါ်နေလျှင် မေ ဆက်မငြင်း

သာတော့ပါ။ ဝေရတ်နောက်က လိုက်ပါခဲ့ရသည်။ အထူးတန်းထိုင်ခုံ

ထိုင်ချမိလျှင် အလိုလိုနေရင်း သူငယ်ချင်းတွေကို သတိရ၏။

မှတ်မှတ်ရရပြောရရင်း မေတို့ ဆယ်တန်းမဖြေခင်ပေါ့။





နွေမွေးနေ့ ဖြစ်သည်။ ထိုအခါ နေ့မွေးနေ့မှို နေ တက်တက်

ကြွကြွဖြစ်လျက်။

"ငါ့မွေးနေ့အထိမ်းအမှတ်အနေနဲ့ တစ်ခုခုစီစဉ်ချင်တယ်။ ဘာ

စီစဉ်ရမလဲ၊ ပြောကြကွာ"

နေက သူငယ်ချင်းတွေကို အခွင့်အရေးပေးသလိုမေး၏။ ခေတ်

ညာ။ သူရိန်နဲ့ တေဇက တစ်လေသံတည်းပြောကြသည်။

"ချောင်းသာသွားပြီးကဲကြမယ်" တဲ့။

"ဟွန်း၊ စာမေးပွဲက ဖင်နားကပ်နေပြီ။ ချောင်းသာသွားပြီး

တဲချင်ရသေးတယ်။ ပန်းခြံသွားပြီး အပန်းဖြေကြ၊ ဂိမ်းဆော့ကြဆိုတာ

မျိုးတောင် ဟုတ်တုတ်တုတ် ရှိသေးတယ်"

ဖင်ဖင်က ထိုသို့ပြောခြင်း။

"ဟဲ့ ပန်းခြံသွားပြီး ဂိမ်းကစားတာတွေက ရိုးနေပြီ။ ပဲခူးဆင်းပြီး

ဘုရင့်နောင်နန်းတော်ကို သွားလေ့လာရင် ဗဟုသုတတောင်ရဦးမယ်"

ဖင်ဖင်ကလည်း စိတ်ကူးရှိတဲ့အတိုင်း ပြော၏။

"အို ပဲခူးဆင်းပြီးလေ့လာစရာလား။ ရန်ကုန်မြို့ထဲတင်ရှိတဲ့

အမျိုးသားပြတိုက်တို့ ငါးပြတိုက်တို့ကိုလည်း လေ့လာလို့ရတာပဲ။ မြို့ထဲက

ပြတိုက်တွေပဲ လည်ကြမယ်"

"ဟုတ်တယ်၊ မြို့ထဲက ပြတိုက်တွေပဲလည်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခါခါပြောလျှင် ဝေသာကလည်း မြို့ထဲကပြတိုက်တွေပဲ လိုက်လည်ကြဖို့ ထောက်ခံလေသည်။ သူငယ်ချင်းအားလုံး တစ်ယောက် တစ်နေရာကို သွားဖို့ စိတ်ဝင်စားနေကြသည်။

တိတ်ဆိတ်စွာ နားထောင်နေတဲ့ မေကိုလည်း နေမေး၏။

"မေကရော ဘယ်သွားချင်လဲ"

"အို ဘယ်မှမသွားချင်ဘူး။ ဟိုဟိုဒီဒီ သွားတာ ကိုကြီးတို့သိရင် စော်ပလော်တီးတာခံနေရဦးမယ်။ ရုပ်ရှင်ရုံသွားပြီး အေးအေးဆေးဆေး ရုပ်ရှင်ကြည့်တာ နောက်ကြောင်းအေးမယ်။ ပြီးတော့ သမ္မတရုံမှာ ကား သစ်လဲထားပြီးဟ"

မေ ရုပ်ရှင်ကြည့်ချင်ကြောင်းပြောတော့ သူငယ်ချင်းတွေ မျက် စောင်းထိုး၏။

"ဟွန်း ရုပ်ရှင်များ ကြည့်ချင်ပေါင်" တဲ့။

'ကဲ တစ်ယောက်တစ်မျိုး ဖြစ်နေကြတာဆိုတော့ ဒီမိုကရေစီ နည်းအရ၊ မဲလိပ်နှိုက်ပြီးရွေးကြမယ်၊ အိုကေနော်"

နေက ထိုသို့ပြော၏။

"အိုကေ မဲလိပ် ငါနှိုက်မယ်ကွ၊ သဘောတူလား"

ခေတ်ဗညား ဦးစွာပြော၏။

"နှိုက်ဟာ"



စုဝေ့တို့ကလည်း သဘောတူသည်။ မဲလိပ်က တစ်လိပ်ပဲနှိုက် ရမှာလေ။ နှိုက်မိတဲ့မဲလိပ်က သူငယ်ချင်းအားလုံးအဆိုတင်သွင်းတဲ့နေရာ ထဲက တစ်နေရာရာဖြစ်မည်။

ထိုတစ်နေရာက သူတို့အသီးသီး၏ စိတ်ကူးထဲကနေရာ ဖြစ်ပါ စေဟု ကျိတ်ဆုတောင်းနေကြသည်။

နေက သူငယ်ချင်းအားလုံး အဆိုတင်သွင်းတဲ့နေရာတွေကို ရေးပြီး မဲလိပ်လုပ်နေသည်။ မဲလိပ်လုပ်တဲ့နား ဘယ်သူ့ကိုမှ ကပ်ခွင့် မပေးပေ။

နေက စိတ်တိုင်းကျ မဲလိပ်၏။ ချောင်းသာ၊ ပဲခူး၊ မြို့ထဲ၊ ကန်ခြံ၊ ရုပ်ရှင်ရုံ စုစုပေါင်း မဲလိပ် ငါးလိပ်ပြီး လက်ခုပ်ထဲထည့်၏။

"ကဲ နှိုက်"

ခေတ်ဗညား မဲလိပ်နှိုက်မှာကို အားလုံးသဘောတူတာမို့ ခေတ် ဗညားရှေ့ နေ့လက်ခုပ်လေး ဖွင့်ပေးလိုက်သည်။

ခေတ်ဗညားက မျက်လုံးစုံမှိတ်၍ အဓိဋ္ဌာန်ပြီးနှိုက်၏။ ချောင်းသာဖြစ်ပါစေပေါ့။

ခေတ်ဗညား မဲလိပ်နှိုက်ချိန်မှာ ဇင်ဇင်တို့ကလည်း သူမတို့ အဆိုပြုထားတဲ့မဲလိပ် နှိုက်မိပါစေဟု ဆုတောင်းနေကြသည်။

ခေတ်ဗညား မဲလိပ်နှိုက်၍ ဆုတောင်းစာတွေရွတ်ပြီး မဲလိပ်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို အသာဖွင့်ကြည့်၏။

"ဟင်"

စာလုံးသုံးလုံးကိုမြင်လျှင် မျက်လုံးလေးပြူး၏။

"ဘာလဲ ပြီး"

"ပြစမ်းပါဦးဟ"

ခါခါတို့ အလုအယက် ကြည့်ကြ၏။ မေလည်း စိတ်ဝင်တစား

တိုးကြည့်၏။ ထိုအခါ -

"ရုပ်ရှင်ရုံတဲ့"

"ဟေး"

မေ အားရဝမ်းသာ ထခုန်မိလေသည်။ ကျန်သူငယ်ချင်းများ

မျက်စောင်းထိုးကြ၏။ မျက်မှောင်ကုပ်၍ ပွစိပွစိရွတ်၏။

ဒါနဲ့ပဲ ရုပ်ရှင်ရုံဆီသို့ ပါခဲ့ရလေသည်။ ရုပ်ရှင်ပြနေတော့လည်း အားလုံးက ရုပ်ရှင်ဇာတ်လမ်းထဲ အာရုံမျောနေကြသည်။

ထိုစဉ်

မေနဲ့ ဘေးချင်းကပ်ခုံမှာထိုင်နေတဲ့နေက မေ့ကို အသာ လက်ကုတ်၏။ မေက ဘာလဲဟု အသံတိတ်မေးဟန်နဲ့ ငဲ့ကြည့်၏။

ထိုအခါ နေက မဲလိပ်တစ်လိပ် ပြ၏။ ထိုမဲလိပ်က "ရုပ်ရှင် တဲ့။ နောက်တစ်လိပ်ပြီးတစ်လိပ် ဖြေပြ၏။ မဲလိပ်တိုင်းက ရုပ်ရှင်ရုံ



ချိလေသည်။

ထိုအခါ နေကို မေ မျက်စောင်းထိုးပစ်လိုက်၏။ နေက ပခုံး အသာပင့်၍ ရယ်မော၏။

ရုပ်ရှင်ရုံတွေချည်း မဲလိပ်လုပ်ထားတာ ဘေးနားမှာ တန်းစီ စီနေတဲ့ သူငယ်ချင်းတွေသိရင် ပြဿနာရှာမှာ မြင်ယောင်သေးသည်။

သို့သော်လည်း မေ့ရင်ထဲမှာ ကြည်နူးကာ သူငယ်ချင်းတွေ မသိစေအောင် နေ့လက်မောင်းကို ထုချလိုက်၏။

နေက အရယ်မပျက်တဲ့ မေ့လက်သီးဆုပ်လေးကို မိမိရရ ဆုပ် ကိုင်ထားလိုက်တာ ရုပ်ရှင်ပြီးချိန်ထိ။

ခုချိန်ထိတောင် မွှေးမြသော ထိုခံစားမှုလေးကို ခံစားနေရဆဲ ပြီးကာ ရုပ်ရှင်ဇာတ်ကားကိုကြည့်နေရာမှ မေ့မျက်လုံးခွာ၍ နေ ဆုပ်ကိုင် ထားသော မေ့ညာလက်ကို ငဲ့ကြည့်၏။

"ဟင်"

စိန်တစ်ပွင့် လက်စွပ်ဝတ်ဆင်ထားတဲ့ လက်ချောင်းများက နေ့လက်ချောင်းသွယ်သွယ်လေး ဟုတ်မနေပါ။ ဝရုတ်မှန်းသိရလျှင် ရင်မှာ မနှစ်မြို့စိတ်ဖြင့် ကြက်သီးလေးများ ဖြန်းခနဲထ၏။

ထို့ကြောင့် ဆုပ်ကိုင်ခံထားရတဲ့ ဝရုတ်လက်တွင်းမှ မေ့လက် လက်သီးဆုပ်လေးကို ဆွဲယူရင်း ထိုင်နေရာမှ ချက်ချင်းထ၏။



www.burmeseclassic.com

www.burmeseclassic.com



"မေ ဘယ်လဲ"

ဝေရုတ်မေးလျှင် မေ တုံးတိပြောမိ၏။

"ပြန်မယ်"

"နေဦးလေ၊ ရုပ်ရှင်ကောင်းနေတုန်းရှိသေးတယ်"

မေ ဘာမှ ပြန်ပြောမနေတော့ပါ။ ချက်ချင်း လှည့်ထွက်ခဲ့သည်ကာ။

✿ ✿ ✿



## အခန်း (၂၀)

"သမီးလေး မေ၊ မေဘယ်မှာလဲ။ မာမို့ဆီ လာပါကွယ်။ မာမီ တစ်ယောက်တည်း မနေရဲဘူး သမီးရယ်။ ဟင့် ဟင့် ဟင့်၊ မာမီကြောက်တယ်။ မာမီနေလို့လည်း မကောင်းဘူး။ မာမီ အရမ်းချမ်းတယ်။ မာမို့ဆီ လာခဲ့လေ။ မာမို့ကို ဖက်ထားပေးပါ သမီးရယ်။ မာမီ အရမ်းအားနည်းနေတယ်။ သမီးကိုလည်း သတိရတယ်။ သမီးလေးလာပါကွယ်။ မာမို့ အခန်းထဲမှာ တစ်ယောက်တည်း လဲနေတာ သမီးရဲ့ မာမို့ဆီလာပါနော်။ လာ လာခဲ့ပါ သမီးလေး မေရယ်"

မာမို့အသံလေးမှာ တိုးလျသလို အားငယ်စိတ်နှင့် ကြောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့်လည်း အသံတွေ လုံးလုံးထွေးထွေးဖြစ်ပြီး မေ့ကို တစ်ခေါ်တည်း ခေါ်နေသည်။

ထိုအခါ မေ့ရင်ထဲ သနားကြင်နာစိတ်တို့ ဖြစ်တည်လျက် မာမီ့ရဲ့ တောင်းတမှုတွေကို ဖြည့်ဆည်းပေးချင်မိ၏။

မာမီ့ရဲ့ခေါ်သံလေး တိမ်မြုပ်ပျောက်ကွယ်သွားလျှင် မေ့ကိုယ်လေး အေးခနဲစိမ့်သွားကာ အသိတို့ဝင်လာသည်။

ထိုအခါ မှောင်ပျသောည၏ တိတ်ဆိတ်မှုသည် မေ့စိတ် မေ့နှလုံးသားကို ဆောင်ယူသွားသည့်နှယ်။ မေ့စိတ်နှင့်မေ့ကိုယ် တကယ်ပါသွားတော့။

ညက တိတ်ဆိတ်မှောင်ပျနေသလို မေတို့အိမ်ကြီးလည်း တိတ်ဆိတ်ငြိမ်သက်လျက် အမှောင်ထုကြားမှာ ရပ်နေသည်က စိတ်အားငယ်ဖွယ်ရာ။

မာမီ့ဝိညာဉ်မှာ ဒီအိမ်ကြီးထဲမှာ အထီးကျန်နေတာ စိတ်မချမ်းမြေ့ဖွယ်များနှင့် ဖြစ်လေသည်။

"မေ လာပြီ မာမီ၊ မာမီ့ကို မေ ပစ်မထားပါဘူး"

မေ့ရင်ထဲမှာ တီးတိုးပြောဆိုရင်း ပိတ်ထားတဲ့တံခါးတွေကို တွန်းဖွင့်ပြီး မာမီ့အခန်းဆီ တန်းဝင်ခဲ့သည်။

"မာမီ"





မေ့ရင်ထဲမှာ တောင့်တောင့်တတခေါ်၏။

မှောင်မိုက်လှစွာသော မာမီအခန်းဟာ အောက်နံ့တို့ သင်းနေသလို၊ မာမီ့ခုတင်ဆီ ရွှေ့သွားမိသည့် မေ့ခြေလှမ်းတိုင်းက အေးစက်စက်ခံစားရလေသည်။

"မာမီ့ဆီ မေလာပြီ မာမီရဲ့"

မာမီကို တိုင်တည်ပြောရင်း မာမီ့ကို တွေ့လိုတွေ့ငြား စမ်းရင်းမွေ့ဖက်ထားဖို့ ကြိုးစားမိ၏။

ထိုစဉ်

နောက်ကျောကို ပုတ်ခတ်သလို ခံစားရလျှင် မေ့တစ်ကိုယ်လုံး ဖြန်းခနဲ တုန်ခါလျက် ကြောက်စိတ်တို့ ပြေးဝင်လာကာ ဆတ်ခနဲ လှည့်ကြည့်မိ၏။

မာမီ့ပုံစံဖြူဖြူအရိပ်ကြီးတစ်ခုကို မြင်လျှင် –

"အမေ့"

မေ လန့်ဖျပ်ကာ ခြေလှမ်းတွေ နောက်ဆုတ်မိ၏။ မြင်လွှာကိုလည်း စုံမှိတ်ရင်း –

"မာ မာမီလားဟင်"

တုန်တုန်ယင်ယင်ကြီး မေ မေးလိုက်၏။ မေ့မေးသံလေးအဆုံးမှာ အသံမှ ဖြေသံလည်းမကြားရပါ။ ထိုအခါ မေ့စိတ်ကိုတင်း၍ မှိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



မိတဲ့ မြင်လွှာလေးကို ဖွင့်ကြည့်မိ၏။

"ဟင်"

ဖြူရိပ်ရိပ်ပုံရိပ်က အခန်းပြင် လွင့်မျောသွား၏။ ထိုအခါ မေ့

စိတ်လှုပ်ရှားကာ အော်ခေါ်လေ၏။

"မာမီ"

မေ့ခေါ်သံကို အသိအမှတ်မပြုသလို ထိုအရိပ်ကြီးက စံအိမ်ထဲ

က ခြံဝင်းထဲ ကွေ့ပတ်၍ သွားနေသလို မြင်ယောင်နေမိသည်။

ဒါ မာမို့ဝိညာဉ်လား။

မေ သိလိုလှသည်။ ထိုအခါ အဆိုပါဖြူဖြူရိပ်လေးသွားရာ

တိုက်နောက်ဘက်သို့ မေ့ခြေလှမ်းတွေ ပါခဲ့၏။

ခရေပင်အောက်က လွဲပုခက်လေးနားရောက်လျှင် ထိုပုံရိပ်ဖြူ

လေးမှာ လွှဲပုခက်ပေါ်ထိုင်၍လွှဲနေသလို ပုခက်လေး တလှုပ်လှုပ်ခါသွား၏

အတန်ကြာလျှင် ပုခက်ကလေးလှုပ်နေရာမှ ရပ်တန့်သွားပြီး

ဖြူဖြူပုံရိပ်လေး မှုန်ဝါးပျောက်ကွယ်လေသည်။

"မာမီ"

မေ လွှတ်ခနဲခေါ်လိုက်၏။ အဲဒါ မာမီလား။ မာမီပဲဖြစ်ရမယ်

မာမို့ဝိညာဉ်က မေ့ကို ဒီစံအိမ်ထဲမှာပဲ နေစေချင်ဟန်တူပါသည်။

စိတ်ချပါမာမီ။





မေလည်းလေ မာမို့ဝိညာဉ်အရိပ်ကလေးရှိရာမှာပဲ နေချင်လှပါ

သည်။ မေ့စိတ်ထဲက ဖြစ်တည်တဲ့အတိုင်း မေ့ခြေလှမ်းတွေ ခြံဝင်းထဲ

တော်လိုက် စံအိမ်ထဲပတ်လိုက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေမိသည်။

ထိုစဉ်

သာယာပျောင်းနွဲ့သော သံစဉ်လေးကို ကြားယောင်လာသည်။

ထိုသံစဉ်ချိုလေးကို မေ အငမ်းမရ နားဆင်နေမိသလို ထိုသံစဉ်လေး

ဘယ်ဆီကလွင့်လာလဲဟု စူးစမ်းနေမိသည်။

သံစဉ်လေးက မေ တဲ့။

တစ်ခါက ဖွဲ့နွဲ့သီဆိုဖူးတဲ့ နေ့ သီချင်းသံစဉ်လေးရယ်။ ထို

သံစဉ်လေး တဖြည်းဖြည်း တိုးတိုးသာသာ စီးမျောလာလျှင်။

မေ့နှလုံးသားမှာ တစ်စုံတစ်ရာကို တောင့်တောင့်တတ ခံစားမိ

သည်။

ထိုအခါ –

တဖြည်းဖြည်း တိုးတိုးသွားသော သံစဉ်နောက်လိုက်မိပါသော

မေ့ခြေလှမ်းတွေ ချောက်တစ်ခုထဲ နစ်ကျွံသွားသလို ခံစားရလျှင် အသံကျန်

အော်ဟစ်မိလေသည်။

"အား"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"မေ"

"ညီမလေး"

စိုးရိမ်စိတ်ဖြင့် ညီအစ်ကိုနှစ်ယောက် မေ့ကို တတွတ်တွတ် ခေါ်နေကြသည်။

"ရှူး မခေါ်ကြနဲ့လေ၊ သမီးလေး အိပ်ပျော်နေတယ်"

အန်တီကြီးက တိုးတိုးသာသာ ဟန့်တား၏။ မျက်လွှာလေး စင်းလျက် ဆေးအရှိန်ဖြင့် အိပ်မောကျနေရှာတဲ့ ညီမဖြစ်သူကို ကြည့်ရင်း ညီအစ်ကိုနှစ်ယောက် ရင်ထဲ ထိထိရှရှ ခံစားရလေသည်။





"သားကြီးတို့ သွားနားပါဦး။ မေ့ကို အန်တီကြီး စောင့်နေပါ့မယ် ...ယ်"

ညီမလေး လက်ဖျားလေးကို တယုတယ ဆုပ်ကိုင်ထားတဲ့ ...ကြီးက ခေါင်းလေးဆတ်၏။ စိုးရိမ်နေတဲ့ကိုလေးက –

"ရပါတယ်၊ မေ့ကို ကျွန်တော်လည်း စောင့်နေလိုက်မယ်"

"အိုး သားတို့ အိပ်ရေးပျက်နေဦးမယ်။ အကြောင်းထူးရင် အန်တီကြီးခေါ်ပါ့မယ်။ နားပါဦးသားငယ်ရယ်။ နော်"

အန်တီကြီးက ချော့ချော့မော့မော့ပြောကာမှ ညီငယ်က စိတ်မချ ...ချင် စိတ်ချချင်ချင်နဲ့ ခေါင်းညိတ်၏။

"လာ ညီ"

ကိုကြီးက ညီငယ်ကို နှစ်သိမ့်စွာကြည့်ရင်း ဦးဆောင်ခေါ်သွား ...သည်။ ထိုအခါ ညီငယ်လည်း ညီမလေးကို ကရုဏာသက်စွာ တစ် ...က်ကြည့်ရင်း ညီမလေးအပါးမှ ခွာခဲ့ရသည်။

ညီအစ်ကိုနှစ်ယောက် အခန်းထဲကိုယ်စီဝင်ရင်း အနားယူနေရ ...သော်လည်း စိတ်က ညီမလေးဆီမှာ။

ညီမလေးဖြစ်စဉ်ကိုတွေးမိရင်း အိပ်မပျော်နိုင်အောင် ဖြစ်ရလေ ...သည်။

ထိုညက သူတို့ညီအစ်ကို အိပ်ရာစောစောဝင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေစဉ် အိပ်မက်လိုလို ဘာလို ခံစားရသည်က ရင်ထဲမှ အသည်း နှလုံးကို ဆွဲယူခံရလျှင် နာကြင်သောဝေဒနာဖြင့် သူတို့ညီအစ် လန့်လန့်ဖျပ်ဖျပ် နိုးလာပါသည်။

နိုးနိုးချင်း သတိရသည်က ညီမလေးကို။

ချက်ချင်းပဲ ညီမလေးဆီ အပြေးအလွှားထသွားပြီး အခန်းတံ ဖွင့်ကြည့်၏။

"ဟင်"

မွေ့ရာပေါ်မှာ ညီမလေးကို မမြင်လျှင် ညီအစ်ကိုနှစ်ယော ခေါင်းကြီးသွား၏။

"ညီမလေး"

"မေ"

ညီမဖြစ်သူကို တကြော်ကြော်ခေါ်ရင်း အခန်းတွေအနှံ့ ရှာ ကြည့်၏။ ဘယ်အခန်းမှာမှ ရှာမတွေ့လျှင် သူတို့ရင်မှာ မီးလိုပူသွား

ထိုအခါ အန်တီကြီးကိုပြေးနှိုးပြီး ညီမလေးမရှိတော့ကြောင်း ပြောဆိုလျှင် အန်တီကြီးလည်း စိုးရိမ်တကြီး ဖြစ်လေသည်။

ညကြီးမင်းကြီး ညီမလေး ဘယ်သွားတာလဲ။

သိချင်စိတ်နဲ့ ဖျာများသွားကာ ဘာလုပ်လို့ လုပ်ရမှန်းမသိ ပါ။



"မေက မာမီ့ကိုသတိရတယ်လို့ ခဏခဏပြောတယ် သားကြီး ရယ်"

အန်တီကြီးပြောလျှင် သူ့ရင်ထဲမှာ ပို၍ ပူလောင်သွား၏။ အဲဒီ စိတ်နဲ့ ညီမလေး ခြေဦးတည့်ရာလျှောက်သွားနေတာလား။

ဒီလိုနဲ့ မာမီ့ကို သင်္ဂြိုဟ်ခဲ့တဲ့ သချိုင်းပဲ ပြေးလိုက်ရနိုးနိုး ဖြစ်လာသည်။

ကမန်းကတမ်းကားထုတ်ပြီး လိုက်ဖို့လုပ်တော့ ကားပါကင် ညစောင့်က ပြောပါသည်။

"ကိုကြီးညီမက အရင်နေခဲ့တဲ့စံအိမ်သွားမယ်လို့ ပြောတယ်။ ညကြီးမင်းကြီး မသွားနဲ့လို့ ကျွန်တော်တားတာ မရဘူး။ ဖွတ်ထွက်သွား တယ်။

"ထွက်သွားတာ ကြာပြီလား"

ညီငယ် ဖြတ်မေးလျှင်။

"သိပ်မကြာသေးဘူးခင်ဗျ"

ညစောင့်လူရွယ် အဖြေစကားမဆုံးခင် ညီအစ်ကိုနှစ်ယောက် ကားပေါ် လွှားတက်ပြီး စံအိမ်ဆီ ဦးတည်ခဲ့သည်။

ညဉ့်နက်သန်းခေါင်မို့ သူတို့စံအိမ်တစ်ခုလုံး တိတ်ဆိတ်လျှက် ခြံဝင်းတစ်ခုလုံးလည်း မှောင်ကျနေ၏။ သို့သော် ခြံဝင်းရှေ့မှာ ညီငယ့်

www.burmeseclassic.com

www.burmeseclassic.com



ကားရပ်ထားတာ တွေ့ရသည်။

ညီမငယ်က ညီ့ကားမောင်းခဲ့ပုံရသည်။ ကားက ခုပ်လျက်သား ဖြစ်သလို ခြံတံခါးလည်း ဟင်းလင်းပွင့်နေသည်။

"ညီမငယ်"

"မေ"

ညီအစ်ကိုနှစ်ယောက် စံအိမ်ထဲပြေးဝင်သွားသည်။ ညီမငယ်ကို အော်ခေါ်ရင်းလည်း စံအိမ်မီးခလုတ်တွေ ဖွင့်၏။

မီးအလင်းရောင်အောက်မှာ စံအိမ်အနံ့ရှာသည်။ ညီမငယ်ကို စံအိမ်ထဲ မတွေ့ရပါ။ မာမီ့အခန်းမှာလည်း မမြင်ရတော့ ပို၍ တုန်လှုပ်သွား၏။

ထို့နောက် ခြံဝင်းမီးထွန်း၍ရှာလျှင် ခြံဘေးဘက် သစ်ခွပန်းစင်တွေနားမှာ ခလုတ်တိုက်လဲကျပြီး သတိလစ်နေရှာတဲ့ ညီမငယ်ကို ဘွား ခနဲ မြင်ရလေသည်။

"မေ"

ဘယ်လိုခေါ်ခေါ် မလှုပ်ရှားတဲ့ညီမလေးကို ကမန်းကတမ်း အခန်းထဲပွေ့မ၍ မွေ့ရာပေါ်တင်သည်။ ညီငယ်က သူတို့ရဲ့မိသားစု ဆရာဝန် ဒေါက်တာသက်ဦးကို ဖုန်းဆက်ပြီးလှမ်းခေါ်သည်။

ဒေါက်တာသက်ဦးလည်း အပြေးအလွှား ရောက်လာပါသည်။





ညီမလေးကို စမ်းသပ်၏။ ညီမလေး သွေးပေါင်ချိန်လည်း စိုးရိမ်ရတဲ့ အခြေအနေထိ ကျနေ၏။

ထို့ကြောင့် ချက်ချင်းပဲ ဆေးအလုံးကြီးသွင်းပြီး အခြေအနေ စောင့်ကြည့်ကြ၏။

"နှလုံးအားနည်းတဲ့လက္ခဏာ ပေါ်နေတယ်။ ဒါမျိုးက တာရှည် ရင် အန်တီ့လိုပဲ နှလုံးအားနည်းရောဂါ ဖြစ်နိုင်တယ်။ ပြီးတော့ စိတ်ဖိစီးမှု တွေလည်း များနေပုံရတယ်။ ဒါကြောင့် ရှောင်ဖြစ်တာမျိုး။ မေ့ကို အတော် ကြီး ဂရုစိုက်ဖို့လိုတယ် ကိုခက်ရင်း"

ဒေါက်တာသက်ဦးပြောလျှင် သူ အလေးအနက် ခေါင်းညိတ် သည်။

"စိတ်ချပါ၊ ကျွန်တော်တို့ မေ့ကို ဂရုစိုက်ပါ့မယ် ကိုသက်ဦး"

ညီငယ်ကလည်း စိုးရိမ်စိတ်နဲ့ဆိုသည်။

အန်တီကြီးက တူမဖြစ်သူကို ပြန်တွေ့ရလို့ ဝမ်းသာသော်လည်း ဝေဒနာခံစားနေရတဲ့ တူမလေးဖြစ်စဉ်ကို သိရတော့ ဝမ်းနည်းရ၏။ ထိုအခါ ဝမ်းနည်းဝမ်းသာစိတ်ဖြင့် ငိုချသည်ကအရင်။

"ညီမလေးရယ်"

သူက ညီမလေးလက်ဖျားလေးကို ကရုဏာကြီးစွာ ဆုပ်ကိုင် ထားမိသည်က မလွှတ်တမ်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလို့ ဒေါက်တာသက်ဦးပြန်သွားပေမယ့် သူတို့ညီအ

ညီမလေးနှာက မခွာနိုင်ဖြစ်လေသည်။

ထိုအခါ သူတို့ဘက်က အလေးအနက် တွေးတော

ညီမလေးရဲ့ဘဝရေ့ရေး။

ဟုတ်တယ်၊ ညီမလေးက မာမီရင်ခွင်နဲ့ အနီးကပ်နေလာ

လေ။

အငယ်ဆုံး၊ အချွဲဆုံးမို့ မာမီကလည်း အလိုလိုက်

သူတို့ညီအစ်ကိုနှစ်ယောက်လုံးလည်း တစ်ဦးတည်းသော ညီ

လေးကို အလိုလိုက်ပါသည်။

သို့သော်

နေရဲရင့်နဲ့ပတ်သက်ပြီး လုံးဝ အလိုမလိုက်နိုင်ပါ။

ဒင်းတို့မိသားစုစရိုက်က ညီမလေးရဲ့ ဖြူစင်တဲ့ဘဝကို အ

တစ်မျိုးမျိုး ဆိုးနိုင်သည်။

ဒါကြောင့်

တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားခြင်း။

ထို ထိန်းချုပ်မှုတွေ နောက်မှာ ညီမလေး ခုလိုဖြစ်မှန်း သိ

စိတ်မကောင်းဖြစ်ရလေသည်။

ဒါပေမဲ့ –





ထိုထိန်းချုပ်မှုကို ပုံစံတစ်မျိုး ပြောင်းလဲပြီး ကိုင်တွယ်ရပေမည်။

ဟုတ်တယ်။

နေရဲရင့်နဲ့ ဝေးအောင်လုပ်ဖို့ သူမှာနည်းလမ်းရှိပါသည်။ ထိုနည်း

လမ်းက။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟင် ဘယ်လို အန်တီကြီး"

မေ စိတ်လှုပ်ရှားကာ မွေ့ရာပေါ် မှေးမှိန်းနေရာမှ အားတက်သရော မေးမိသွားသည်။ အန်တီကြီးက ဆေးပုလင်းကို လေလုံအောင် အဖုံးဖုံးရင်း ကြည်ကြည်ရွှင်ရွှင်လေး ဆိုပါသည်။

"မေ့ သူငယ်ချင်းတွေ လာကြမယ်ဟေ့"

"တ တကယ်လား အန်တီကြီး"

မေ မယုံနိုင်အောင် မေးမိ၏။

"တကယ်ပါ သမီးရယ်။ သမီးရဲ့ ကိုကြီးကိုယ်တိုင် ခါခါတို့ကို





နှုန်းဆက်ခေါ်နေတာလေ"

အန်တီကြီးစကားမဆုံးခင် မေ လှိုက်ခနဲဝမ်းသာကာ –

"ဒါဆို ခါခါတို့လာကြမှာပေါ့"

"လာမှာပေါ့ သမီးရဲ့"

"အဲဒါဆို မေ အပြင်ကစောင့်နေလိုက်မယ်"

"အို မစောင့်ရပါဘူး။ သမီးလေး အခန်းထဲမှာပဲ သက်သောင့်သက်သာနေပါ။ ခါခါတို့လာရင် မေ့အခန်းထဲ အန်တီကြီးလွှတ်လိုက်မယ် လေ နော်၊ သမီးလေး"

အန်တီကြီး ချော့ချော့မော့မော့ဆိုလျှင် မေ ခေါင်းလေးညိတ်ရလေသည်။

"ကဲ သမီးလေး၊ သက်သောင့်သက်သာ လှဲနေလိုက်"

အန်တီကြီးပြောဆိုပြီး မေ့အခန်းထဲက ထွက်သွားလေသည်။ ထိုအခါ မေ့ရင်မှာ ကျေနပ်စိတ်နှင့် ဝမ်းသာစိတ်တို့ ရောယှက်ကာ ချမ်းချမ်းမြေ့မြေ့ ပြုံးမိသွားသည်။

မေနဲ့ မေ့သူငယ်ချင်းတွေ အဆက်ဖြတ်နေရတာ ဘယ်လောက်တောင် ကြာနေပြီလဲ၊ မှတ်မှတ်ရရပြောရရင် စာမေးပွဲအောင်စာရင်းထွက်တဲ့ နောက်ပိုင်းကတည်းကလေ။

ပြီးတော့ မေကိုယ်တိုင် ခါခါတို့ကို မျက်နှာချင်းမဆိုင်ရဲ

www.burmeseclassic.com



ပြောခဲ့တာ မှတ်မိသေးသည်။ ဒါတွေအားလုံးက ကိုကြီးနဲ့ကိုလေးကြောင့် ဆိုတာထက် ကိုကြီးနဲ့မေ့ကြား။ သူငယ်ချင်း အပေါင်းအသင်းတွေကြားမှာ ကြီးကြီးမားမားပြဿနာ မတက်ချင်လို့ပါ။

ခုတော့ ကိုကြီးကိုယ်တိုင် မေ့ကို သူငယ်ချင်းတွေနဲ့ ဆက်သွယ် ခွင့်ပြုတာဆိုတော့ မေ ဝမ်းမသာဘဲ နေမတဲ့လား။

မေ့တစ်ကိုယ်လုံး ဝမ်းသာစိတ်နဲ့ ရွှင်မြူးနေစဉ် –

"မေရေ"

"ဟေ့ မေ"

"မေရေ စုတို့လာပြီဟေ့"

သူငယ်ချင်းများရဲ့အသံကြားလျှင် မွေ့ရာပေါ်မှနေရာမှ ရုန်းထလိုက်ပြီး –

"လာ လာကြလေ၊ မေ နေမကောင်းလို့ အပြင်ထွက်လို့မ တာ"

"သိပါတယ် ဟ"

သူငယ်ချင်းအားလုံး မေ့အခန်းထဲ ဟောခနဲ ဝင်လာကြသည်။ အားလုံးသော မျက်နှာတွေမှာ ပျော်ရွှင်စိတ်တို့ဖြစ်လျက်။ သူငယ်ချင်း မိန်းကလေးတွေနောက်မှာ တေဇတို့ပါလာတာမို့ မေ့ရင်မှာ လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားသည်။





"တေဇတို့လည်း လာကြတာလား"

"လာရမှာပေါ့ဟ"

မေ မေးလျှင် သူရိန်တို့ ပြုံးရယ်ရင်း ဖြေ၏။ ယောကျ်ားလေး သူငယ်ချင်းတွေ ပါတယ်ဆိုတော့ တန်းစီပြီး ဝင်လာတဲ့ ခေတ်ဗညားတို့ နောက်မှာ နေ ပါလာမလားလို့ မေ့လည်ပင်းလေးဆန့်၍ မျှော်ကြည့်မိ သေးသည်။

ဇင်ဇင်က ရိပ်မိသွားဟန်နှင့်။

"ဘယ်သူ့ကိုရှာနေတာလဲ"

"အို ရှာပါဘူး"

မေ မလုံမလဲပြော၏။ ဝေသာက မျက်စောင်းလှလှထိုးသလို ကျန်သူငယ်ချင်းများက နောက်ချင်သောမျက်နှာပေးလေးဖြင့် ရယ်မော ကြ၏။

"ထိုင် ထိုင်ကြလေ"

မေ ဗလုံးဗထွေးပြောရင်း မလုံမလဲ ဖြစ်ချင်တာကို ဖုံးကွယ်ရ သည်။ သူငယ်ချင်းတွေလည်း အဆင်ပြေသလို ထိုင်ကြ၏။ မေ့အခန်း ကျယ်သားပါ။ ယောကျ်ားလေးတွေက ထိုင်ခုံတွေဆွဲ၍ ထိုင်ကြ၏။

ခါခါတို့က မေ့ခုတင်ပေါ် တက်ထိုင်ကာ –

"ကဲ ပြောပါဦး၊ ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ"

မေ ထိုသို့ပြောရင်း နှုတ်ခမ်းလေးဆူထားလိုက်သည်။

"ငါတို့လည်း အရမ်းအံ့ဩနေတာဟ"

တေဇ ဟောဟောဒိုင်းဒိုင်းပြောလျှင် မေ့မျက်မှောင်လေး ကျ ထားဒိသည်။

"ဟုတ်တယ်၊ ခါ့ကို ကိုကြီးက မေ့ဆီလာခဲ့ပါတဲ့။ မေ မကောင်းဘူးတဲ့လေ။ ဒါနဲ့ ခါက ခါတစ်ယောက်တည်းလားလို့ ခါ တော့၊ မဟုတ်ဘူး သူငယ်ချင်းအားလုံးတဲ့။ အဲဒါနဲ့ ခါလည်း အားလုံး ဖုန်းဆက်ခေါ်လိုက်တာလေ"

"အားလုံးကိုခေါ်တာ"

"ဟုတ်တယ်လေ မေရဲ့၊ ဒါကြောင့် စုတို့လူစုံတက်စုံ ရော လာကြတာ"

"ဟွန်း စုံလည်းစုံပဲနဲ့"

မေ ဘာကိုရည်ရွယ်ပြောမှန်း သူငယ်ချင်းတွေ သိတာမို့ သူငယ် ချင်းတွေရဲ့ မျက်နှာလေးတွေ ငြိမ်သက်သွား၏။

လူစုံတက်စုံဆိုပေမယ့် တစ်ယောက်လိုနေတယ်လေ။ နေ ယောက် ကျန်နေမှန်းအားလုံးသိတာမို့ သက်မလေးများ ကိုယ်စီချ

"ဟုတ်တယ်၊ တစ်ယောက်လိုတယ်"





ခေတ်မညား လေးလေးချည်းပြောလျှင် –

"နေ ကော"

မေ ပွင့်ပွင့်လင်းလင်းပဲ ထုတ်မေးလိုက်လေသည်။ ထိုအခါ သူငယ်ချင်းတွေ မျက်နှာပေါ် ပဟေဠိတွေဖြစ်လျက်။ တချို့က ခေါင်းခါ၏။ တချို့က ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။

"ခါခါ ဖုန်းဆက်ပါသေးတယ်။ နေ့ဖုန်းက စက်ပိတ်ထားသတဲ့"

ခါခါပြောရင်း သက်မချလေသည်။

ထိုအခါ မေက ပြတင်းပေါက်ကို ဖွင့်ခိုင်းလိုက်သည်။ မေ နေခွင့်ရတာ မေတို့မိသားစုရဲ့စံအိမ်လေ။

ပြတင်းပေါက်ဖွင့်လိုက်ရင် နေ့အခန်းကို တန်းမြင်နိုင်တယ် ဟုတ်လား။

ဇင်ဇင်က အလိုက်သိသိနဲ့ ပြတင်းတံခါး သွားဖွင့်၏။ မေက ရာပေါ်မှ အသာဆင်း၍ ပြတင်းပေါက်ဆီ ရွှေ့သွားသည်။

"ဟင်"

နေတို့တိုက်ကြီးပိတ်လျက်သားဖြစ်နေသလို တိတ်ဆိတ်နေလေ သည်။ သူငယ်ချင်းတွေလည်း သက်မရှည်ကြီးချ၍ –

"ဟုတ်တယ်၊ နေ့ကိုဖုန်းဆက်လို့ မရလို့ လာခဲ့တာ။ နေတို့ တံခါးပိတ်ထားတယ်။ တိုက်ထဲမှာရော ခြံထဲမှာပါ လူရိပ်လူယောင် မမြင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘယ်သွားကြမှန်းလည်း မသိဘူး"

"အန်တီ့ဖုန်းဆက်တာလည်း မရဘူး။ နေ့ပတွေးဖုန်းခေါ်တော

လည်း စက်ပိတ်ထားသတဲ့"

သူရိန်နဲ့တေဇ သိသလောက်ပြန်ပြောသည်က နေတို့မိသား

ဘယ်သွားကြတယ်ဆိုတာ လုံးဝမသိစွာ။

"လောလောဆယ်မို့ ဘာမှမသိရသေးတာပါ။ ဒါပေမဲ့ နေ

ဖုန်းဆက်လာရင် စုတို့အားလုံးနဲ့ အဆက်အသွယ်ရမယ်လေ။ အဲ့ဒီတော

အကြောင်းစုံသိရမှာပေါ့"

စုတွေးက လျှော့လျှော့ပေါ့ပေါ့လေး ပြောဆိုလျှင် မေ့မျက်ရည်

လေး ဝဲရှာသည်။

"ကဲပါဟာ၊ လောလောဆယ် နေမရှိပေမယ့် ဇင်တို့ရှိတာပဲ"

"ဟုတ်သားပဲ မေရယ်။ ငါတို့သူငယ်ချင်းတွေ အရင်

ပျော်ပျော်ရွှင်ရွှင်နေလို့ရတာ ကိုကြီးကို ကျေးဇူးတင်ရမယ်"

"ဟုတ်တယ်၊ ခါခါတို့ တစ်ပျော်ကြီးကျောင်းတက်ရလေ။ ဟိုဒေ

ဒီတွေးနဲ့ မေ ဝမ်းမနည်းပါနဲ့။ နော် သူငယ်ချင်း"

သူငယ်ချင်းအားလုံး ဝိုင်းဝန်းချော့မော့သည်က ဖြေသိမ့်မှု

ဖြစ်သည်။ မေကလည်း စံအိမ်မှာ နေခွင့်ရလို့ ကြိတ်ပြီး ဝမ်းသာနေတာ

မဟုတ်လား။





အန်တီကြီးက အနီးကပ်စောင့်ကြည့်နေလို့ မေ ပြတင်းပေါက်

သွားခွင့်မသာလို့ နေတို့တိုက်ဘက် ကြည့်ခွင့်မရခဲ့ပါ။

ခုလို ကြည့်ခွင့်ရတော့လည်း နေတို့တိုက်ပိတ်လျက်သားဖြစ်နေ

ာ မြင်ရလျှင် ရင်ထဲ ဟာခနဲ ဖြစ်၏။

ထို့ပြင် နေ ဘယ်သွားလဲဆိုတာက သူငယ်ချင်းတွေလည်း

ဘာ့ဖြစ်နေတာသိရတော့ ရင်ထဲ တစ်ခုခု ထိုးဆောင့်ခံရသလို မျက်ခနဲ

လေသည်။

ထိုအခါ

မေ့နှလုံးသားလေး တင်းမခံနိုင်ဖြစ်ကာ မျက်ရည်များ သော

ာကျ၏။

ဒါ့ပြင်

နှလုံးသားမှာ တိုးတိုးတိတ်တိတ် မေးနေသည်က

နေ ဘယ်မှာလဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကျွို"

ပေါ်တီကိုအောက်မှာ ကားရပ်သံကြားလျှင် မေ အားရဝမ်း…
ပြေးထွက်ခဲ့သည်။ ကိုကြီးနဲ့ကိုလေး ပြန်လာပြီဆိုတဲ့အသိနဲ့ ကိုကြီးတို့…
ကြိုဖို့ပါ။ ပြီးတော့ အန်တီကြီးက အလုပ်ကိစ္စရှိတယ်ဆိုပြီး ထွက်သွား…
နေခင်းကတည်းက။ မေ့တစ်ယောက်တည်း တိုက်ထဲထားခဲ့တယ်ဆို…
အကြောင်း ကိုကြီးကို ပြောမယ်လေ။

"ဟင်"

မေ မျက်လုံးလေး မယုံချင်စွာ ဝိုင်းသွားပါသည်။





ပေါ်တီကိုအောက် ထိုးရပ်လာတဲ့ကားက ကိုကြီးကားမဟုတ်။
…ကြီးသူငယ်ချင်း ကိုဝေရုတ်ရဲ့ ပါရာဒိုကားသစ်ကြီး။
ကားမောင်းနေရာမှ ကိုဝေရုတ် မေ့ကို လှိုက်လှိုက်လှဲလှဲ ပြုံးပြ…
…ဆို –

"မေ နေကောင်းပြီလား"

"အင်း"

မေ စိတ်မပါ့တပါ ဖြေလိုက်ရသည်။ ဒါမှန်းသိရင် မေ ထွက်…
…လာပါဘူး။ ခုတော့ မေ စိတ်ညစ်သွားသည်။

ကိုဝေရုတ်က သစ်သီးနဲ့မုန့်တွေထည့်ထားတဲ့ လက်ကိုင်ပါတဲ့…
…တောင်းကြီးဆွဲ၍ ကားပေါ်ဆင်းလာသည်။

"မေ နေမကောင်းဖြစ်ကတည်းက ကိုယ်လာကြည့်မလို့ပဲ။
…လုပ်ကိစ္စနဲ့ စင်ကာပူရောက်နေလို့"

"ရပါတယ်၊ မေ နေမကောင်းတာက မဖြစ်စလောက်လေးပါ"

"ဘာပဲဖြစ်ဖြစ် ကိုယ်စိတ်ပူတာပဲ။ ဒါကြောင့် စင်ကာပူက…
…ရောက်ရောက်ချင်း မေ့ဆီ တန်းလာခဲ့တာ"

ကိုဝေရုတ် အပိုတွေပြောနေတာ မဟုတ်မှန်း သိသာပေမယ့်…
…စိတ်မှာ ပျော်ဝင်ခြင်းမရှိပါ။

"ဒီမှာ မေ့အတွက် စင်ကာပူက အာဟာရဖြည့်စွက်တဲ့…မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတာ။ သစ်သီးတွေရောပဲ"

"ကျေးဇူးတင်ပါတယ်"

"ရပါတယ် မေရယ်"

ကိုဝေရတ် ညှော်ခန်းထဲတန်းဝင်ကာ စားပွဲပေါ် မုန့်ထွေခြင်း... တင်ရင်းပြောသည်။ မေက ထိုင်ပါလို့လည်း မပြောပါ။ ကိုဝေရတ် ပြန်... ပြန်သွားစေဆိုတဲ့စိတ်ဖြင့် ထိုင်ပါဟု မပြောခြင်းပါ။

"ကိုကြီးတို့ ပြန်မရောက်သေးဘူး"

"ကိုယ်သိပါတယ်။ မေ့ရဲ့ကိုကြီးနဲ့ ဖုန်းပြောပြီး မေ့ကိုကြ... ညီမလေးရှိနေတယ်ဆိုတာနဲ့ တန်းလာခဲ့တာ။ ထိုင်ပါဦးမေရယ်"

ညှော်သည်က အိမ်ရှင်ကို ထိုင်ခိုင်းနေပြန်သည်။ ပြီးတော... ကိုဝေရတ်ကိုယ်တိုင်လည်း ဆိုဖာပေါ်ထိုင်ချ၏။ သေချာတာက ကိုကြီး... ပြန်မရောက်မချင်း ပြန်မယ့်ပုံမပေါ်ပါ။

မေ စိတ်ညစ်ညူးစွာ မျက်နှာလေးရှုတ်၍ –

"ဟိုလေ၊ မေက အားနာလို့ပါ။ မေ သိပ်နေမကောင်းသေး... အကြာချည်း ထိုင်နေလို့မရဘူး။ ထိုင်ပါများရင် ခေါင်းမူးလို့ပါ"

"ဟွန်း မေက ထိုင်ပါများရင် ခေါင်းမူးတယ် ဟုတ်လား... ဒါဆို မေ့ခေါင်းကို ဓာတ်မှန်တွေဘာတွေ ရိုက်ကြည့်ဖို့ လိုမယ်ထင်တယ်... နေဦး၊ ကိုယ့်ဒယ်ဒီရဲ့မိတ်ဆွေ ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ပါရဂူ...





...ဒေါက်တာဦးမင်းခန့်နဲ့ ဆွေးနွေးကြည့်မယ်လေ။ နော် မေ"

ကိုဝေရတ် မြန်မြန်သွားပါစေဆိုတဲ့သဘောနဲ့ ထိုသို့ပြောမိကာမှ ...ဆိုးနေပါပြီ။ ကိုဝေရတ်က ပြောပြောဆိုဆို ဒေါက်တာဦးမင်းခန့်ကို ...ဖုန်းဆက်မေးမြန်းဖို့ လက်ကိုင်ဖုန်းလေးထုတ်၏။

မေက ပျာပျာသလဲဖြင့် –

"အို မေက အဲလောက်ထိဖြစ်တာ မဟုတ်ပါဘူး ကိုဝေရတ်ရယ်။ ...မေ နားနားနေနေ နေလိုက်ရင် ကောင်းသွားမှာပါ။ ကိုကြီးတို့ကလည်း ...မေ့ကို အနားယူခိုင်းပါတယ်။ မေက ကားရပ်သံကြားလို့ ထွက်လာတာပါ"

"ဘာပဲဖြစ်ဖြစ် မေ့ကျန်းမာရေးက အရေးကြီးတယ်၊ ဒါကြောင့် ...ပါ"

ကိုဝေရတ်က မေပြောတာကို လက်ခံချင်ပုံမရပါ။ ဒေါက်တာ ဦးမင်းခန့်ကို တကယ်ပဲ ဖုန်းဆက်ဆွေးနွေးလေသည်။ မေ့မှာ စိတ်ညစ် ညူးလျက် ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။

ထိုအခါ

ခြံထဲ ကားတစ်စီးဝင်လာသံကြား၏။ မေ အားရဝမ်းသာကြည့် လိုက်တော့ ထိုကားပေါ်မှာ အန်တီကြီးပါလာသည်။

ကိုဝေရတ်ကားနောက်မှာ ထိုကားရပ်လျက် အန်တီကြီး ကား ပေါ်က ဆင်းလာသည်။ အန်တီကြီးဆီကို မေ အပြေးကလေးပြေးရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"အန်တီကြီးကလည်း ကြာလိုက်တာ"

"ဟုတ်ပ သမီးရယ်၊ အလုပ်ကိစ္စလေးက မပြတ်တာနဲ့ ကြာသွားတာ။ ဘယ်သူရောက်နေတာလဲ"

"ကိုဝေရတ်"

"ဪ"

အန်တီကြီးမျက်နှာလေး ပို၍ ရွှင်မြူးလန်းသွားၿပီ။

"လာ သမီး၊ မောင်ဝေရတ်ကို အားနာစရာကွယ်"

အန်တီကြီးက ကိုဝေရတ်ဘက်က ပြောဆိုရင်း မေ့ကိုခွဲခေါ်ကာ ဧည့်ခန်းထဲ တန်းဝင်သွားခဲ့သည်။ မေ စိတ်ရှုပ်ရပါတယ်ဆိုကာမှ ပို၍ စိတ်ရှုပ်ရလေသည်။

ဖုန်းစကားပြောပြီးတဲ့ ကိုဝေရတ်ကို အန်တီကြီး အားနာစကား ဆိုလေသည်။

"မောင်ဝေရတ်ကို အားနာလိုက်တာကွယ်"

"ရပါတယ်အန်တီကြီး။ မေ ခေါင်းမူးတယ်ဆိုလို့ ဒေါက်တာဦးမင်းခန့်နဲ့ သွေးနွေးကြည့်တာပါ။ အန်ကယ်က ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ပါရဂူဆိုတော့ မေ့အတွက် အကောင်းဆုံးဖြစ်အောင် ကုသပေးနိုင်မှာပါ။ အန်ကယ်ကလည်း မေ့ကိုခေါ်ခဲ့ပါ၊ စမ်းသပ်ပေးမယ်တဲ့"





"အို သိပ်ကောင်းတာပေါ့"

"ဟွန်း"

အန်တီကြီးကလည်း ကိုဝေရတ်နဲ့ အသံတူနေပြန်ပြီ။ အသံတူနေတဲ့ နှစ်ဦးကြားမှာ မေ မနေလိုတော့ပါ။ ဒါကြောင့် ရှောင်ထွက်ဖို့ ကြံစည်ရတာနဲ့။

"လောလောဆယ် မေ နားချင်တယ် အန်တီကြီး"

"အို မေလေးကလည်း မောင်ဝေရတ်ကို အားနာစရာ"

"ရပါတယ်အန်တီကြီး။ ကိုခက်တို့လာတဲ့အထိ ကျွန်တော် စောင့်နေလိုက်မယ်။ မေ နားချင်နားပါစေ"

"ကျေးဇူးပဲ"

မေ စိတ်မပါစွာပြောရင်း အပေါ်ထပ်တက်ခဲ့သည်။ ကိုဝေရတ်၏ စိုးရိမ်မျက်ဝန်းက မေ့နောက်မှ ကပ်ပါနေမှန်းသိပေမယ့် မေ ကျေးဇူးတင်ချင်ပါ။

အရေးကြီးတာက ကိုဝေရတ်နဲ့ မေ မျက်နှာချင်း မဆိုင်ရဖို့ပါ။ ဒါကြောင့် နားပါရစေလို့ပြောရင်း ရှောင်ထွက်ခြင်းရယ်ပါ။

အန်တီကြီးက မေ ရှောင်ထွက်ခဲ့တာကို သဘောမကျချင်ချင် ဖြစ်ကာ –

"မေလေးက အဲသလိုပါပဲ မောင်ဝေရတ်ရယ်။ တခွတ်တိုက်နဲ့တဲ့

www.burmeseclassic.com



ငယ်ကျင့်က ခုချိန်ထိ မပျောက်သေးဘူးကွယ့်"

"ရပါတယ် အန်တီကြီး။ ကျွန်တော် နားလည်ပါတယ်"

ဟွန်း။

ထိုအသံတွေနဲ့အတူ အပေါ်ထပ်ရှိ မေ့အခန်းထဲ သွက်သွက်ကလေးပဲ တန်းဝင်ခဲ့ကာ အခန်းတံခါးပါ ပိတ်မိလေသည်။

မေ့စိတ် မေ့ခံစားချက်က လေတိုက်တိုင်း ဘယ်ညာယိမ်းတတ်တဲ့ သစ်ရွက်ကလေးလို မဟုတ်ပါ။

မေ့စိတ်ခံစားချက်က ဘာကြောင့်မှ မယိမ်းမယိုင်တတ်ပါ။ အဲ…ကိုလည်း ကိုဝေရတ် နားလည်ပေးဖို့လိုပါတယ်။

ဒါ့ကြောင့်။

✿ ✿ ✿



# အခန်း (၃၂)

"နေ့သတင်းရလား"

မေ မအောင့်နိုင်ဘဲ မေးမိလေသည်။ သူငယ်ချင်းတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြိုင်တူ ခေါင်းရမ်းကြ၏။

ထိုအခါ မေ့မျက်နှာလေးညှိုးကျကာ –

"မေ့ကို နေ မုန်းသွားပြီထင်တယ်"

မေပြောလျှင် သူငယ်ချင်းအားလုံး သက်မရှည်ချည်းချကြသည်။ အတန်းချိန်အားနေတာမို့ သူငယ်ချင်းအားလုံး ကင်န်တင်းဆိုင်ကြတာ စားသောက်ကြဖို့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မှာထားတဲ့စားစရာတွေ မစားသေးခင် မေက နေ့ဆီစကားလမ်းကြောင်း ဦးတည်နေခြင်းဖြစ်သည်။

"မေရယ်၊ အဲဒါတွေ လျှောက်တွေးမနေပါနဲ့"

ခါခါက မတွေးနဲ့လို့ပြောပြီး မှာထားတဲ့ ကြက်ကုန်းဘောင်ကြီးကြော်နှင့် ထမင်းဖြူကို စားနေလိုက်သည်။

"ဟုတ်သားပဲဟာ၊ မေ့စိတ်ကို မပျော်ပျော်ထားစမ်းပါ။ ဒါတို့အားလုံးကို ရှေ့မှာထားပြီ၊ နေ့တစ်ယောက်တည်းကို ကွက်ပြီး တမ်းတနေတာက ဒီမှာရှိတဲ့ သူငယ်ချင်းအားလုံးကို လျစ်လျူရှုသလိုပဲ။ ငါတို့ကောင်တွေ ခံစားရတယ်ကွ"

"ဟုတ်တယ်မေ"

ခေတ်ဗညားပြောတာကို သူရိန်နဲ့ဝေဇကလည်း ပြိုင်ထောက်ခံလေသည်။ မေက ဝမ်းနည်းစိတ်နဲ့ ထိုသုံးယောက်ကို မျက်စောင်းထိုးရင်း ပြောဲ၏။

"မေက အဲဒီသဘောပြောတာမဟုတ်ဘူး။ နေ့ကို မေ နှင်လိုက်တဲ့အဖြစ်က မေ့ဘက်က လွန်နေမှန်း မေသိတယ်။ အဲဒါကြောင့်လည်း နေ မုန်းသွားတာထင်တယ်"

"မေ့ကို မုန်းသွားတယ်လို့ မေယူဆတာ မမှားပါဘူး။ ဒါပေမဲ့ မေ့ကိုမုန်းလို့ အဆက်အသွယ်မလုပ်တာက နေ့ဘက်က သဘာဝကျတယ်၊





သဘာဝမကျတာက"

"ဆက်ပြောလေဟာ"

ဝေသာက ပြောဆိုရင်းတန်းလန်း စကားရပ်ကာ ငါးဖယ်ဆုပ်အသုပ်တစ်ဇွန်း ခပ်စားရင်း စကားလမ်းကြောင်းကို တစ်ဝက်တစ်ပျက်ရပ်ထားလိုက်၏။

ထိုအခါ မေနဲ့အတူ သူငယ်ချင်းအားလုံး အားမလိုအားမရဖြစ်ပြီး ဆက်ပြောနိုင်း၏။ ဝေသာက ငါးဖယ်သုပ်ကို မိမိခံ၀ါးနေလို့ သူငယ်ချင်းတွေ မျက်စောင်းထိုး၏။

မျက်စောင်းရင့်ရင့် ဝိုင်းထိုးခံရမှ ဝေသာ ဆက်ပြော၏။

"သဘာဝမကျတာက ကျန်တဲ့သူငယ်ချင်းတွေကိုပါ အဆက်ဖြတ်ထားတဲ့ကိစ္စ"

ဝေသာ့စကားအဆုံးမှာ သူငယ်ချင်းများ လေးလေးနက်နက်ခေါင်းညိတ်လေသည်။

"ဟုတ်သားပဲ"

ရဝေးက လွှတ်ခနဲထောက်ခံလေသည်။

"မေ့ကိုမုန်းလို့ဆိုတာထက် သူငယ်ချင်းအားလုံးကိုပါ အဆက်ဖြတ်ထားတာ လုံးဝ သဘာဝမကျဘူး။ ပြီးတော့ နေမှာမိနဲ့နေပထွေး၊ နေနဲ့အတူရှောင်တာက စဉ်းစားစရာအကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှိန်ပြောသလို တကယ်ပဲ စဉ်းစားစရာကောင်းလာသည်။

“ဟုတ်တယ်ဟဲ့၊ ဒါ အရေးတကြီးစဉ်းစားရမယ့်ကိစ္စ”

“မေတော့ မစဉ်းစားချင်ဘူး။ နေ ဘယ်ရောက်နေလဲ၊ ဘာကြောင့်လဲဆိုတာ လိုက်ပြီးစုံစမ်းချင်တယ်”

“မလွယ်ဘူးထင်တယ်နော်”

သူငယ်ချင်းတွေ ဝိုင်းပြောကြ၏။ မေက ဖွတ်ပြောသည်။

“ဘာလို့မလွယ်ရမှာလဲလို့”

“ဟ မလွယ်ဘူးဆိုတာ အရှင်းချည်းပဲဟာ။ နေ့အကြောင်း ပြောပြနိုင်တဲ့ နေ့မာမာကော နေ့ပထွေးကောမရှိဘူးလေ။ ပြီးတော့ နေ့ ဒယ်ဒီတို့နဲ့ အရင်က ဆက်သွယ်လို့ရတဲ့ဖုန်းနံပါတ်တွေက အခု ဆက်သွယ်လို့မရတော့ဘူး”

“ဒါပေမဲ့ တခြားနည်းလမ်းနဲ့ ဆက်သွယ်ကြည့်လို့ ရပါတယ်”

“ဘယ်လိုနည်းလမ်းလဲ မေရယ်”

သူငယ်ချင်းအားလုံး စိတ်အားမပါစွာ ဝိုင်းမေးလေသည်။ မေကလည်း တွေးမိတဲ့အတိုင်း ပြောလေသည်။

“ဒီလိုဟာ၊ နေ့ပထွေးရဲ့မာမီ ရှိတယ်။ နေက မာမာကြီးလို့ ခေါ်တယ်။ အဲဒီမာမာကြီးဆီ သွားရင်တော့ အဆက်အသွယ်ရနိုင်တယ်”

မေ ပြောလို့မဆုံးခင် သူငယ်ချင်းတွေ လေးနက်စွာ ခေါင်းလေး





ဆတ်၏။ ထိုနည်းလမ်းက ဖြစ်နိုင်ချေရှိတယ် မဟုတ်လား။

“အင်း ကောင်းသားပဲ၊ မာမီကြီးကိုမေးရင်တော့ ရနိုင်ကောင်းရဲ့”

“အဲဒါဆို သွားမေးမယ်လေ။ မေနဲ့အဖော်လိုက်ခဲ့။ မေ တစ်ယောက်တည်းသွားလာနေလို့ ကိုကြီးတို့သိရင် ဆူနေဦးမယ်။ ပြီးတော့ စစ်ဆေးမေးမြန်းနေဦးမယ်။ သူငယ်ချင်းတွေပါတော့ ကိုကြီးတို့မရိပ်မိအောင် ဝိုင်းညာလို့ရတယ်လေ”

“သိပါတယ်မေရဲ့၊ ဇင်တို့အားလုံးလိုက်မှာပါနော်”

ဇင်ဇင်က အားလုံးကိုမြှုင့်ပြောလေသည်။ အားလုံးကလည်း သဘောတူကြသည်။

“မာမီကြီးက စိတ်သဘောကောင်းရဲ့လား”

“ကောင်းတာပေါ့ဟာ၊ မေ့ကို နေခေါ်သွားဖူးတယ်။ အဲဒီတုန်းက မေ့ကို မုန့်တွေအများကြီး ချကျွေးတာလေ”

“ဟာ အဲဒါမိုက်တယ်ကွ၊ မုန့်တွေ စားရချည်သေးရဲ့”

အရေးထဲ တေဇပြောတော့ စုထွေးက တေဇဗိုက်ကြောကို ဆွဲလိမ်၏။ တေဇ ရွတ်ရွတ်မဲ့မဲ့ပြုရင်း –

“မေပြောတဲ့အတိုင်း မာမီကြီးက မုန့်တွေ တကယ်ပဲ ချကျွေးရင် စုမစားနဲ့”



www.burmeseclassic.com

www.burmeseclassic.com

"အောင်မာ ဘာလို့မစားရမှာလဲ"

"စု ပါးစပ်ထောင့်မှာ မောင်မကြည့်ရက်လို့"

တေဇစကားမဆုံးခင် စုထွေးက ရှက်ရှက်နဲ့ထုတ်၏။

"ဟုတ်တယ်၊ စု မစားနဲ့ မောင်ပဲစားမယ်"

သူရိန်တို့ကလည်း ဝိုင်းနောက်၏။

"ကဲပါ သွားမယ်ဆိုလည်း မှာထားတာတွေ အရင်စားကြဦး"

ခါခါပြောလျှင် အားလုံးသောမျက်လုံးတွေ မှာထားတဲ့အစား အသောက်ဆီ ပြန်ရောက်၏။ မေက စားသောက်ဖို့လည်း စိတ်မဝင်စား တာမို့ –

"မေတော့မစားတော့ဘူး"

"အောင်မယ်လေး မစားဘဲနဲ့တော့ မနေပါနဲ့။ မေက ရောဂါ စားမှ အားရှိမယ်။ အားရှိမှ သွားလာနိုင်မယ်။ ကဲ စား။ မေ့အတွက် ကြာဇံဟင်းခါးပူပူလေးနဲ့ ကြက်သားကြော်မှာထားတာ အေးတော့မှာ စားစမ်းပါ"

သူငယ်ချင်းတွေက မေ မစားဘဲသွားမှာကို မလိုလား အတင်းဆွဲထားပြီး ထမင်းပန်းကန်ရှေ့ချပေးလေသည်။

"ဟုတ်သားပဲ၊ စားလိုက်ပါ မေရယ်။ စားပြီးသွားကြတာပေါ့ မေ့ဗိုက်ထဲမှာ အစာမရှိရင် မူးတာတွေ၊ လဲတာတွေဖြစ်နေပါဦးမယ်"





ဇော်ဝင်းပြောဆိုရင်း ထမင်းတစ်ပွန်းခပ်၍ မေ့ကို ကျွေးလေသည်။ သူငယ်ချင်းအားလုံး တစ်ဖက်ဖြစ်နေတော့ မစားပါဘူးလို့ မေ့ဘက်က ငြင်းမရဖြစ်လေပြီ။

ထိုအခါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# (၃၇)

"သမီးက နလုံးအားနည်းတာချည်းမဟုတ်ဘူး။ ဦးနှောက်နဲ့ အာရုံကြောပိုင်းဆိုင်ရာမှာလည်း အားနည်းနေတယ်။ ဒါပေမဲ့ စိုးရိမ်စရာ တော့မရှိဘူး။ ဆေးကို ပွဲပွဲမြိုမြို သောက်ဖို့တော့လိုတယ်။ လောလောဆယ် သောက်ရမယ့် ဆေးအမျိုးအစား ရေးပေးလိုက်မယ်"

"ဟုတ်ကဲ့အန်ကယ်"

မေ ခေါင်းလေးအသာညိတ်ရလေသည်။ အန်ကယ်ဦးမင်းခန့်က ဆေးစာရေးလေသည်။

ကိုဝေရတ်က မေ့ကို နှစ်သိမ့်ပြုံးနဲ့ ငုံကြည့်သည်။





"ကျေးဇူးတင်ပါတယ်"

မေက တာဝန်ကျေ ပြောလိုက်မိသည်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး မေရယ်။ မေ့ကို ကိုခက်တို့ စိုးရိမ်နေတာ ကိုယ်က အန်ကယ်နဲ့ ဆွေးနွေးတာကို လက်ခံတယ်လေ။ ခွင့်ကြောင့်ပါ"

ကိုဝေရတ်ရှင်းပြသလို ပြောနေသည်က မေ့ဘက်က ကျေကျေ နပ်နပ်ဖြစ်စေဖို့ပါ။ မေ့စိတ်နဲ့မေဆို လာပြီး မစမ်းသပ်လို့။

ကိုကြီးနဲ့ကိုလေးက လက်မခံ။ အန်တီကြီးက ပိုသည်းအံ့။

"ရောဂါဆိုတာ အဖက်ဖက်က စမ်းသပ်ပြီးကုသမှ တော်ကာ ကျတာ။ ကဲ လိုက်သွား မောင်ဝေရတ်နဲ့"

အန်တီကြီး အတင်းတွန်းလွှတ်တာရယ်၊ ကိုကြီးနဲ့ကိုလေးက လည်း ကိုဝေရတ်နဲ့ လိုက်သွားပြောတာနဲ့ မေ ခုလိုလာပြီး စမ်းသပ်ခံရ ခြင်း ဖြစ်သည်။

မေ့စိတ်က ပြီးပြီးရောပေါ့။

အန်ကယ်ဦးမင်းခန့်က သေသေချာချာ စမ်းသပ်စစ်ဆေးကာ ဆေးစာရေးပေးအံ့။

"ရော့ မောင်ဝေရတ်၊ ဒီဆေးဝယ်ပြီး တစ်ပတ်တိတိတိုက်။ တစ်ပတ်ပြည့်ရင် ပြန်လာခဲ့နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က သေးစာရွက်ကို ကိုဝေရတ်ကို ကမ်းပေးပြီး မေ့ကို ပါမှာလေသည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်ကယ်၊ မေ့ကိုခွင့်ပြုပါဦး"

မေ ခေါင်းလေးညိတ်ကာ နှုတ်ဆက်ပြီး အန်ကယ့်ရုံးခန်းထဲက ဦးစွာ ထွက်ခဲ့လေသည်။ ကိုဝေရတ်က အန်ကယ့်ကို ကျေးဇူးတင်ကြောင်း ပြောပြီး မေ့နောက်က ပါလာသည်။

"မေ ကားပေါ်ကစောင့်နှင့်။ ကိုယ် ဆေးဝယ်ပြီးလာခဲ့မယ်"

ဝေရတ်ပြောရင်း ဆေးအရောင်းကောင်တာဘက် ထွက်သွားသည်။

မေ ဘာမှပြန်မပြောတော့ပါ။ ကားပေါ်မှာပဲ ထိုင်စောင့်နေလိုက်သည်။ မေ့ကျန်းမာရေးအတွက် ဒီလိုတွေ ဂရုတစိုက် လိုက်လုပ်လို့လည်း မေ့စိတ်က ကိုဝေရတ်အပေါ် တိမ်းညွှတ်မသွားပါ။

ဖြစ်နိုင်ရင် နေ့သတင်းသာကြားလိုပါသည်။

မာမီကြီးဆီ မေတို့အားကိုးတကြီး သွားရောက်မေးကြပါသည်။ မာမာကြီးက တအံ့တသြဖြစ်ကာ –

"သားလည်း မာမီကြီးကို ဘာမှမပြောပါလား မေရယ် တကယ်ပဲ နေလေးတို့ တစ်မိသားစုလုံး မရှိတော့ဘူးလား"

"ဟုတ်တယ်၊ ဘယ်ပြောင်းသွားလဲ၊ ဘယ်သူမှမသိဘူး မာမီကြီးရယ်။ မာမီကြီး သိမယ်ထင်လို့ မေတို့လာပြီး စုံစမ်းတာပါ"





"အိုး ကြည့်စမ်း။ မာမီကြီးကိုတောင် ခင်းတို့အသိပေးမသွားဘူး။ နေဦး မေလေးစိတ်မပူနဲ့။ မာမီကြီး စုံစမ်းပေးမယ် နော် မြေး"

မာမီကြီးရဲ့စကားလုံးတွေက မေ့အတွက် ခွန်အားရှိလှပါသည်။ ဒါပေမဲ့ မေ့ကိုသာမက မေ့သူငယ်ချင်းတွေကိုရော ဆွေမျိုးတွေကိုပါ အသိမပေးဘဲ ရှောင်နေတာ သိရတော့ မေ့စိတ်က ပိုပြီး လေးနက်စွာ သိချင်မိလေသည်။

နေ

နေတို့ရှောင်ဖယ်နေတဲ့ ပဟေဠိက ဘာလဲ။

မေ နားလည်အောင် ပြောပြပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မေ့ကို အသိပေးလိုက်လေ သားကြီး"

ကိုကြီးကို တွန်းအားပေးသလိုပြောနေတဲ့ အန်တီကြီးအသံ မေကြားရ၏။ ထိုအသံကြားလျှင် မျက်မှောင်ကုတ်ကျသွားသလို မနက်စာ စားဖို့ ထမင်းစားခန်းထဲ ဝင်လုလုဖြစ်နေတဲ့ မေ့ခြေလှမ်းပါ တန့်သွား စေသည်။

ဒါပြင် အန်တီကြီးစကားသံနောက်မှာ ကိုကြီးအသံပါ တစ်ဆက် တည်း ပေါ်လာသည်။

"အသိပေးမှာပါ အန်တီကြီး။ ဒါမှလည်း ညီမလေး နားလည်





လာမယ်လေ"

"အသိပေးမယ်ဆိုလည်း မြန်မြန်သာ အသိပေးလိုက်တော့ ကိုကြီးရာ"

ကိုလေးက ဖိ၍ လောကြီးစွာပြောလေသည်။

မေ့ကိုအသိပေးမယ်ဆိုတဲ့ကိစ္စက ဘာကိစ္စလဲ။ မေလည်း သိလို လှပါသည်။

ဒါပေမဲ့ မေ လက်မခံနိုင်တဲ့ကိစ္စမျိုးကို အသိပေးမယ်ဆိုရင်။

ဟင့်အင်း။

မေ လက်မခံနိုင်တဲ့ကိစ္စမျိုးဆိုရင် မေ လက်မခံဘူးလေ။ မေ့ ဘက်ကလည်း လက်ခံခြင်း မခံခြင်းကို ပြတ်ပြတ်သားသား ပြောရမှာပဲ။

ဟုတ်တယ်။

မေ့စိတ်ကို တင်းထားကာ ကိုကြီးပြောလာမယ့်ကိစ္စကို နားခင် ဖို့ ဦးစွာဆုံးဖြတ်လိုက်၏။

ထို့နောက် လိုက်ကာလေးဖယ်ကာ ထမင်းစားခန်းထဲ ဝင်ခဲ့၏။

"လာ သမီးလေး"

အန်တီကြီးက မနက်စာစားဝိုင်းမှ ထလာရင်း မေ့ကို ကရုဏာစိုက် ခေါ်ယူလေသည်။

"ထိုင်ပါဦး။ သမီးအကြောင်း အန်တီကြီးတို့ပြောနေကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ အန်တီကြီး"

မေ ထိုင်ချ၍ မရိပ်မိဟန်ဆောင်၍ မေးမိလေသည်။ ကိုကြီးနဲ့ ကိုလေးက မနက်စာစားနေရာမှ မေ့ကို ငုံ့ကြည့်ကြသည်။

"ပြောမှာပါ မေရယ်၊ မနက်စာစားပါဦး။ မေ့အကြိုက် ဆီချက်ခေါက်ဆွဲလုပ်ထားတယ်လေ"

အန်တီကြီးက ပြောပြောဆိုဆို အဖုံးအုပ်ထားတဲ့ဆီချက်ခေါက်ဆွဲပန်းကန်ကို မေ့ရှေ့ချပေးသည်။ တစ်ဆက်တည်းလည်း အဖုံးပါ ဖွင့်ပေး၍ စားလေသမီး"

"ဟုတ်"

မေ ခေါင်းလေးအသာဆတ်ကာ ဆီချက်ခေါက်ဆွဲကို တူနဲ့ညှပ်၍ တစ်လုပ်စားတော့။

"ဒီလို မေရဲ့"

အန်တီကြီးက မေ့အနားဝင်ထိုင်၍ စကားစတော့။ မေက အိစိနှစ်လေးဖြစ်နေတဲ့ ဆီချက်ခေါက်ဆွဲကို မြိုဝါးရင်း ပြောလေဟု မေးများလေးဆတ်တော့။

ကိုကြီးနဲ့ကိုလေးက ကော်ဖီသောက်နေရာမှ အန်တီကြီးကို မျက်ရိပ်နှင့်ကြည့်တော့။

သဘောက ချော့ချော့မော့မော့ပြောဆို ဆိုတဲ့သဘော။ အန်တီ





ကြီးက မေ့ဆံပင်ရှည်ကို တယုတယပွတ်၍ –

"ဒီလိုပါ သမီးရယ်။ သမီးလေးက နုနယ်တယ်၊ ပြီးတော့ ကျန်းမာရေးကလည်း ခေါင်ခေါင်ပြည့်မဟုတ်လေတော့ သမီးရဲ့ကိုကိုတွေရော အန်တီကြီးတို့ရော အချိန်ပြည့်စိတ်ပူနေရတယ်။ အဲဒီအတွက် သမီးကို အချိန်ပြည့် ဂရုစိုက်နေရတယ်လေ"

"ကျေးဇူးတင်ပါတယ် အန်တီကြီးရယ်"

မေပြောလိုက်တော့ အန်တီကြီး ပြုံးပြုံးလေးပဲ ခေါင်းလေးရမ်း၍ ဆက်ပြောလေသည်။

"မေလေးက လိမ္မာပါတယ်။ ကျေးဇူးတင်တာက သူစိမ်းဆန်လွန်းတယ်လေ။ အန်တီကြီးဆိုလိုတာ ရှေ့ဆက်ပြီး မေ့ကို အချိန်ပြည့် ဂရုစိုက်ဖို့ အားနည်းချက်တွေရှိတယ်။ သမီးသိတဲ့အတိုင်းပဲ အန်တီကြီးမှာ က၊ လုပ်ငန်းကိစ္စနဲ့ မိသားစုအရေးတွေကလည်း ရှိနေတယ်၊ သမီးရဲ့ ကိုကြီးနဲ့ ကိုလေးကလည်း အလုပ်ထဲမှာပဲ နစ်နေတော့ သမီးလေးကို အချိန်ပြည့် စောင့်ရှောက်ဖို့ အခြေအနေမပေးဘူးကွယ့်"

ရှည်လျားစွာပြောနေတဲ့ အန်တီကြီးစကားရဲ့အဓိပ္ပာယ် ဘယ်ဆီရောက်နေလဲဆိုတာ မေ မခန့်မှန်းတတ်ပါ။

ဒါပေမဲ့ ရှုပ်ရှုပ်လင်းလင်း 'မေ'သိချင်တာမို့ ဆီချက်ခေါက်ဆွဲကို မေ ဆက်မစားတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီကြီးပြောချင်တာ ဘာလဲဟင်"

မေ ရှင်းရှင်းလေးပဲ မေးလိုက်သည်။ ထိုအခါ အန်တီကြီးက ကြည်ရွှင်စွာ ပြုံး၍ဆိုသည်။

"မေ့ကို မောင်ဝေရတ်နဲ့ နေရာချထားပေးဖို့ အန်တီကြီးတို့ စီစဉ်ပြီးပြီ"

"ဟင်"

မေ အံ့ဩလွန်းလို့ မျက်လုံးလေးများ ဝိုင်းစက်ကာ –

"မေ့ကို"

"ဟုတ်တယ်သမီးရဲ့"

"တ တကယ်"

မေ မယုံနိုင်စွာ ကိုကြီးနဲ့ကိုလေးတို့ဘက် ကြည့်ရင်းမေးသည်။ ကိုကြီးတို့နှစ်ယောက်လုံးက တည်တည်ငြိမ်ငြိမ် ခေါင်းလေးဆတ်ပြ ပြီးတော့ ကိုကြီးက လေးလေးနက်နက် ထုတ်ပြော၏။

"ဟုတ်တယ် ညီမလေး။ ညီမလေးကို အနီးကပ်စောင့်ရှောက်ဖို့ လိုအပ်တယ်။ ဒါကြောင့် ကိုကြီးစီစဉ်တာ"

"မဖြစ်နိုင်တာ ကိုကြီး"

မေ့အသံလေး မနှစ်မြို့စွာ တုန်ယင်သွား၏။

"မဖြစ်နိုင်စရာ ဘာမှအကြောင်းမရှိပါဘူး သမီးရယ်။ မောင်





ဝေရတ်က သမီးရဲ့ရောဂါအခြေအနေကိုနားလည်တယ်။ သမီးစိတ်ကိုလည်း သိတယ်။ ပြီးတော့ သမီးကိုလည်း မြတ်မြတ်နိုးနိုးရှိတယ်လေ။ ဒါကြောင့် အန်တီကြီးတို့ စီစဉ်တာပါ။ သမီးလေး လက်ခံပါကွယ်"

"ဟင့်အင်း"

မေ ယတိပြတ်ခေါင်းရမ်းလျှင် ဝမ်းနည်းမျက်ရည်တို့ ပြည့်ဝိုင်းသွား၏။ ကိုလေးက မေ ငြင်းတာကို မနှစ်မြို့စွာ စိုက်ကြည့်ပြီး –

"မေ ကိုကြီးစီစဉ်တာက မေ့ရဲ့လိုအပ်ချက်အတွက်"

"ဟင့်အင်း မေ ဘာမှမလိုဘူး"

"ညီမလေး ဇွတ်မပြောနဲ့။ ညီမလေးအတွက် လိုအပ်လို့ ကိုကြီးစီစဉ်တာ။ ညီမလေး ငြင်းလို့မရဘူး။ ညီမလေးအတွက် ယုံကြည်စိတ်ချရသူနဲ့ စီစဉ်တာ"

"အဲလို စီစဉ်ချင်လို့ မေ့ကို ကိုကြီးတို့ ပထုတ်လိုက်တာလား ဟင်"

"ဘာ ဘာပြောတယ်"

မေ့ပြောစကားမဆုံးခင် ကိုကြီးမျက်နှာမှာ လိုတာထက်ပိုပြီး တင်းမာလျက်။ မခံမရပ်နိုင်အောင်လည်း ဒေါသဖြစ်၏။ မေ့ကို စိုက်ကြည့်နေတဲ့ မျက်ဝန်းက ရဲရဲတောက်ပနေလေသည်။

"မေ အဲဒီကောင့်အကြောင်း စကားထဲထည့်မပြောနဲ့။ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်တဲ့အတိုင်း နာခံ။ ဒါ ကိုကြီးအမိန့်"

ထင်တာထက်ပိုပြီး ပြင်းရှနေတဲ့ ကိုကြီးအမူအရာနဲ့ စကား... တွေက နေတို့ရှောင်ဖယ်သွားခြင်းနဲ့ ဆက်စပ်နေမှန်း မေ အလိုလို... နားလည်သလို ဖြစ်လေသည်။

ကိုကြီးက အမိန့်တဲ့။

ထိုအမိန့်ကို ဟစ်ကြေးပြီး မနက်စာပြီးဆုံးအောင်မစားတော့... စားပွဲထဲက ထွက်သွားလေသည်။ ကိုလေးက မေ့ကို နှစ်သိမ့်ပေးသည့်... ကြည့်ရင်း –

"ညီမလေး လိမ္မာပါကွာ"

"အဟင့်"

မေ ဟင့်ခနဲရှိုက်၍ ငိုချလိုက်၏။

မေက မလိမ္မာခဲ့လို့လား။

"သမီးလေး မငိုပါနဲ့၊ တိတ်ပါသမီးရယ်"

အန်တီကြီးက မေ့ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်း... ချော့မော့လျှင် ကိုလေးက မနက်စာစားပွဲမှ ထထွက်သွားလေသည်။

သို့သော်လည်း မေ ရင်ထဲက ငိုရှိုက်သံတွေ တိတ်ဆိတ်မသွား...

မေ့ကိုအမိန့်ဆိုတာနဲ့ နာခံနိုင်းနေတာ တရားရဲ့လားဟင်။

မေ့မှာ ခံစားတတ်တဲ့ နှလုံးသားရှိတယ်။ မေ့ဘဝကို ကိုယ်တိုင်...





ရွေးချယ်လှမ်းနိုင်တဲ့ ကိုယ်ပိုင်အရည်အသွေးတွေ 'မေ'မှာ ရှိတယ်ဆိုတာ ကိုကြီး ဘာဖြစ်လို့ နားမလည်ရတာလဲ။

မေ့ဘဝကို မေ စောင့်ရှောက်နိုင်ပါတယ်။

မေ့ကို စောင့်ရှောက်ဖို့ ဘယ်သူမှမလိုအပ်ဘူး။

အဲဒါကိုတော့ ကိုဝေရတ် ပိုသိသင့်တယ်လေ။

ခုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဒါဆို နေတို့မိသားစု ရှောင်သွားတာ အကြောင်းမဲ့မဟုတ်ဘူး ပေါ့"

စုဝေးတို့ ဝိုင်းမေးလျှင် မေသံသာ ခေါင်းလေးညိတ်၍ -

"အဲလို ယူဆလို့ရတယ်ဟ"

"ဟွန်း မေက ယူဆရုံပဲလား"

ခါခါက စိုက်ကြည့်ရင်းမေးသည်။ ဝေသာကလည်း နားထောင်နေရာမှ အားမရစွာ ဝင်မေး၏။

"ခါခါက ဘယ်လိုယူဆလို့လဲ"





"ခါက မေ့လို ယူဆတာမဟုတ်ဘူး။ ဖြစ်နိုင်တယ်လို့ တစ်ထစ်ချ ပြောလို့ရတယ်လေ"

"အေးနော်"

ခါခါပြောတာကို ဝေသာနဲ့ဖင်ဖင် ထောက်ခံလေသည်။ မေက သာကိုမှ ဝေခွဲမရစွာ သက်မလေးချ၏။

"ဘာပဲဖြစ်ဖြစ် နေတို့ရှောင်သွားရတဲ့ အဓိကအကြောင်းရင်းက ကိုကြီးကြောင့်ဆိုတာ သေချာတယ်။ ဒါကြောင့် မေ မေးလိုက်တော့ ကိုကြီး မခံသာအောင် ဖြစ်သွားတာပေါ့ဟ"

"အဲဒါကြောင့် ခါက မေ့ကို ယူဆတာမဟုတ်ဘူး။ တကယ်ပဲလို့ ကောက်ချက်ချခဲ့တာ"

"အေးပါ၊ ခါ ကောက်ချက်ချခဲ့ချင်သလို ချခဲ့ပါ။ လောလောဆယ် မေ စိတ်ညစ်တာပဲသိတယ်။ မေ ဘာလုပ်ရမှာလဲ အကြံပေးကြပါဟ"

"အင်း အကြံပေးဖို့ကလည်း ခက်သားလား"

စုဝေးက ငြီးငြီးငြူငြူလေးပြော၏။

"ဟုတ်တယ်နော်"

ခါခါတို့ကလည်း ထောက်ခံလေသည်။ ထိုအခါ စိတ်ညစ်ငြူ လျက် ဖွင့်ထားတဲ့သင်ရိုးစာအုပ်ကို လှန်လှောနေမိသည်။

"ဒါနဲ့ နေနဲ့ပတ်သက်ပြီး မာမီကြီးဆီက အဆက်သွယ်ရှေ့သား



www.burmeseclassic.com

www.burmeseclassic.com



လား"

မေ့ခေါင်းလေးရမ်းလိုက်မိသည်။

"မေ မရပေမယ့် ငါတို့ရလာတယ်ကွ"

လက်ချာချိန်မစသေးလို့ စကားစုပြောနေတဲ့ စာသင်ခောင်းထဲ ခေတ်ပညာကို ဝင်လာရင်းပြော၏။

"ဘာရတာလဲ တေဇ"

စုဝေးက ခေတ်ပညာနောက်မှဝင်လာတဲ့ တေဇကို လှမ်းမေး၏။ တေဇက မေ့ကို လက်ညှိုးလေးထိုး၍ ပြောလေသည်။

"မေသိချင်တဲ့ နေ့သတင်း"

"ဟင်"

မေ့မျက်လုံးလေး ဝိုင်းသွားကာ ရင်ထဲမှလည်း လိုက်ခနဲ ခုန်သွား၏။

"နေ့သတင်း ဟုတ်လား။ နေတို့တယ်မှာလဲ။ ဘယ်မှာရှိနေကြလဲ"

မေ ရက်ပက်မဝင်အောင်မေးလျှင် သည်းရန်ကောဆိုတဲ့အကြည့်နဲ့ ကြည့်၍ ခေတ်ပညာတို့ ရယ်မောလေသည်။ တေဇက –

"ဖြေးဖြေးမေးပါ မေရာ။ ငါတို့တွေ တကူးတကစုံစမ်းလာတာ မဟုတ်ဘူး။ မာမီကြီးဆီ လမ်းကြုံလို့ ဝင်မေးရင်း သိလာတာ"





"ဘာတဲ့လဲ၊ မြန်မြန်ပြောစမ်းပါဟာ"

"ဟုတ်သားပဲ"

မေနဲ့အတူ ခါခါတို့အားလုံးကလည်း သိချင်စိတ်ထက်သန်စွာ ဝိုင်းမေးလေသည်။ ခေတ်ပညာတို့ ဝိုင်းထိုင်ကြရင်း –

"ပြောမှာပါဟာ"

"မြန်မြန်ပြောလေ တကတည်း"

ဝေသာတို့ မျက်စောင်းဝိုင်းထိုးကြ၏။ ထိုအခါ ခေတ်ပညာ ပြောရလေပြီ။

"ဒီလိုဟာ၊ မာမီကြီးဆီ နေ့ပဝေး ဖုန်းဆက်သတဲ့"

"မာမီကြီးက ဘာပြောလဲဟင်"

"အန်ကယ်က မာမီကြီးကို ဘာပြောလဲဟင်"

မေ လောကြီးစွာမေးလေသည်။

"ပြောနေတယ်လေ"

"ဟုတ်သားပဲမေရယ်၊ မေ ငြိမ်ငြိမ်လေးနားထောင်၊ ဟဲ့ ပညား ဆက်ပြောပါဟာ။ နင်ပေရှည်နေရင် မေ ရောဂါရနေဦးမယ်။ နဂိုကတည်းက နှလုံးအားနည်းရောဂါရှိတာနဲ့ ပိုဆိုးနေဦးမယ်"

မေ့ကိုယ်စား ခင်ခင် ဝင်ပြော၏။ ခင်ဖဝ့်ပြောသံမဆုံးခင် ခေတ်ပညား ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ အဆင်ပြေပါတယ်။ ဘာညာပေါ့။ ပြီးတော့ မာမီကြီးကို လစဉ်ပေးနေတဲ့ငွေပို့ပေးတယ်။ မာမီကြီးက မေ လာစုံစမ်း တဲ့အကြောင်း ပြောပြလိုက်တာပေါ့။ အဲဒါနဲ့ အန်ကယ်က မေ့ကို ကျန်းမာ ရေး ဂရုစိုက်ပြီးနေဖို့မှာသတဲ့"

"နေ့အကြောင်းကော ဘာပြောသေးလဲ"

"မာမီကြီးမေးတော့ အန်ကယ်က အဲဒီအကြောင်း ဘာမှ မပြောဘူး။ စိတ်မပူဖို့ပဲ ပြောပြီး ဖုန်းချသွားတယ်တဲ့"

"ဟာ"

အကြောင်းစုံကို သေသေချာချာသိခွင့်မရသည်က ရင်ထဲမှာ ကွက်လပ်အကြီးကြီး ဖြစ်လေသည်။

"အန်ကယ်ကလည်း ဘာမှန်းမသိဘူး။ နေ့အကြောင်း နည်း နည်းပါးပါး ပြောပြရင် ဘာဖြစ်သွားမှာမို့လဲ"

ဝေသာ အားမလိုအားမရ ဝင်ပြော၏။

"ဘာပဲဖြစ်ဖြစ် လုံးဝ အဆက်အသွယ်မရှိတာနဲ့စာရင် နည်း အဆက်အသွယ်ရလာတာ ကံကောင်းတယ်လို့ ယူဆရမှာပဲ"

"ဟုတ်တယ်ဟာ"

"အချိန်တစ်ခုတော့ စောင့်ရမှာပဲ၊ အဲဒီအချိန်တစ်ခုအတော အတွင်းမှာ သတင်းအစအနစ်ရလာမယ်။ ငါတော့ အဲလိုယူဆတယ်





ါကြောင့် မေ့ကို ပြောချင်တယ်။ ဆန္ဒတွေ သိပ်စောလို့မဖြစ်ဘူး"

"ဟုတ်တယ်မေ၊ မေ့ဆန္ဒ သိပ်မစောနဲ့"

ခေတ်ဗညာ။ သူရိန်နဲ့တေဇတို့က ဖျောင်းဖျသလိုလို နှစ်သိမ့် ပေးသလိုလိုနှင့် မေ့စိတ်ကို လျှော့ချဖို့ပြောလေသည်။

ဝမ်းနည်းစိတ်အခံရှိနေတဲ့မေက မျက်ရည်လေးအဝဲသားနှင့် ပြော၏။

"မေက ဆန္ဒစောတာမဟုတ်ပါဘူး။ ကိုကြီးရဲ့အမိန့်ဆိုတာကို မေ လက်မခံချင်တာ"

"အဲဒါတော့အပြတ်ငြင်း။ အကူအညီလိုရင်ပြော၊ ဝေရတ်ဆိုတဲ့ နေ့ကို ငါတို့ကောင်တွေ ဝိုင်းဆော်ပေးမယ်"

တေဇက ခွန်အားအပြည့်နဲ့ ပြောလေသည်။

"အေးပါဟာ"

မေက ဝမ်းနည်းမျက်ရည်တို့သုတ်ရင်း ပြော၏။ ပြောလို့မဆုံး သေးခင် –

"တီချာလာပြီ"

အတန်းသားတစ်ယောက်ပြောလျှင် မေတို့ ဂူခြေလေးများ သယ်လျက်။

အတန်းရှေ့ဘက်သို့ မျက်နှာမူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မေ့မျက်ဝန်းမှာ မြင်ယောင်နေမိသည်က နေကြ[illegible]
လေသည်။

နေရယ်။

တကယ်ပဲ ကိုကြီးကြောင့် ရှောင်ခွာသွားတာလား။

ပြောလှည့်ပါကွယ်။

✿ ✿ ✿



## အခန်း (၃၆)

"အား"

မေ လန့်လန့်ဖျပ်ဖျပ်လေး နိုးတယ်။ ထိုအခါ မေ့ရင်အစုန် မြန်ကာ ကြောက်ရွံ့သလိုလို၊ စိုးထိတ်သလိုလိုနဲ့ ကိုယ်မှာလည်း လှိုက်လှိုက်တုန် နေပါသည်။

ဒါ ဘာကြောင့်လဲ။

အိပ်မက်လိုလို ဘာလိုလိုနဲ့ ရုတ်ချည်းဖြစ်ပေါ်လာတဲ့ ခံစားမှုတွေ ကြောင့်လား။

မေ အိပ်ပျော်နေတာလဲမဟုတ်၊ မှေးမှိန်းနေရင်း ဖြစ်တည်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ထိုခံစားမှုတွေမှာ မာဓိရယ်လေ။ မာဓိက မေ့ကို လက်ယပ်ခေါ်
သတဲ့။

ဝမ်းသာစိတ်နဲ့ မာဓိဆီ မေပြေးသွား၏။ သို့သော် မာဓိဆီ ရောက်ဖို့ လက်တစ်ကမ်းအလိုမှာ မေ့ကိုယ်လုံးလေးမှာ တွင်းနက်ကြီးထဲ ကျွံကျသွား၏။

ထိုအခါ မေ လန့်ဖျပ်ပြီး အားကုန်အော်ဟစ်လိုက်လေသည်။ ထိုအော်သံနက်ကြီးအဆုံးမှာ မေ အသိဝင်လာသည်က လန့်လန့်ဖျပ်ဖျပ် ခံစားရကာ မွေ့ရာပေါ် လဲလျောင်းနေသည့် မေ့ကိုယ်မှာ ထထိုင်လျက်သား ဖြစ်လေသည်။

ဒါ့ပြင် ရင်မှာ အခုနှိမြန်နေသလို မောင်ဝါးနေတဲ့မျက်လုံး လည်း ပွတ်၏။ ဒါဘာကြောင့်လဲ။

အန္တရာယ်တစ်ခုခု ကြုံရတော့မယ့်နမိတ်လေသည်။

ထိုသို့ မေတွေးရင်း ခေါင်းအုံးပေါ် ပြန်လည်၍ခေါင်းချကာ ကိုယ်လုံးလေးကို မွေ့ရာပေါ် ပြန်လှဲ၏။

တမလွန်မှာ မာဓိ အထီးကျန်ဆန်မနေသလားကွယ်။ ဒယ်ဒီနဲ့ မဆုံဖူးလား။

ဒယ်ဒီနဲ့မာဓိတို့ ဝိညာဉ်အဖြစ်နဲ့ ပြန်ဆုံပါစေ။

မေ ဆုတောင်းပေးပါတယ် မာဓိ။





နောက်ထပ် မေ ဆုတောင်းရဦးမယ်။ ခုလို လန့်လန့်ဖျပ်ဖျပ် ဖြစ်စေတဲ့ အိပ်မက်လိုလို ခံစားမှုမျိုး မေ့ဆီမလာပါနဲ့။

ထိတ်လန့်ချောက်ချားစရာတွေ မေ မခံစားနိုင်လို့ပါ။

ဘာဖြစ်လို့လဲဆိုတော့ စိုးထိတ်ဖွယ် ထိုခံစားမှုတွေနောက်မှာ မေ ကံဆိုးတာတွေနဲ့ ကြုံတတ်လို့ပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ဘာ"

ညီငယ် ဖုန်းဆက်ပြောလျှင် ခက်ရင်း ထိတ်လန့်သွားသည်။ ထိုင်နေရာမှလည်း ဝုန်းခနဲ ထ၏။ ထို့ပြင် စိုးရိမ်စိတ်လှုပ်ရှားပြီး ခြေလှမ်းတွေ ဖရိုဖရဲနှင့်ပြေးထွက်ခဲ့သည်မှာ ဖုန်းပြောရင်း တန်းလန်းဖြစ်လေသည်။

"မြန်မြန်ပြောစမ်းညီ၊ ညီမလေး ဆေးရုံရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုကြီး"

"ဘာဖြစ်လို့လဲ"





"ကိုကြီးသူငယ်ချင်း ဝေရတ်ကြောင့်"

"ဘောက်"

ခက်ရင်း ဒေါသတွေ ဝုန်းခနဲပေါက်ကွဲသွားလေသည်။ လက်ကိုင်ဖုန်းကို ပိတ်ပစ်၏။

ညီမလေးတွက် စိုးရိမ်စိတ်တွေ ဖြစ်သွားသလို ဝေရတ်အပေါ်လည်း ဒေါသတွေ လှိမ်းမိုးသွားလေသည်။

ချက်ချင်းပဲ ဆေးရုံဆီ အပြေးအလွှားရောက်ခဲ့၏။ လူနာခန်းဆီ အလောတကြီးသွားလျှင် ကော်ရစ်ဒါအကွေ့မှာ ဝေရတ်နဲ့ ဘွားခနဲဆုံ၏။

ထိုအခါ

ခက်ရင်း သည်းမခံနိုင်တော့ပါ။ အံကြိတ်လျက် ပြေးသွားကာ ဝေရတ် ရင်ဘတ်ကို ဆောင့်ဆွဲ၏။

"မင်း"

"ကိုခက်"

သူ့ ဒေါသက ထိန်းချုပ်မနိုင်ဖြစ်ကာ ဆုပ်ထားတဲ့ လက်သီးနှင့် မှုန်းပြလိုတဲ့ ဝေရတ်မျက်နှာကို  တအားထိုးချလိုက်၏။

"ခွပ်"

"အား"

ဝေရတ် ရှောင်တိမ်းချိန်မရတော့ပါ။ ဒူးရုရုရှု နာကြင်စွာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နောက်မှာ အမြင်အာရုံတို့ မှောင်ပြကာ ကိုယ်ရှိန်ထိန်းမနိုင်ဘဲ ဝုန်းခနဲ ကျလေသည်။

"မင်းသိပ်ယုတ်မာတယ် ဝေရတ်။ မင်းဟာ ငါ့ညီမလေး ဒုက္ခတစ်ပိုင်းဖြစ်အောင် လုပ်တဲ့သူ။ မင်းကို ငါ လုံးဝခွင့်မလွှတ်ဘူးကွ"

လက်ညှိုးထိုးပြောနေတဲ့ သူ့စကားလုံးတွေ နောက်မှာ လဲကျနေသည့် ဝေရတ်ကို ပြန်ဆွဲယူ၍ ထိုးချ၏။

"သားကြီး"

အန်တီကြီး စိုးရိမ်တကြီးပြေးလာရင်း ဆွဲတား၏။

"ထိုးပါ ကိုခက်။ ကိုခက် စိတ်ကျေနပ်တဲ့အထိ ထိုးပါ"

နှုတ်ခမ်းကွဲရာမှ သွေးစတွေကို လက်ခုံနဲ့ပွတ်သုတ်ရင်း ဝေရတ် ပြောရှာသည်။

"သားကြီး"

"ဖယ်ပါအန်တီကြီး။ ဒီကောင့်ကို ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး ဒီကောင် ညီမလေးဘဝကို ဖျက်တဲ့ကောင်"

"ကိုကြီး"

ညီကလည်း အပြေးအလွှားရောက်လာရင်း သူ့ကိုဆွဲ၏။

"ဝေရတ် မင်းပြန်တော့"

ညီငယ်က၊ ဝေရတ်ကို ရင့်ရင့်သီးသီးနှင်ထုတ်၏။





"လာ သားကြီး"

သူ့ကို အန်တီကြီးနဲ့ညီက ဆွဲခေါ်သွားလေသည်။ သူ့စိတ်ရှိတဲ့အတိုင်း ဝေရတ်ကို လုပ်ပစ်လိုက်ချင်သည်။

ခုတော့

"ဟော့ကောင်၊ မင်းသတိနဲ့နေ။ ငါ့ညီမလေး တစ်ခုခုဖြစ်လို့ကတော့ မင်းအသက်နဲ့လဲပေးရမယ်ကွ"

သူ့ကို အခဲမကြေစွာပြောရင်း အန်တီကြီးနဲ့ ကိုလေးသာလွှန် ဆွဲခေါ်ရာနောက် ပါသွား၏။ သူငယ်ချင်းခက်ရင်းကို ဝေရတ် စိတ်မနာနိုင်ပါ။

မေ ခုလို ဖြစ်ရတာ သူ့ကြောင့်လား။

သူကိုယ်သူ ပြန်မေးမိလျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟင်"

ကားပေါ်ကဆင်းဆင်းချင်း မြင်ရတဲ့မြင်ကွင်းကြောင့် မေ တအံ့တသြဖြစ်ရလေသည်။

ထိုအခါ

မေ ငုံ့ကြည့်ပြီး ဝေရတ်ကို မေး၏။

"ဒေါက်တာဆီသွားမလို့ဆို"

ဝေရက်က ကားပေါ်ကဆင်းလာရင်း မေ့ကို ပြုံးအီအီလေး စိုက်ကြည့်၍ ဆိုပါသည်။





"လောလောဆယ် မေ့ကိုပြချင်လို့"

"ဘာကိုလဲ"

"ဒီခြံဝင်းနဲ့ဒီဘန်ဂလိုတိုက်လေးကို"

ကြိုက်ပုံ ဘန်ဂလိုတိုက်က အနီသွေးရောင်ရဲရင့်နေ၏။ ထိုဘန်ဂလိုတိုက်ဝန်းကျင်တွင် ရောင်စုံပန်းတို့ကို အဝိုင်းပုံ၊ လေးထောင့်ပုံ၊ စတုဂံပုံ စသည်ဖြင့် ပုံဖော်စိုက်ပျိုးထားသည်မှာ အရောင်အသွေး သွေးစုံလျက် ပသာဒဖြစ်ဖွယ် ကောင်းနေပါသည်။

ဘန်ဂလိုတိုက်လေး မျက်နှာစာမှာ အပန်းဖြေတဲ့ အဆောက်အဦငယ်လေးလည်းရှိ၏။ လှေ့ပုခက်ကိုလည်း ရောင်စုံပန်းတို့နှင့် တန်ဆာဆင်ထားသည်မို့ နတ်သမီးတွေစီးသော ပန်းပုခက်လိုလှနေ၏။

ကိုဝေရတ်ပြတဲ့ ခြံဝင်းလေးနဲ့ ဘန်ဂလိုတိုက်လေးက စိတ်ကူးကောင်းကောင်းနဲ့ ဖန်တီးထားတဲ့နေရာလေးဖြစ်သလို ခွဲခေါင်မှုလည်း အပြည့်ရှိပါသည်။

"ဘာဖြစ်လို့ မေ့ကိုလာပြရတာလဲ"

မေ ရုတ်ရုတ်စမ်းစမ်းမေးလျှင် ကိုဝေရတ် သဘောကျစွာ ရယ်မောလေသည်။

ကိုကြီးလို အရပ်မြင့်ပြီး မျက်နှာသွယ်လျသလို လေးနက်တည်ကြည်ဟန်ရှိတဲ့ ကိုဝေရတ်က ရယ်မောလိုက်တိုင်း ပါးချိုင့်လေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတတ်၏။

နေ့လို ပေါ့ပေါ့ပါးပါး ရယ်မောတတ်ပုံမျိုးမဟုတ်တဲ့ ကိုဝေရုတ်ကို မေ မျက်မှောင်ကုပ်ကြည့်လိုက်သည်။

"ပြောလေ ကိုဝေရုတ်၊ မေ့ကို ခုလို လာပြတာ ဘာကြောင့်လဲ"

"လာလေ မေ"

မေမေးတာကို ကိုဝေရုတ် မဖြေ။ မေ့လက်များလေးကိုဆွဲယူပြီး ထိုဘန်ဂလိုတိုက်လေးဆီ ခေါ်သွား၏။

မေက ကိုဝေရုတ်သက်ကို ပုတ်ရင်း -

"ပြောလေ၊ ကိုဝေရုတ်ရဲ့ ရည်ရွယ်ချက်က ဘာလဲ"

"မေနဲ့ကိုယ် လက်ထပ်ပြီးရင် နေရမယ့် ရိပ်မြုံလေ"

"ဘာ"

မေ့အသံလေး မနှစ်မြို့စွာကျယ်ထွက်သွား၏။ ကိုဝေရုတ်က မေ့ကိုငုံ့ကြည့်၍ -

"ဟုတ်တယ်လေ။ မေ သဘောကျတယ် မဟုတ်လား"

"တောက်"

မေ့ရင်ထဲမှာ ခံပြင်းစွာ တောက်ခတ်မိ၏။ ကိုဝေရုတ်က မေ့ရဲ့ ခံပြင်းမှုကို လျစ်လျူရှုသလိုပြုကာ ဘန်ဂလိုအိမ်လေးဆီ ညွှန်ပြရင်း-

"လာလေမေ၊ အထဲကို ဝင်ကြည့်ဦး။ ပရိဘောဂပစ္စည်း အထား





အသိုတွေလည်း မေ့အကြိုက်ပဲ"

"ဟွန်း"

မေ အံကြိတ်ကာ မျက်စောင်းထိုး၏။ ကိုဝေရုတ်ကပြောဆိုရင်း သော့ခတ်ထားတဲ့ ဘန်ဂလိုတိုက်တံခါးကို သွားဖွင့်၏။

ထိုအခါ

မေ ချာခနဲလှည့်၍ ပြေးထွက်ခဲ့သည်။

"လာ မေ ဟင်"

တံခါးသော့ဖွင့်ပြီးတော့ ဝေရုတ် လှည့်ကြည့်လျှင် ပြေးထွက်သွားတဲ့ မေ့ကိုမြင်လျှင် သူ့ ရင်မှာ ထိတ်ခနဲ ဖြစ်သွား၏။

"မေ နေဦးလေ"

သူ့ ဟန့်တားရင်းပြေးလိုက်လျှင် မေက ခြံဝင်းထဲမှ တစ်ခွတ်ထိုး ပြေးထွက်သွား၏။ ထိုအခါ မေ ကိုယ်ရှိန်လေး မထိန်းနိုင်ဖြစ်လေသည်။ ခြံရှေ့လမ်းပေါ် လမ်းကြောင်းမှန်အတိုင်း အရှိန်နဲ့ဖြတ်မောင်းသွားတဲ့ ဖိမ်ခံကားအဖြူရောင်လေး ဝင်တိုက်မိ၏။

"ဂျိန်း"

"အား"

တိုက်မိသံ မေရဲ့အော်သံတွေနောက်မှာ စိုးရိမ်ထိတ်လန့်စိတ်ပြင့် ဝေရုတ် မျက်လုံးအစုံမှာ ရုတ်ချည်း ဘာမှမမြင်သလို ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ"

အရှိန်နဲ့တိုက်မိတဲ့မေ့ခမျာ လမ်းပေါ်လွင့်သလိုဖြစ်ကာ ဆန့်ထွက်သွားတဲ့ ညာခြေတစ်ဖက်က ကားနောက်ဘီးအောက်ရောက်၏။

"အား ကိုကြီး ဟီး ဟီး"

နာကျင်သံ၊ ငိုကြွေးသံတွေနောက်မှာ ဝေရတ် မေ့ကို ပြေးရွေ့လိုက်၏။

"မေ မေ သတိထားနော်၊ မေ ဘာမှမဖြစ်ဘူး"

သူ တတွတ်တွတ်ပြောနေပေမယ့် မေ့ရဲ့ နာကျင်ကြောက်ရွံ့မှုနဲ့ ထိတ်လန့်မှုဟာ မေ့ကို အသိလက်လွှတ် ဖြစ်သွားလေသည်။

မေ့ကိုယ်လေး ပျော့ခွေနေသလို မေ့ ခြေကျင်းဝတ်အထက်မှာ ကားဝိတ်နဲ့ကြောင့် ထောက်ခနဲကြိုးကာ သွေးတို့ အိုင်ထွန်းသွား၏။

နဖူးမှာလည်း ကားဘော်ဒီနဲ့ ပြေးဆောင့်မိတဲ့ဒဏ်ရာ သွေးစိမ်းတို့ ဖြာလေပြီ။

"မေ"

သူမလေးကို တယုတယ ပွေ့ယူပြီး ဆေးရုံအရောက်ပို့ခဲ့မိသော်ငြားလည်း ထိုဖြစ်စဉ်အတွက် သူ့ကိုယ် ခွင့်မလွှတ်နိုင်အောင်ဖြစ်ရလေသည်။

သူ့ကြောင့် မေ ခုလိုဖြစ်ရတာ။

သူ့မှာ အပြစ်ရှိပါတယ်။





ဟုတ်တယ်။

ကိုယ့်မှာအပြစ်ရှိတယ် ကိုခက်။

အဲဒီအတွက် ကိုယ့်ကို ကြိုက်တဲ့အပြစ်ဒဏ်မျိုး ပေးပါကွာ။

ဒါပေမဲ့

မေ့ကို ကိုယ့်နှလုံးသားက မြတ်မြတ်နိုးနိုး ချစ်မြတ်နိုးတယ်ဆိုတာကိုတော့ အကြွင်းမဲ့ ယုံကြည်ပေးပါ သူငယ်ချင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"မေ ညီမလေး"

မျက်လွှာလေးစင်းကျနေတဲ့ ညီမလေးကို ကရုဏာကြီးစွာ ကြည့်ရင်း ခက်ရင်း တိုးတိုးလေးခေါ်မိသည်။

လက်ဝါးနုနုလေးကိုလည်း နှစ်သိမ့်ပေးလိုစွာ ဆုပ်ကိုင်ရင်းပေး

"ညီမလေး"

ပတ်တီးရစ်နေတဲ့ ညီမလေးနဖူးကို လက်ခုံလေးနဲ့ အသာဖမ်း တယ်။ ထိုအခါ ညီမလေးမြင်လွှာ လှုပ်လာသည်။

သူ့ကိုမြင်လျှင် ညီမလေး မျက်လွှာပင့်ကြည့်၏။





ထိုအခါ ညီမလေးမျက်ဝန်းအိမ်မှ နာကျင်မျက်ရည်တို့ ဝေါခနဲ ကျလေသည်။

"ညီမလေးရယ်"

သူ့ရင်မှာ အတိုင်းမသိ ထိခိုက်သွားလေသည်။ ညီမလေး ခုလို ဖြစ်ရတာ သူ့ကြောင့်ပဲလည်း ခံစားရ၏။

"ကိုကြီး"

ညီမလေး တိုးတိုးဖွဖွခေါ်သလို အားကိုးတကြီးနဲ့လည်း သူ့လက် ကို ဆုပ်ကိုင်ထား၏။ ကျောက်ပတ်တီးစည်းနှောင်ထားတဲ့ ညီမလေး ခြေထောက်က ဆန့်လျက်သားဖြစ်ကာ ထိုအခြေအနေကို ညီမလေး ခံစားရဟန်တူသည်။

ဒါကြောင့် ငိုချသည်က အရင်။

"တိတ်ပါညီမလေးရယ်၊ ဒီထက်ဆိုးဆိုးဝါးဝါး ဖြစ်မသွားတာ ကံကောင်းတယ်လို့ ပြောရမယ်"

"ဟုတ်တယ်နော် ကိုကြီး"

ညီမလေးကလည်း နားလည်ခံစားမိသယောင် ငိုသံဝဲလေးနှင့် ပြောရှာသည်။

"ကြားကြားချင်း ကိုကြီး လန့်ဖျပ်သွားတယ် ညီမလေးရယ်"

"အဲဒီအတွက် မေမှားလားဟင်"



www.burmeseclassic.com

ညီမလေး မေးခွန်းက သူ့မျက်ဝန်းကို စိုစွတ်သွားစေသည်။ ညီမလေး မှားသလားတဲ့။

"ဟင့်အင်း၊ မမှားဘူး။ ညီမလေး ဘယ်တုန်းကမှ မမှားခဲ့ဘူး။ မှားခြင်းမှား ကိုကြီးပဲ မှားနေမှာပါ ညီမလေးရယ်"

"ဟင့်အင်း၊ ကိုကြီးလည်း မမှားပါဘူး"

"ညီမလေးရယ်၊ စိတ်ထိခိုက်စရာတွေ မပြောပါနဲ့နော် ညီမလေး။ မကြာခင် ညီမလေးခြေထောက် ကောင်းလာမှာပါ။ အဲဒီတော့ ညီမလေး အရင်လိုပဲ သွားသွားလာလာ လုပ်နိုင်မယ်လေ။ ကိုကြီး ဒေါက်တာနဲ့တွေ့ပြီး သေချာမေးပြီးပြီ၊ ကျောက်ပတ်တီးဖြုတ်ပြီးရင် ညီမလေး လမ်းလျှောက်နိုင်မယ်တဲ့။ ညီမလေး ဘာမှမတွေးနဲ့တော့နော်။ မျက်လွှာလေး ချပြီး မှေးနေလိုက်။ ညီမလေး အားရှိသွားမယ်။ နော် ညီမလေး မျက်လွှာလေးမှိတ်လိုက်"

ခက်ရင်းက ညီမငယ်ကို ချော့ချော့မော့မော့ပြောရင်း ညီမလေး မြင်လွှာလေးမှိတ်အောင် လက်ဖဝါးလေးနဲ့ အသာမှိတ်ပေးလေသည်။

ညီမလေးက သူ့စကားနားထောင်ကာ မြင်လွှာလေး ပိတ်လိုက်လျှင် မျက်တောင်စပ်တောင့်ကြားမှ လက်ကျန်မျက်ရည်တို့ စီးကျသွားလေ၏။

"လိမ္မာလိုက်တဲ့ ညီမလေးရယ်"

ညီမဖြစ်သူကို ခက်ရင်း ချစ်မဝနိုင်အောင် ဖြစ်ရလေသည်။





ဒယ်ဒီဆုံးစက ညီမလေးက ကလေးသာသာ။ မာမီဆုံးတော့ အရွယ်ရောက်စရယ်။

အရွယ်ရောက်စညီမလေးကို သူတို့ညီအစ်ကို စိုးရိမ်လွန်ကာ။

ထို့နောက်မှာ

ခုလိုဖြစ်လာတာ ဘယ်သူ့ကြောင့်လဲ။

ပြောကြပါကွာ။

www.burmeseclassic.com

## အခန်း (၄၀)

"ဟေး"

အားရဝမ်းသာအော်ဟစ်ရင်း သူငယ်ချင်းအားလုံး လက်ခုပ်လက်ဝါးတီးကြလေသည်။ ဒါတင်မက ကိုကြီး၊ ကိုလေး၊ အန်တီကြီးနဲ့ အန်တီလေးတို့ပါ မေ့အပါး ရောက်လာကြသည်။

မေလည်း အားရဝမ်းသာဖြစ်ကာ မျက်ရည်လေးများဝဲရှာသည်။ ဒီနေ့က မေ့ခြေထောက် ထောက်လို့ရတဲ့နေ့ မဟုတ်လား။ အရိုးပါရူ ဒေါက်တာကံညွှန့်ပြောတဲ့အတိုင်း တစ်လှမ်းချင်း မေလှမ်း၏။

ခြေထောက်ဆက်ရာမသိမသာလေး ရှုသွား၏။ မေလည်း ရိုးရိုး





...တ်တွေနဲ့မို့ ရှေ့ဆက်လှမ်းရမှာ မငံ့မရဲဖြစ်၏။

ထိုအခါ ဒေါက်တာကံညွှန့်က အသင့်ပြင်ထားတဲ့အတိုင်း အလှ ...ယံချိုင်းထောက်တစ်စုံပေး၏။

"ရောသမီး၊ ဒါလေးနဲ့ ရဲရဲထောက်။ နောက်ပိုင်း အခဝင်ပြေသွား ...ပါ"

မေလည်း ချိုင်းထောက်လေးနဲ့ ထောက်ပြီး လျှောက်ကြည့်လျှင် ...က်သောင့်သက်သာ လှမ်းလို့ရမှန်း သိသာတာမို့ ချိုင်းထောက်လေးကို ...သဘောကျသွား၏။

"ချိုင်းထောက်လေးနဲ့ဆိုတော့ မေ တစ်မျိုးလေးလှတယ်ဟ"

ဖင်ဖင်ပြောလျှင် မေ မျက်စောင်းလေးထိုး၏။

"ကဲ အိုကေပြီးနော် သမီး"

ဒေါက်တာကံညွှန့် စိတ်အားပါပါမေးလျှင် မေ ခေါင်းလေးညိတ် ...ီး -

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"မလိုပါဘူး။ အဓိက သမီးလေးကောင်းသွားတာ ဝမ်းသာစရာ ...ဲ။ ဆေးတော့ ပုံမှန်စားဦး။ တစ်လကြာရင် တစ်ခါလာပြဖို့ မမေ့နဲ့"

"ဟုတ်ကဲ့ အန်ကယ်"

မေ ချိုင်းထောက်လေးနဲ့ လျှောက်ခဲ့လျှင် မေ့သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မေ့နားက ဝိုင်း၍ ပါလာသည်။

ဒါ့ပြင် ကိုကြီးနဲ့ကိုလေးက ခုချိန်ထိ မေ့ကို စိုးရိမ်မပြယ်မှု

အရိပ်တကြည့်ကြည့်နဲ့ ပါခဲ့သည်။

ထိုစဉ်

မေတို့ရှေ့တည့်တည့် ရောက်လာတဲ့ ဝေရတ်။ မေ့ကို တောင်း

လိုသော မျက်နှာလေးမှာ ညှိုးနေသည်။ ဝေရတ်ကိုမြင်တာနဲ့ ကိုကြီး

ဒေါသထွက်၏။

"မင်းက ဘာလုပ်ပြန်ပြီလဲ"

"ကိုယ် တောင်းပန်မလို့ပါ"

"မလိုဘူးကွ၊ မင်းထွက်သွားစမ်းကွာ"

ကိုကြီးက ဒေါသတကြီးနဲ့ ဝေရတ်ကို တွန်းပစ်၏။

"ကိုကြီး"

မေ တိတ်ဆိတ်မနေတော့ပါ။ ကိုကြီးလက်ကိုဆွဲတားလိုက်၏

အားလုံးကလည်း ပြဿနာ ထပ်မံမဖြစ်လိုတာကြောင့် ကိုကြီးကို ဆွဲတား

၏။

ထိုအခါ ကိုဝေရတ်က မျက်လွှာစုံချ၍ ပြောလေသည်။

"ကိုယ့်ကိုနားလည်ပေးပါ ကိုခက်"

"ကျွတ် မင်း"





"နေပါကိုကြီး။ ဖြစ်စဉ်အားလုံးကို မေ နားလည်ပါတယ်။ ဒီ

အဖြစ်အပျက်အားလုံးဟာ မေ့ကြောင့်ဖြစ်ရတာပါ။ ဒါပေမဲ့ မေ့ကို ကိုကြီး

နဲ့ကိုလေး ပိုပြီးနားလည်ပေးပါ"

"ဘယ်လိုညီမလေး"

"မေ ငယ်ပါသေးတယ်။ ဆယ်ကျော်သက် မေတို့အရွယ်က

တစ်ခါတလေ လမ်းလွဲကောင်းလွဲနေပါလိမ့်မယ်။ အဲလို လမ်းလွဲနေရင်

မေ့ကို ဘေးကနေ ဝိုင်းဝန်းတည့်မတ်ပေးလို့ရပါတယ်။ ဒါပေမဲ့ စိတ်မချ

ဘူး။ စိုးရိမ်တယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မေ့ဘဝကို ညည်းဝိုင်းတစ်ခုထဲ

မသွင်းပါနဲ့"

"ဘယ် ဘယ်လို"

ကိုကြီးက မေ့ရှေ့တိုးလာရင်း မေး၏။ မေက ကိုကြီးကိုလည်း

မကြည့်ပါ။ ကိုဝေရတ်ဘက်လည်း ငဲ့မကြည့်ပါ။ ဘယ်သူ့ကိုမှလည်း

မကြည့်ပါ။

ချိုင်းထောင့်လေးအားပြုကာ မေ ခြေလှမ်းသုံးလေးလှမ်း

လျှောက်သွားရင်း ကော်ရစ်တာထောင့်ချိုးလေးနားမှာ ရပ်၏။

ထို့ပြင်

ကောင်းကင်မှာ မျောလွင့်နေတဲ့ တိမ်ရောင်စုံတို့ကို ငေးမော

ကြည့်ရင်း ပြောမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေတို့ ဆယ်ကျော်သက်အရွယ်ဆိုတာ စူးစမ်းမှုလည်းရှိရမယ်။ ဆင်ခြင်တတ်ဖို့လည်း လေ့ကျင့်ထားရမယ်။ မေရဲ့ ကိုယ်ပိုင်အရည်အချင်းက ဘာလဲဆိုတာ မေကိုယ်တိုင် လေ့လာရမယ်။ ပြီးတော့ ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျောက်တင် စစ်ဆေးနေဖို့လည်း တွေးခေါ်ရပါမယ်။ အဲဒီအတွက် အရေးကြီးတာက ပညာသင်ရမယ်၊ လေ့လာရမယ်၊ စူးစမ်းရမယ်၊ ကိုယ်ပိုင်အရည်အသွေးနဲ့ ဘာတွေလုပ်နိုင်မလဲဆိုတာ လုပ်ဆောင်ကြရပါမယ်။ အဲလိုမှမဟုတ်ဘဲ အကြောင်းကြောင်းကြောင့် အိမ်ထောင်ပြုရမယ်၊ အိမ်ထောင်ကျရမယ်ဆိုရင် မေတို့ ဆယ်ကျော်သက် မိန်းကလေးတွေရဲ့ ဘဝဟာ စွမ်းဆောင်ရည်အညွန့်အတက် ဝေဆာတဲ့ ဘဝလှလှနဲ့ အလှမ်းဝေးပြီး ကျဉ်းမြောင်းတဲ့အိမ်ထောင်ရေးနွံထဲ နစ်နေသလို ဖြစ်ရပါလိမ့်မယ်"

"ဟင်"

မေ့စကားသံနောက်မှာ အားလုံး မျက်လုံးလေးများ ဝိုင်းစက်ကုန်သည်။ ကိုကြီးနဲ့ကိုလေးတို့ မျက်ဝန်းအစုံမှာ ပို၍ စူးစူးစိုက်စိုက် ဖြစ်လျက် မေ့ကို စိုက်ကြည့်နေကြသည်။

ကိုဝေရတ်လည်း မေ့စကားလုံးတွေကို ခွဲခြမ်းစိတ်ဖြာလျက် သက်ရောက်အဓိပ္ပာယ်ကို ဆန်းစစ်သလို ငေးကြည့်၏။

"သမီး"





အန်တီကြီးက လွှတ်ခနဲ့ခေါ်လေသည်။ မေက ငုံ့မကြည့်ဘဲ ဆိုသည်။

"မေ ဆုံးအောင်ပြောပါရစေ"

အန်တီကြီး သက်ပြင်းရှည်ကြီးချရလေသည်။ သမီးပြောနေတာတွေက သူမတို့ရဲ့ လုပ်ရပ်တစ်ခုကို မီးမောင်းထိုးပြနေသည့်နှယ်။

"ဆယ်ကျော်သက်အရွယ်မှာ မေ အိမ်ထောင်မကျချင်ပါဘူး။ ရှေ့ဆက် ဘာကိုမှလည်း တဖွတ်ထိုးမလုပ်ချင်ပါဘူး။ မေ ကတိတည်ပြီး နေခဲ့ပါတယ်။ နေ့ကို မဆက်သွယ်ခဲ့ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ ဆယ်ကျော်သက်ဘဝလှလှလေးကို မေတို့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်လို့ပါ။ နောက်ပြီး ကိုကြီးကြောင့်၊ နေတို့မိသားစု ရှောင်သွားတယ်ဆိုတာ မေ သိတယ်။

"ဟင်"

ကိုကြီးခက်ရင်း မျက်လုံးပြူးသွား၏။ ထို့အတူ အားလုံးသော မျက်ဝန်းတွေမှာလည်း သိချင်စိတ်တို့နှင့် တောက်ပကုန်သည်။

"ညီ ညီမလေးကို ဘယ်သူပြောလဲ"

ကိုကြီး မယုံနိုင်စွာ မေးလျှင် မေလည်းမပြောဘဲ မနေသာ ဖြစ်ရလေသည်။ ထို့ကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)

"မင်းကြောင့် ငါ့မာမီသေရပြီ၊ ခုတစ်ခါ ငါ့ညီမလေးကို သတ်မလို့ မဟုတ်လားကွ"

နေရှင်ဘုတ်ကို ဆောင့်တွန်း၍ ခက်ရင်း အမြှုံးတကြီး ပြောကာ နေက ယိုင်နဲ့သွားတဲ့ ကိုယ်နေဟန်ကိုထိန်း၍ –

"ကိုကြီး ဘာတွေပြောနေတာလဲ"

"ပြန်မမေးနဲ့၊ မင်းတို့နဲ့ဝေးအောင် ငါတို့ ပြောင်းနေခဲ့တာတွေ ခုတော့ ငါ့ညီမလေး ဒီခြံထဲ ညကြီးမင်းကြီးရောက်လာရုံမကဘူး၊ သတ် လစ်ပြီး လဲနေတာ၊ အဲဒါ မင်းကြောင့်"





"ကျွတ်"

နေရဲရင့် လက်မခံနိုင်တာတွေ ကိုကြီးလာစွပ်စွဲနေသည်။

"မောင်ခက်ရင်း"

နေ့ဘက်ကနေ နေ့ပထွေးက လူကြီးပီပီ ဝင်ပြောဖို့ခေါ်လျှင်–

"ခင်ဗျားကြီး ဘာမှ ဝင်မပြောနဲ့၊ သောက်ဆင့်မရှိတဲ့ ပထွေး ကောင်"

"ကိုကြီး"

နေ သည်းမခံနိုင်တော့ပါ။ အန်ကယ်ကို ရင့်ရင့်သီးသီး ပြောတာ မြွန်လှပြီ။ အန်ကယ်က ရှက်ကာ နောက်ဆုတ်လေသည်။ ခက်ရင်းက ဘာကိုမှ မငဲ့နိုင်ပါ။

"မင်း ငါ့ကိုမခေါ်နဲ့၊ မင်း ငါ့ညီမကို သတ်မယ့်ကောင်"

"ကိုကြီးမစွပ်စွဲနဲ့"

"ဟုတ်တယ် မောင်ခက်ရင်း။ မောင်ခက် ဘာပြောချင်လဲ အန်တီ့ကိုပြော"

"ပြောရအောင် အန်တီက ဘယ်လောက်တောင် ကြောက်ပစ် ကောင်း ဖြစ်နေလို့လဲ"

"ဟင်"

ဒေါ်စိုးစိုးစံ မျက်နှာကို ဖြတ်ရိုက်ခံရသလို ခက်ရင်းစကားလုံး



www.burmeseclassic.com

www.burmeseclassic.com



တွေက အရှက်ရစေသည်။

သူမသားအရွယ်က သူမကို ဒီလိုတွေ ပြန်ပြောလာတာ ခံပြင်းလှသည်။

သားဖြစ်သူက –

"အန်ကယ်နဲ့မာမီ ဘာမှ ဝင်မပြောပါနဲ့"

မာမီတို့ရှေ့မှနေရပ်၍ ကိုကြီးနဲ့ ရင်ဆိုင်လိုက်သည်။

"ပြော ကိုကြီး ကျွန်တော့်ကို ဘာပြောချင်လဲ ပြော"

"အေး ပြောရမယ်ဆိုရင် မင်းတို့တစ်မိသားစုလုံးနဲ့ ငါတို့ မောင်နှမ မမြင်ချင်ဘူး"

"ဟင်"

နေ့မာမီနဲ့ နေ့အန်ကယ် မျက်လုံးပြူးသွား၏။ နေလည်း အံ့သြနေလျှင် –

"ဟုတ်တယ်၊ မင်းကြောင့် မာမီသေပြီ။ မင်းကြောင့် ငါ့ညီမကို ဒီစံအိမ်မှာ စိတ်မချလို့ အန်တီကြီးတို့ဆီ ငါတို့မောင်နှမ ပြောင်းနေကြတာကွ။ အခု ညီမလေးက မာမီစိတ်နဲ့ ရောဂါနေပြီ။ ညကြီး ဒီတိုက်ကို ပြန်လာခဲ့တာလေ။ ကံကောင်းလို့ ငါ့ညီမလေး ဘာမှမဖြစ်တာ။ အဲဒါ အားလုံးက မင်းကြောင့်ပဲ"

"ကျွတ်"





သူ လက်မခံနိုင်တာတွေကို ကိုကြီး တရစပ်ပြောနေသည်။

"မင်းကြောင့် ငါ့ညီမ မသေရင်တောင် မင်းကြောင့် ငါ့ညီမ အရှက်ရမယ်၊ သောက်ကျင့်မကောင်းတဲ့ မင်းတို့မိသားစုရဲ့ စရိုက်ဆိုးတွေနဲ့ ငါ့ညီမလေးဘဝ ညစ်နွမ်းသွားမယ်။ ငါ့ညီမလေးကို အဲသလို ဖြစ်အောင် လုပ်နေတဲ့ မင်းတို့မိသားစုကို ငါ မမြင်ချင်ဘူး။ ဖြစ်နိုင်ရင် မာမီအရိပ်တွေရှိနေတဲ့ ငါတို့စံအိမ်မှာ၊ ငါ့ညီမလေး အေးအေးချမ်းချမ်းနေရဖို့ မင်းတို့မိသားစု ငါတို့စံအိမ်နားမှာ ရှိမနေဖို့လိုတယ်။ တစ်သက်လုံး မင်းတို့ကို မမြင်ချင်ဘူးကွာ"

တစ်ဖက်သတ်ဆန်နေတဲ့ ကိုကြီးစကားလုံးတွေက သူ့ရင်အုံကို တင်းပုတ်ကြီးနဲ့ ထုနေသလို ခံစားရ၏။

အန်တီသေတာ သူ့ကြောင့်တဲ့။

မေကလည်း သူ့ကြောင့်ပဲ သေရမတဲ့။ မသေရင်တောင် သူ့ကြောင့် အရှက်သိက္ခာမဲ့တဲ့ဘဝ ဖြစ်ရမတဲ့။

ဘာဆိုင်လို့လဲ။

ထိုသို့ ပြန်မမေးချင်တော့ပါ။

တလွဲတချော်ဖြစ်နေတဲ့ သူတို့မိသားစုဖြစ်စဉ်ကို အသေးစုပ်ကိုင်ပြီး မေက သူ့ကြောင့် ထိုသို့ဖြစ်စေမယ်လို့ တစ်ထစ်ချပြောနေသလို မေ့ကို မေ့မာမီရဲ့အရိပ်တွေ ရှိနေတဲ့ ဒီစံအိမ်မှာ ပျော်ရွှင်ချမ်းမြေ့စွာ



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်ဖို့ သူတို့မိသားစုမရှိမရှိမှ ဖြစ်မယ်တဲ့။

ဆိုလိုတာက မေနဲ့ တစ်သက်လုံး မတွေ့စေနဲ့ အမိန့်ပေးနေတဲ့ ကိုကြီးရဲ့အတွက်။

လောလောဆယ်မှာ မေက အန်တီ့လို နှလုံးအားနည်းရောဂါ ရနေတာတဲ့။ ထိုရောဂါကြောင့် မေ တစ်ခုခုဖြစ်သွားရင်။

ဟင့်အင်း။

နေ ခေါင်းရမ်းလိုက်ပြီး –

"ကောင်းပြီလေ၊ ကိုကြီးက ကျွန်တော့်အပေါ် အဲလောက်ထိ ဖွဲချက်တွေ တင်နေမှတော့ ကျွန်တော် စောဒကမတက်ပါဘူး။ ဒါပေမဲ့ ကိုကြီး ကတိတစ်ခုတော့ ပေးပါ။ မေ့ဆန္ဒမပါဘဲ ဘာမှ မစီစဉ်ပါဘူးလို့"

"ဒီမှာနေရဲရင့်၊ မင်းလိုကောင်ကို ငါက ဘာကတိမှပေးဖို့ မရှိဘူး။ မင်းသိထားဖို့က ငါ့ညီမကို ငါတို့ စိတ်ကြိုက်စီစဉ်ခွင့် ရှိတယ်။ ငါတို့ စိတ်ကြိုက်စီစဉ်မယ်။ မင်းဘာမှ ဝင်ပါခွင့်မရှိဘူး။ မင်းသိရမှာက မင်းကို ရှေ့ဆက်မမြင်ချင်ဘူး။ ငါ့ညီမအတွက် မင်းကို ငါ ဘယ်တော့မှ မမြင်တဲ့နေရာကို ထွက်သွားကြပါ။ မင်းတို့ထွက်မသွားရင် ငါ့ညီမကို ငါ ဒီစံအိမ်မှာ နေခွင့်မပေးနိုင်ဘူး။ ညီမလေးမပျော်ရွှင်တဲ့ အန်တီကြီးတို့နားမှာနေရရင် ရောဂါရှိနေတဲ့ ညီမလေး အချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်တယ်။ မင်း ငါ့ညီမကို တစ်ခုခုဖြစ်စေချင်တယ်ဆိုရင်"





"တော်ပါတော့ ကိုကြီး။ ကိုကြီးဖြစ်စေချင်တာ ဖြစ်ရစေ့မယ်။ စိတ်ချပါ၊ ကျွန်တော်တို့မိသားစုရဲ့ ဂုဏ်သိက္ခာအစွန်းအထင်းတွေ မေ့ဆီ ကူးစေရပါဘူး။ ကျွန်တော် ကတိပေးတယ်။ ကိုကြီးကို နောက်ဆုံးတစ်ခု ပြောပါရစေ၊ မေ့ကို မေ့သူငယ်ချင်းတွေနဲ့ ပြန်ဆက်သွယ်ခွင့်ပေးရင် ကိုကြီးကိုပေးခဲ့တဲ့ ကျွန်တော့်ကတိကို ကျွန်တော် ဘယ်တော့မှ မဖောက်ဖျက်ဘူး"

"သွား"

မာမီနဲ့အန်ကယ်က လက်မခံနိုင်စွာ ဝင်ပြောဖို့ ကြိုးစား၏။ နေ လက်ကာတားလို ခေါင်းလည်းရမ်းလိုက်၏။

ကိုကြီးကိုလည်း ပြန်တော့လို့ လက်ဟန်နှင့်လုပ်ပြလိုက်သည်။

ခုချိန်မှာ ပြန်ပြောဖို့ သူ့ရင်ထဲမှာ စကားလုံး ခမ်းခြောက်နေပါပြီ။

တိမ်ညိုတွေမှိုင်းသော ထိုညက တကယ် အကျည်းတန်လှ၏။ ပြီးခဲ့ ထိုအကျည်းတန်ညဟာ သူ့ဘဝနဲ့ နှလုံးသားအတွက် စီရင်ချက်ချခြင်း ခံရတဲ့ည။

စိတ်ချပါ ကိုကြီး။

ကျွန်တော်တို့မိသားစုမျက်နှာကို ဘယ်တော့မှ မမြင်စေရပါဘူး။ ကျွန်တော် အသက်နဲ့ထပ်တူ ကတိပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေ။

မေ ချမ်းမြေ့ပါစေ။

မေ ကျန်းမာပါစေ။

ငါတို့။

✿ ✿ ✿



## အခန်း (၄၂)

"ညီမလေး"

ကိုကြီး ပျာပျာသလဲနဲ့ ရှင်းပြဖို့ ရှေ့တိုးလာသည်။ မေက ခေါင်းလေးအသာရမ်းကာ –

"ကိုကြီးကို မေ နားလည်ပါတယ်။ အဲဒီအတွက်လည်း ဘာမှ မပြောလိုပါဘူး။ မာမီကြီးကတစ်ဆင့် အဲဒီအကြောင်းသိရပေမယ့် မေ မသိချင်ဟန်ဆောင်ခဲ့ပါတယ်။ မေ့သူငယ်ချင်းတွေနဲ့ မေ့ကို ဆက်သွယ်ခွင့် ပေးတဲ့အတွက် ကိုကြီးကို မေ ကျေးဇူးတင်ပါတယ်။ နေက ကတိပေးသွားတဲ့ အတိုင်း ဘယ်သူငယ်ချင်းနဲ့မှ မဆက်သွယ်ကြပါဘူး။ အဲဒီအတွက် ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပါ"

"မေ ညီမလေး"

ကိုလေးက ဝမ်းနည်းတကြီး မေ့အနား ပြေးလာသည်။

"ရပါတယ် ကိုလေး။ မေ လွတ်လွတ်လပ်လပ် ကျောင်း... ပါရစေ။ မေ ပညာသင်မယ်။ မေ့စိတ်ကူးနဲ့ မေ့ရဲ့ ဆယ်ကျော်သက်တ... ဖြတ်သန်းမယ်။ မေ့ကိုယ်ပိုင်အရည်အချင်းနဲ့ မေ့ဘဝကို မေ ထိန်းကျော... သွားမှာပါ။ မေ့ကို ကိုလေးတို့ လမ်းကြောင်းပေးလို့ရပါတယ်။ ဒါပေ... မေ့ရဲ့ ဆယ်ကျော်သက်အပျိုစင်ဘဝလေး ကျဉ်းမြောင်းတဲ့နံရံတစ်ခုထဲ... နစ်ပြီး ကိုယ်ရည်ကိုယ်သွေးမဲ့ကျသွားစေမယ့် မိန်းကလေးစာရင်း... အောင် မထိန်းချုပ်ပါနဲ့။ ကိုဝေရတ် မေ့ဘဝကို နားလည်ပေးပါ။ မေ... ဒါပဲပြောပါရစေတော့၊ ဟင့် ဟင့် ဟင့်"

ပြောဆိုရင်း မျက်ရည်လေးတလိမ့်လိမ့်ကျ၏။

"မေရယ်"

သူငယ်ချင်းတွေ ထိထိရှရှ ရှေ့ရှုတ်မိလေသည်။

ထို့နောက်မှာ မေက ချိုင်းထောက်လေးကို အားပြုပြီး တစ်လှ... ချင်း လှမ်းသွားလေသည်။ မည်သူကမှ မေ့ခြေလှမ်းတွေကို တားဆီး... ခွန်အားမရှိတော့ ဖြစ်လေသည်။

ထိုအခါ ကိုကြီးရဲ့မျက်ရည် ဝေကျ၏။





ဝေရတ်က အရှက်သည်းစွာ ဆန့်ကျင်ဘက်ဆီသို့ ဦးတည်သွားသလို ကိုလေးက ယူကြုံးမရစိတ်နှင့် ဗျာများသလို ဖြစ်လေသည်။

အန်တီကြီးနဲ့ အန်တီလေးက သူမတို့ရဲ့ဖိအားပေးမှုတွေအတွက် နောင်တရချင်ချင် ဖြစ်၏။

မေ့သူငယ်ချင်းတွေက အံ့သြလွန်းကာ မျက်လုံးလေးများ အဝိုင်းသားနှင့် မေ့နောက် အပြေးကလေးလိုက်လာကြသည်။

အဖြစ်အပျက်က ဒီလိုတွေလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၃)

တစ်လှမ်း

နှစ်လှမ်း

သုံးလှမ်း

မေ့ခြေလှမ်းတိုင်းက ခွန်အားအပြည့်နဲ့ လှမ်းမြဲ လှမ်းနေပါ
သည်။

ထိုခြေလှမ်းတိုင်းက နုသစ်သော ဆယ်ကျော်သက်တို့၏သဘော
အတိုင်း စူးစမ်းခြင်း၊ လေ့လာခြင်းများဖြင့် ကိုယ်ရည်ကိုယ်သွေး ထော
မြှက်မည့် လမ်းကြောင်းဆီ ဦးတည်နေကာ။

မေ့ရဲ့ခြေလှမ်းတွေနှင့်အတူ မေ့မြင်လွှာမှာ မြင်ယောင်
သည်က မေ့ချစ်သူ။

မေ့နှလုံးသားမှာ ကြားယောင်နေသည်က။

✿ ✿ ✿



## အခန်း (၅၄)

မေ

နတ်သမီးလေးလို xxx လှတဲ့ xxx မေ xxx

ငွေကြယ်စင်လို xxx လင်းတဲ့ xxx မေ xxx

ရွှေဘုံစံ xxx မေ xxx မေ xxx မေ xxx

အစောင့်အကြပ်တွေ xxx ဘီလူးတွေ xxx ကျွန်တွေ
xxx တားလို့နေ xxx

ရွှေခန်းဆောင်ထဲမှာ xxx မြန်းရတဲ့ xxx မေ xxx

လောင်းရိပ်မိပန်းလေးနှယ် မေ အချစ်စိတ်တွေ xxx
ဈွမ်းနိုင်တယ် xxx



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘဝ ဝဋ်ကြွေးနဲ့ xxx လှောင်အိမ်ထဲစံနေရလဲ xxx ပြောပါ မေ။

ကျွန်တစ်ထောင်တားလဲ xxx မောင်မမှုချင်တယ် xxx လာ လာ မေ xxx

ငှက်တွေလို ပျံကြမယ် xxx ချစ်ဝေဟင်ထဲ xxx နှစ်ပါးယှက်ကာ xxx ကျွန်တံတိုင်းကို xxx အချစ်စစ်နဲ့ xxx ကျော် ကျော်လွှားကြမယ် xxx

မေ xxx

နတ်သမီးလေးလို xxx လှတဲ့ xxx မေ။

အချစ်စစ်နဲ့ xxx ကျော်ကာ xxx လွှားစို့လော။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး
အမှတ် ၄၅ (B)၊ ၆-လွှာ၊ ဦးလွန်းလမ်း
အရှိကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၀၀၃၂၅၄
mainkalaymlm@gmail.com

ရွှေမြည်သိမ်းစာပေ

www.burmeseclassic.com